မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၆၂)

Established in 1914

Myanma Alinn Daily

၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

၂၀၁၆ ခုနှစ်၊ မတ် ၁၁ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လစ်သူယေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၆ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စ ဒါလီယာ ဂရီဗိုစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

စာမျက်နှာ ၅ ကော်လံ ၁

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကော့သောင်းမြို့ပတ်ဝန်းကျင်ရှုခင်း ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ ဘုရင့်နောင်တောင်ကုန်းရှုရပ်မှနေ၍ ကော့သောင်းမြို့ပတ်ဝန်းကျင်ရှုခင်းများကို လေ့လာကြည့်ရှုစဉ်။ (သတင်းစဉ်)

ကော့သောင်း မတ် ၁၀

ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေးရန် မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး ဆုတောင်းပြည့်ဝိဇ္ဇာညီနောင်ဘုရားနှင့် ကျိုက်သလ္လံ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် စေတီတော်အရှေ့မုခ်ဓာတ်လှေကားနှင့် ရှုမျှော်စင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တပ်မတော်အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ထားဝယ်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ ရောက်ရှိပြီး ခုတင် ၁၀၀ ဆံ့ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် တွေ့ဆုံပွဲကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအား ဂုဏ်ယူပါကြောင်း၊ ဆေးရုံ၏လိုအပ်ချက်များနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများသည်

စာမျက်နှာ ၈ ကော်လံ ၁

ယမန်နှစ် ရန်ကုန်အတာသင်္ကြန်ပုံရိပ်များကို တွေ့ရစဉ်။

ယခုနှစ် ရန်ကုန်သင်္ကြန်မဏ္ဍပ်များ ပိုမိုခွင့်ပြုမည်

ရန်ကုန် မတ် ၁၀

နှစ်သစ်ကူး သင်္ကြန်ပွဲတော်ရက် တဖြည်းဖြည်းနီးလာပြီ။ သင်္ကြန်ကြို သီချင်းသံများ သဲ့သဲ့ကြားနေရပြီ။ ပြည်သူတွေ မျှော်လင့်နေသည့် သင်္ကြန်၊ လူငယ်တွေစောင့်မျှော်နေသည့် သင်္ကြန်၊ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် သင်္ကြန်အတွက် စတင်ရင်ခုန်ရတော့မည်။ ရန်ကုန်မြို့တွင် လာမည့် သင်္ကြန်ကာလအတွက် သင်္ကြန်မဏ္ဍပ်များ ယခင်ကထက် ပိုမို တည်ဆောက်ခွင့်ပြုထားပြီ ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သင်္ကြန်မဏ္ဍပ်များ နေရာချထားရေး ဆပ်ကော်မတီက ယခင်နှစ်သင်္ကြန်မဏ္ဍပ် အရေအတွက်ထက် ယခုနှစ်သင်္ကြန်တွင် အကြီးစား မဏ္ဍပ်နှင့် အလတ်စားများကို အရေအတွက် ပိုမိုတည်ဆောက်ဆင်နွှဲခွင့်ပြုရန် စီစဉ်ထားသည်။

ယခုနှစ်သင်္ကြန်အတွက် ရန်ကုန်မြို့တော်တွင် အကြီးစားသင်္ကြန်မဏ္ဍပ်အရေအတွက် ၅၇ ခု တည်ဆောက်ခွင့်ပြုမည်ဖြစ်ပြီး အလတ်စား သင်္ကြန်မဏ္ဍပ် ၃၆ ခုအထိ တည်ဆောက်ခွင့်ပြုသွားမည်ဖြစ်သည်။ ပေ ၁၀၀ ကျော်ရှိသည့် အကြီးစားသင်္ကြန်မဏ္ဍပ်များ တည်ဆောက်ခွင့်ပြုရန် အဆိုပြုလျှောက်လွှာတင်ပြထားသည့် မဏ္ဍပ်အရေအတွက်မှာ စုစုပေါင်း ၈၀ ခန့် ရှိနေသည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အဆိုပါ အကြီးစားမဏ္ဍပ်များမှ ၅၇ခုကိုစိစစ်ခွင့်ပြုမည်ဖြစ်ပြီး အလတ်စားသင်္ကြန်မဏ္ဍပ် တည်ဆောက်ရန် မဏ္ဍပ်

စာမျက်နှာ ၁၃ ကော်လံ ၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လုပ်ကိုင်နိုင်စွမ်း

လူတို့အနေဖြင့် အလုပ်တစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ အောင်မြင်ခြင်းနှင့် မအောင်မြင်ခြင်းမှာ ကွာခြားသွားတတ်၏။ လုပ်ကိုင်နိုင်စွမ်းအားထုတ်မှုကောင်းလျှင် ကောင်းသလို အောင်မြင်မှုရလဒ်ကောင်းများလည်း ကောင်းနိုင်ပေ၏။ လုပ်ကိုင်နိုင်စွမ်း အားထုတ်မှုနည်းလျှင်လည်း အောင်မြင်မှုရလဒ်သည်လည်း မကောင်းနိုင်ပါ။ မည်သည့်အရာကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ အားထုတ်မှုကောင်းလျှင် တိုးတက်မှုလည်း ကောင်းမည်ဖြစ်ပါသည်။ လုပ်ကိုင်နိုင်စွမ်းနှင့် အောင်မြင်တိုးတက်မှုသည် တိုက်ရိုက်အချိုးပင်ဖြစ်သည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် လုပ်ကိုင်နိုင်သောစွမ်းရည် (Capacity)ကို မြှင့်တင်သွားဖို့လိုပါသည်။ ကိုယ်စွမ်းရောဉာဏ်စွမ်းပါ မြှင့်တင်အားထုတ်ဖို့လိုပါသည်။ ဤစွမ်းအင်နှစ်မျိုးစလုံးကို မြှင့်တင်သွားနိုင်ပါမှ အောင်မြင်မှုလည်း ရနိုင်မည်ဖြစ်ပါသည်။

ယနေ့လူတို့အနေဖြင့် အလုပ်တစ်ခုကိုလုပ်ကိုင်ရာတွင် ခံယူချက်နှစ်မျိုးရှိပါသည်။ တချို့က သာမန်လုပ်သည်။ တချို့ကျတော့ မဖြစ်မနေလုပ်သည်။ ထိုနှစ်ခု ရပ်တည်ခံယူချက်ချင်း မတူပါ။ ခံယူချက်ချင်းမတူနိုင်သလို တိုးတက်မှုမှာလည်း ကွာခြားပါသည်။ သာမန်လုပ်ခြင်းသည် လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်လုပ်ကိုင်ခြင်း မဟုတ်ပါ။ သာမန်လုပ်ခြင်းသည် စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တာဝန်နှင့်ဝတ္တရားအရသာ လုပ်ခြင်းဖြစ်သည်။ အောင်မြင်သည်၊ မအောင်မြင်သည်အကြောင်းမဟုတ်။ တိုးတက်ခြင်း မတိုးတက်ခြင်းမှာလည်း အဓိကမဟုတ်ပေ။ သာမန်မျှသာ လုပ်နေခြင်းဖြစ်သည်။ မလုပ်၊ မရှုပ်၊ မပြုတ်ဟူသော စကားအတိုင်း သာမန်မျှသာ လုပ်ခြင်းဖြစ်သည်။

မဖြစ်မနေလုပ်ကိုင်သူမှာ ထိုသို့မဟုတ်ပေ။ အလုပ်တစ်ခုအပေါ်တိုးတက်ရမည်၊ အောင်မြင်ရမည်၊ ဖြစ်ကိုဖြစ်ရမည်ဟူသော စိတ်ဖြင့် လုပ်ခြင်းဖြစ်သည်။ ဤသို့အားထုတ်လုပ်ကိုင်သူကား ရှား၏။ သာမန် လုပ်သူများသာများ၏။ ဤအတိုင်းသာဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် အောင်မြင်တိုးတက်ကြီးပွားရန်လည်း အကြောင်းရှိနိုင်မည်မဟုတ်ပေ။ မည်သူမဆို ကြိုးစားမှသာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

မိမိ၏ လုပ်ကိုင်နိုင်စွမ်းရည်ကို မြှင့်တင်လုပ်ကိုင်သွားပါမှ အောင်မြင်တိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ ကာယစွမ်းအား၊ ဉာဏစွမ်းအားနှစ်ရပ်စလုံး မြှင့်တင်သွားရမည် ဖြစ်ပါသည်။ Capacity အားကောင်းကောင်းဖြင့် လုပ်ကိုင်ဖို့လိုပါသည်။ သို့မှသာ မိမိလုပ်ကိုင်သောလုပ်ငန်းများ မုချအောင်မြင် တိုးတက်မှုကို ရရှိနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ လူတိုင်းလူတိုင်း မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်သည်ဖြစ်စေ သာမန်ဝတ္တရားအရ လုပ်ကိုင်ခြင်းထက် မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်း၊ လုပ်ကိုင်နိုင်သောစွမ်းရည်ကို အစဉ်မြှင့်တင် အားထုတ်ကြိုးပမ်းခြင်းဖြင့် လုပ်ငန်းအခက်အခဲ အကျပ်အတည်းများကို ကျော်လွှားနိုင်ပြီး တိုးတက်အောင်မြင်မှုများလည်း ရရှိလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် မတ် ၁၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မတ် ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် တက်ဆိပ်ကျေးရွာ၌ ကျေးရွာအုပ်စုများအတွင်းမှ ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့ကျေးရွာအုပ်စုများသည် မိုးရာသီနှစ်စဉ်ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါကြောင်း၊ ချောင်းမြောင်းများ တိမ်ကောလာပြီး ရေကျော်ရေလျှံမှုများ ဖြစ်ပေါ်လာကာ လယ်ကွင်းများ ပျက်စီးဆုံးရှုံးစေသည့်အတွက် ချောင်းမြောင်းများ ပြန်လည်တူးဖော်ဆယ်ဖို့ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ရုံမျှသာမက မိသားစုအပိုဝင်ငွေရရှိစေရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိလာစေရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် မိသားစုအပိုဝင်ငွေရရှိရေးလုပ်ငန်းစဉ်များတွင် ရပ်ရွာမှ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ဒေသခံလူငယ်များနှင့် ကျေးလက်လူငယ်များဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ရပ်ရွာဖွံ့ဖြိုးရေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားခြင်းဖြင့် ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သရက်ချောင်အုပ်စုအတွင်းရှိ သရက်ချောင်အလယ်စု၊ သရက်ချောင်အောက်စု၊ တောင်မွေးဒေါင်နှင့် တောင်ကြီးကျေးရွာများ၊ တောင်ကြီးကျေးရွာအုပ်စုအတွင်းရှိ တက်ဆိပ်၊ တင်အိုးပင်၊ ချောင်းဝ၊ ယင်လဲ၊ ဝါးတလားကျေးရွာများ၊ ဖန်ခါးပင်ကျေးရွာအုပ်စုအတွင်းရှိ ဂယက်၊ အုန်းတောစု၊ ဖန်ခါးကွင်းကျေးရွာများ၊ ရေနံ့သာကျေးရွာ အုပ်စုအတွင်းရှိ ရေနံ့သာ၊ စပျစ်ငယ်၊ ဝဲကြီးတောင်၊ ခုနစ်အိမ်တန်း၊ နို့စာရင်းစု၊ ဘုရားကြီးကုန်း၊ တောင်ရွာ၊ ကွင်းကြီး၊ ကျွဲလမ်း၊ စပါးရိုးကြီးကျေးရွာများ၊ ဒေါင့်ကြီးပက်ကျေးရွာအုပ်စုအတွင်းရှိ သရက်ချောင်းအထက်စု၊ ရွှေချောင်းပိုင်၊ တာလေးရွာပိုင်ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ချောင်းကူးမြောင်းကူးတံတားများ၊ တာရိုးလမ်းကူးတံတားများ တည်ဆောက်ပြုပြင်ရေး၊ ရေနံ့သာကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ရေး၊ ငါးသိုင်းချောင်းမြို့နယ် မြစ်တိုကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖောက်လုပ်ပေးရေး၊ ဝဝန်ကျေးရွာ မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် မြှင့်တင်တည်ဆောက်ပေးနိုင်ရေးအတွက် ဘိလပ်မြေအိတ်များ၊ အခြေခံပညာကျောင်းများ ပြုပြင်နိုင်ရေးအတွက်လိုအပ်သည့် စာသင်ခုံများ၊ ကျောက်သင်ပုန်းများ၊ ဆရာဆရာမထိုင်ခုံ၊ စားပွဲခုံများ၊ ကျေးရွာသောက်သုံးရေရရှိရေးအတွက် အဝီစိတွင်းများ၊ ကျေးလက်ရေရရှိရေး လုပ်ငန်းစဉ်များ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ လိုအပ်ချက်များ၊ ကျေးလက်လျှပ်စစ်မီး လိုအပ်ချက်ဖြစ်သည့် ဆိုလာစနစ် လျှပ်စစ်မီးရရှိရေးတို့အတွက် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးမှ ဆက်လက်ထွက်ခွာလာရာ ရခိုင်ပြည်နယ် ဂွမြို့နယ် ဗေဒါကျေးရွာသို့ရောက်ရှိပြီး ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှဟန်နှင့်အတူ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်သည်။

ထိုမှတစ်ဆင့် ညနေပိုင်းတွင် ငါးသိုင်းချောင်း-ဝေါမြို့နယ်တစ်လျှောက် ဒေါင်းချောင်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းကြီးကမ်းနား၊ ချင်းတွင်း၊ ကိုင်းနား၊ ပတဲကောလေး၊ ကွင်းကြီးတောင်နား၊ ဆားချက်ကွင်း၊ ဝတင့်ကျေးရွာများသို့ရောက်ရှိပြီး ကျေးရွာလိုအပ်ချက်များဖြစ်သည့် အခြေခံပညာကျောင်းများအတွက် လိုအပ်သည့်စာသင်ခုံများ၊ ကျောက်သင်ပုန်းများ၊ ဆရာ ဆရာမ ထိုင်ခုံ၊ စားပွဲခုံများ၊ ရေလောင်းအိမ်သာများ၊ ဆိုလာမီးတပ်ဆင်ပေးရေး၊ ကျေးရွာသောက်သုံးရေရရှိရေး၊ အဝီစိတွင်း တူးဖော်ပေးရေးလုပ်ငန်းများ ကွင်းကြီးကမ်းနား-ချင်းတွင်း-ကိုင်းနား-ပတဲကောလေး- ပတဲကောကြီး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရေး လုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားမာန်သစ် စာဖတ်ခန်းဖွင့်လှစ်

ရန်ကုန် မတ် ၁၀

နိုင်ငံသားအားလုံး လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာ ဗဟုသုတ တိုးတက်မြင့်မားရေးအတွက် အနယ်နယ်အရပ်ရပ်တွင် ပြည်သူ့စာကြည့်တိုက်များ၊ စာဖတ်ခန်းများ တိုးပွားဖွင့်လှစ်လျက်ရှိကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက်တွင်လည်း အားမာန်သစ် စာဖတ်ခန်းဖွင့်ပွဲကို မတ် ၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။ **(အပေါ်ပုံ)**

အားမာန်သစ် စာဖတ်ခန်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ အဆောက်အအုံနှင့်စာအုပ်စာပေ၊ အလှူရှင် ဦးဖြိုးထိုက်နှင့်ဇနီး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အားမာန်သစ် စာဖတ်ခန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဖွံ့ဖြိုးရေးဆောင်ရွက်မှု နံရံကပ်စာစောင်နှင့် စာအုပ်မိတ်ဆက်ခြင်းတို့ပါ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

သန်းခေါင်စာရင်းကွပ်ကဲရေးရုံးများ ဖွင့်လှစ်

ရန်ကုန် မတ် ၁၀

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် လုပ်ငန်းများအစဉ်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် သန်းခေါင်စာရင်း ကွပ်ကဲရေးရုံးဆိုင်းဘုတ်တင် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် မတ် ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်(၁၀) ရပ်ကွက်တို့တွင်လည်း ရပ်ကွက်သန်းခေါင်စာရင်း ကွပ်ကဲရေးရုံးများကို ယနေ့တွင် ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။

ရွှေတိုင်လွင်

UNIQUE STAR TRAVELS & TOURS
ဥရောပ (9) နိုင်ငံ + အင်္ဂလန် (TG) (16) Days Apr. 8, 12 (5,000,000)
အမေရိကား [S.F, L.V, Honolulu, L.A, N.Y, W.D.C, Niagara Fall] (KE) (20)D Apr. 6 (8,000,000)
ဩစတြေးလျ (Sydney, Melbourne, Brisbane, Gold Coast, Blue Mountain) (TG) (10)D Apr. 9,11 (4,200,000)
တောင်အာဖရိက [Johannesburg, Sun City, Pretoria, Cape Town] (TG) (10)D Apr. 11 (4,000,000)
ဂျပန် + ကိုရီးယား (10)D Apr. 12,13 (3,500,000) ဂျပန် (ANA) (9)D Apr. 11,13 (3,100,000)
ကိုရီးယား (KE) (9)D Apr. 12 (2,200,000) ဒုဘိုင်း (TG) (6)D Apr. 12 (2,500,000)
ဟောင်ကောင် (8)D Apr. 12 (1,600,000) (9)D Apr. 12 (1,700,000)
(9)D Apr. 13 (1,800,000) (9)D Apr. 12 (1,650,000)
(6)D (250,000), (4)D (250,000), (6)D (350,000)
(5), Asia Plaza. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
(70/A), Kabaaye Pagoda Rd. Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

Travels & Tours
No.67, Baho Rd, Sanchaung, Ph: 01-500191, 519292, 510218, 510491, 519360
E/1, 35 Rd, Bet 72 x 73 Street, Mandalay
Ph: 07-73013856, 09-31693339
Hot Line: 09-73003772

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်ပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ဆိတ်ဖူးတောင်၊ ဘို့မအထက်၊ တောင်မြင့်ရွာမ၊ ကိုးတစ်ဖုန်းဆိုး၊ အောင်နန်းချို ကျေးရွာချင်းဆက်လမ်းနှင့် ဘို့မအထက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းဖွင့်ပွဲတို့ကို ယနေ့နံနက်ပိုင်းက အဆိုပါဒေသ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ကျေးရွာချင်းဆက်လမ်း စတင်သည့် ဆိတ်ဖူးတောင်ကျေးရွာရှိ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

ထို့နောက် ဆိတ်ဖူးတောင်၊ ဘို့မအထက်၊ တောင်မြင့်ရွာမ၊ ကိုးတစ်ဖုန်းဆိုး၊ အောင်နန်းချို ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ အခမ်းအနားကို ဘို့မအထက်ကျေးရွာ၌ ကျင်းပရာ လမ်းဖွင့်ပွဲမှခ်ဦးကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ကျေးရွာချင်းဆက်မြေသားလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားသို့ တက်ရောက်လာသည့် တောင်ပေါ်ဒေသကျေးရွာအုပ်စုများမှ ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယနေ့ကျင်းပသည့် ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ဆိတ်ဖူးတောင်၊ ဘို့မအထက်၊ တောင်မြင့်ရွာမ၊ ကိုးတစ်ဖုန်းဆိုး၊ အောင်နန်းချို ကျေးရွာချင်းဆက်လမ်းသည် ယခင်က ဆိုင်ကယ်လမ်းသာရှိပြီး သွားလာရန်ခက်ခဲသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က အရှည် ၄၂ မိုင်ရှိ မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း အောင်နန်းချို၊ အောင်ခေါင်၊ ကိုးတစ်ဖုန်းဆိုး၊ ကိုးတစ်ရွာမ၊ ခြောက်အိမ်စု၊ တောင်မြင့်ရွာမ၊ တောင်မြင့်ရေပူ၊ ကိုးတစ်ရေပူလေး၊ ကိုးတစ်ရွာမ၊ ကိုတစ်တဲစု၊ ဘို့မအထက်၊ သုံးခွတော၊ ဆိတ်ဖူးတောင် ကျေးရွာချင်းဆက်လမ်းနှင့် ပဲလောင်းရွာ၊ ရစ်ပြုပ်၊ စလူ၊ ထိန်ပြောင်၊ လေးအိမ်ရွာ၊ ဇီးရိုင်း၊ မရမ်းတောင်အောက်၊ မရမ်းတောင်အထက်၊ မြလင်း၊ မြသာ၊ လက်ဖက်တောင် ကျေးရွာချင်းဆက်လမ်းကို အမာခံမြေသားလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် တာဝန်ရှိသူများနှင့်အတူ ဘို့မအထက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကျေးလက် ကျန်းမာရေးဌာန ဆေးပေးခန်းကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်နှင့် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဘို့မအထက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းသည် အလျား ပေ ၆၀၊ အနံပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာ နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ပေးနေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ပျဉ်းမနားမြို့နယ်အရှေ့ခြမ်းတောင်ပေါ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ပေးမှုများ၊ စာသင်ကျောင်းများ အသစ်ဆောက်လုပ်ပေးမှုနှင့် အဆင့်မြှင့်တင်ပေးမှုများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲဖွင့်လှစ်ပေးမှုများ၊ သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးမှုများ စသည့် တောင်ပေါ်ဒေသ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်တို့က ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆိတ်ဖူးတောင်၊ သုံးခွတော၊ ဘို့မအထက်၊ တောင်မြင့်ရွာမနှင့် ကိုးတစ်ဖုန်းဆိုး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျေးရွာများသို့ ဆိုလာမီးအိမ်များကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ကြသည်။

ယင်းနောက် ဘို့မကျေးရွာအုပ်စု ကျေးလက် ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ဆေးပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသန်းညွန့်က ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်ပေါ်ဒေသကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများက မိမိတို့ကျေးရွာအလိုက် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် လစ်သူယေးနီးယားနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၄ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလင်နာ့စ် လင့်ခ်ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တိုးမြှင့်ပင်စင်လစာများ ဆောလျင်စွာလာရောက်ထုတ်ယူကြရန် မြန်မာ့စီးပွားရေးဘဏ်က နှိုးဆော်

နေပြည်တော် မတ် ၁၀

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်က တိုးမြှင့်ပေးခဲ့သော တိုးမြှင့်ပင်စင်လစာများ လာရောက်ထုတ်ယူခြင်းမရှိသေးသော ပင်စင်စားများ၏စာရင်းကို မြန်မာ့စီးပွားရေးဘဏ်ခွဲ အသီးသီးတွင် ကြေညာပေးထားရာ ပင်စင်စားအများစုမှာ လာရောက်ဆက်သွယ်ထုတ်ယူကြပြီးဖြစ်သည်။ အကြောင်းကြောင်းကြောင့် ဘဏ်သို့ လာရောက်ဆက်သွယ်ခြင်းမပြုသေးသော ပင်စင်စားများအားလည်း မြန်မာ့စီးပွားရေးဘဏ်က နည်းလမ်းမျိုးစုံဖြင့် အိမ်တိုင်ရာရောက် ဆက်သွယ်၍ တိုးမြှင့်ပင်စင်လစာများ ထုတ်ပေးလျက်ရှိသည်။

မြန်မာ့စီးပွားရေးဘဏ်က တိုးမြှင့်ပင်စင်လစာများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ထုတ်ပေးလျက်ရှိသဖြင့် တိုးမြှင့်ပင်စင်လစာများ ထုတ်ယူခြင်းမပြုရသေးသူ ပင်စင်စားများအနေဖြင့် သက်ဆိုင်ရာဘဏ်ခွဲနှင့် ဆောလျင်စွာ ဆက်သွယ်၍ ထုတ်ယူကြပါရန် မြန်မာ့စီးပွားရေးဘဏ်က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုးလ်ကုန်စည်ပြပွဲ မြန်မာကုမ္ပဏီနှစ်ခု ပါဝင်ပြသမည်

နေပြည်တော် မတ် ၁၀

အာဆီယံ-ကိုရီးယားစင်တာက ကြီးမှူး၍ ကိုရီးယားနိုင်ငံ Gyeonggi - do မြို့ KINTEX အဆောက်အအုံတွင် ၂၀၁၄ ခုနှစ် ဧပြီလ ၂၄ ရက်မှ ၂၇ ရက်အထိ Seoul Furniture & Home Living Fair 2014 ကုန်စည်ပြပွဲ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တစ်နိုင်ငံလျှင် ကုမ္ပဏီနှစ်ခုစီ စုစုပေါင်းကုမ္ပဏီ ၂၀ ပါဝင်ပြသကြမည်ဖြစ်ပြီး မြန်မာနိုင်ငံကလည်း အဆိုပါကုန်စည်ပြပွဲအတွက် ကုမ္ပဏီနှစ်ခု ပါဝင်ပြသခွင့်ရမည်ဖြစ်သည်။ ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံအတွင်းမှ ထုတ်လုပ်သည့် ပရိဘောဂနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို ကိုရီးယားဈေးကွက်သို့ ပိုမိုတင်ပို့နိုင်စေရန်နှင့် အာဆီယံလုပ်ငန်းရှင်များနှင့် ကိုရီးယားဝယ်သူများအကြား အဆက်အသွယ် အခွင့်အလမ်းကောင်းများရရှိ၍ ကုန်သွယ်မှုများ ပိုမိုတိုးတက်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

ကုန်စည်ပြပွဲသို့ သွားရောက်ပြသရန် စိတ်ပါဝင်စားပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ဖုန်း-၂၅၀၄၃၂၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဖုန်း-၂၁၄၈၃၈နှင့် ၂၁၄၈၄၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

နိုင်ငံတကာသတင်း

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းမြို့တစ်မြို့၌ တိုက်ခိုက်မှုတစ်ခုဖြစ်ပွား ၁၁ ဦး သေဆုံး

မနီလာ မတ် ၁၀

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းမြို့တစ်မြို့၌ ယနေ့နံနက်ပိုင်းက လက်ဝဲဝါဒီသောင်းကျန်းသူအုပ်စု ပြည်သူ့တပ်မတော်သစ် (NPA)အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ၁၁ ဦး သေဆုံးခဲ့ရကြောင်း တပ်မတော်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မာတာနာအိုမြို့ ရဲစခန်းဌာနကို အဆိုပါ လက်ဝဲဝါဒီအုပ်စု တိုက်ခိုက်မှုကြောင့် အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင် အများစုပါသော လူပေါင်း ဒါဇင်ကျော်တို့သည်လည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုသည် ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲဝန်းကျင်၌ ယာဉ်သုံးစီးဖြင့် စစ်သားများ ပိုဘလဲရီယွန်ကျေးရွာသို့ ရောက်ရှိစဉ် ရုပ်ဖျက်ထားသော NPA ၅၀ တို့က တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးဂိုဏ်းတစ်ခုဖြစ်သော NPA သည် အင်အား ၄၀၀၀ ရှိပြီး ၁၉၆၉ ခုနှစ်ကတည်းကပင် ဖိလစ်ပိုင်နိုင်ငံရှိ ပြည်နယ် ၆၀ တို့တွင် လက်ဝဲဝါဒီသောင်းကျန်းမှုအဖြစ် တိုက်ခိုက်လျက်ရှိသည်။ **(ဆင်ဟွာ)**

၂၀၁၃ ခုနှစ်က အိုဘားမားနှင့် ရှီကျင့်ဖျင် နှစ်နိုင်ငံသမ္မတတို့ တွေ့ဆုံစဉ်။

နှစ်နိုင်ငံဆက်ဆံရေးနှင့် ယူကရိန်းနိုင်ငံရေးအခြေအနေအား အိုဘားမားနှင့် ရှီကျင့်ဖျင်တို့ ဖုန်းဖြင့်ဆွေးနွေး

ပေကျင်း မတ် ၁၀

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ယူကရိန်းနိုင်ငံရေးအခြေအနေတို့အား ၎င်းတို့၏ သဘောထားအမြင်များ ဖုန်းဖြင့် ဆက်သွယ်ကာ တနင်္လာနေ့က ပြောဆိုဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

"အမေရိကန်သမ္မတ ဘားရက်အိုဘားမားနဲ့ ပြီးခဲ့တဲ့နှစ်က နှစ်ကြိမ်တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံစဉ် တရုတ်နှင့် အမေရိကန်ကြား ဆက်ဆံရေး ခြေလှမ်းသစ်တစ်ခု တည်ဆောက်ရေး ဆွေးနွေးခဲ့ပါတယ်"ဟု သမ္မတရှီက ဆိုသည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ရေရှည်တည်တံ့အားကောင်းသော နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရေးအတွက် အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံပြောဆိုဆွေးနွေးမှုများ တိုးမြှင့်မှု၊ နှစ်နိုင်ငံအသီးသီးမှ အဓိကကျသော စိုးရိမ်ပူပန်ဖွယ်ရာများ ညှိနှိုင်းပြေလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် မိတ်ဖက်နှစ်နိုင်ငံဆက်ဆံရေးအတွက် ပုံစံသစ်တစ်ခု တည်ဆောက်ရန် အသင့်အနေအထားရှိပါကြောင်း ရှီက ပြောကြားခဲ့သည်။

မဝေးတော့သော အချိန်အတွင်း သမ္မတအိုဘားမားနှင့် နောက်ထပ် တွေ့ဆုံရန် စောင့်မျှော်နေပါကြောင်း သမ္မတကတော် မီရှဲလ်အိုဘားမား တရုတ်နိုင်ငံသို့ လည်ပတ်မည့် ခရီးစဉ်ကိုလည်း ကြိုဆိုပါကြောင်း ရှီက ထပ်လောင်းပြောဆိုခဲ့သည်။ **(ဆင်ဟွာ)**

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းဆောင်းပါးဆုချီးမြှင့်မည်

နိုင်ရိုဘီ မတ် ၁၀

၂၀၁၄ အာဖရိကဒေသ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းတင်ပြမှု (ACCER)ဆုနှင့်ပတ်သက်ပြီး ကိုက်ညီအောင် တင်ပြနိုင်သော အာဖရိကသတင်းထောက်များကို ချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၎င်းဆုကို အာဖရိကန်ရာသီဥတုမဟာမိတ်အဖွဲ့နှင့် အခြားအလှူရှင်များက ထောက်ပံ့ပေးမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲခြင်းဖြင့် အကျိုးသက်ရောက်မှုများကို အာဖရိကပြည်သူများ ပိုမိုစိတ်ဝင်စားမှုရှိစေရန်အတွက် အာဖရိကသတင်းထောက်များက လှုံ့ဆော်ပေးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

အာဖရိကဒေသသည် ရာသီဥတုပြောင်းလဲခြင်းကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် အနာရောဂါများဖြစ်ခြင်း စသည့် ပြင်းထန်သော အကျိုးသက်ရောက်မှုများကို ခံစားနေရသော ဗဟိုချက်နေရာအဖြစ်ရှိနေပြီး ၎င်းရာသီဥတုပြောင်းလဲမှုများတွင် အာဖရိကဒေသရှိ မီဒီယာသမားများ အာရုံစူးစိုက်မှု အပြည့်ရှိရန်လိုအပ်ကြောင်း အာဖရိကန်ရာသီဥတု မဟာမိတ်အဖွဲ့ အထွေထွေအတွင်းရေးမှူး မွန်ဒါက ပြောသည်။

သတင်းဆောင်းပါးများကို သေချာစိစစ်အကဲဖြတ်ရွေးချယ်မည်ဖြစ်ပြီး ဆုရရှိသူများကို ငွေသားဆုများ၊ အထိမ်းအမှတ်ပစ္စည်းများနှင့် အမှတ်တရမှတ်တမ်းလွှာများကို ပေးအပ်မည်ဖြစ်ကြောင်း ၎င်း၏ပြောကြားချက်အရ သိရသည်။

ထို့အပြင် အာဖရိကမီဒီယာသမားများသည် အာဖရိကတိုက်၏ ရာသီဥတုပြောင်းလဲမှုကိစ္စများနှင့် ၎င်းနှင့်ပတ်သက်၍ အစိုးရများ၏ ဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် လုပ်ဆောင်ပေးနိုင်သော အဓိကသော့ချက်ဖြစ်သည်။

မီဒီယာသမားများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးချက်များနှင့် ကျွန်ုပ်တို့၏ နေ့စဉ်လှုပ်ရှားမှုများတွင် ရာသီဥတုပြောင်းလဲခြင်းသည် မည်သို့သက်ရောက်သည်ကို ဖော်ပြသင့်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြိုသတင်းအချက်အလက်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးသင့်ကြောင်း အာဖရိကနည်းပညာမူဝါဒလေ့လာရေး အကြီးတန်းသုတေသနအရာရှိက ပြောသည်။

အာဖရိကမီဒီယာသမားများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းဆောင်းပါးများကို မတ် ၁၀ ရက်မှစတင်၍ တင်ပြရမည်ဖြစ်ပြီး ဆုရရှိသူများကို ဇွန်လတွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

ယီမင်ကမ်းရိုးတန်းအလွန်၌ စက်လှေနစ်မြုပ် အာဖရိကဒုက္ခသည် အလောင်း ၄၂ လောင်းတွေ့ရှိ

ယီမင် မတ် ၁၀

အေဒင်ပင်လယ်ကွေ့၌ စက်လှေမှောက်ကာ ယီမင်ကမ်းရိုးတန်းအလွန်၌ တနင်္ဂနွေနေ့ညနေခင်းက အာဖရိကဒုက္ခသည် ၄၂ ဦး၏ ရုပ်အလောင်းများကိုတွေ့ရှိရပြီး အခြား ၃၀ တို့ကို ကယ်ဆယ်ထားနိုင်ခဲ့ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းဖော်ပြသည်။

အဆိုပါ စက်လှေတိမ်းမှောက်မှုသည် ယီမင်တောင်ပိုင်း ရှာလိုဝါပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယီမင် ကမ်းခြေစောင့်တပ်ဖွဲ့မှ အာဖရိကဒုက္ခသည် ရုပ်အလောင်း ၄၂ လောင်းကို ရှာဖွေတွေ့ရှိထားပြီး အခြား ၃၀ ကို ကယ်ဆယ်ထားရကြောင်း၊ အသက်ရှင်ကျန်ရစ်သူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

ဒုက္ခသည်များမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ဟု ဝန်ကြီးဌာနက ဖော်ပြမထားသော်လည်း ဒေသအာဏာပိုင်များက ၎င်းတို့သည် ဆိုမာလီများနှင့် အီသီယိုးပီးယားလူမျိုးများဖြစ်သည်ဟု ဆိုသည်။

ဒေသခံသတင်းမီဒီယာများ၏ ဖော်ပြချက်အရ နှစ်စဉ်ရာပေါင်းများစွာသော အာဖရိကန်လူမျိုးများသည် ဥရောပနှင့်ပင်လယ်ကွေ့နိုင်ငံများဆီသို့ နိုင်ငံခိုလှုံနိုင်ရေးအတွက် အေဒင်ပင်လယ်ကွေ့နှင့် ပင်လယ်နီတို့ကိုဖြတ်ကာ ယီမင်သို့ရောက်ရှိရန် ကြိုးစားလျက်ရှိသည်ဟု သိရသည်။ **(ဆင်ဟွာ)**

ပြည်သူများငတ်မွတ်နေခြင်းအား စစ်လက်နက်အဖြစ်အသုံးချနေဟု ဆီးရီးယားအစိုးရအား နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောကြား

ဒမတ်စကတ် မတ် ၁၀

ဆီးရီးယားပြည်သူပြည်သားများ ငတ်မွတ်နေခြင်းကို ဆီးရီးယားအစိုးရသည် စစ်လက်နက်အဖြစ်အသုံးချလျက်ရှိနေသည်ဟု နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာအဖွဲ့က ပြောကြားလိုက်သည်။

မြို့တော်ဒမတ်စကတ်ရှိ ယာမောက်ဒုက္ခသည်စခန်းတွင် စုံစမ်းစစ်ဆေးမှုအရ ဒုက္ခသည်အနည်းဆုံး ၁၂၈ဦးထိ သေဆုံးခဲ့ရပြီးဖြစ်သည်ဟု လူ့အခွင့်အရေးအုပ်စုမှ ပြောကြားသည်။ အဆိုပါနေရာ၌ ထောင်ပေါင်းများစွာသော ပြည်သူပြည်သားများသည် ကြီးမားလှသော လူသားချင်း စာနာမှုအခက်အခဲဒုက္ခများစွာကို ရင်ဆိုင်နေရကာ ထောင်ချောက်မိနေရဆဲဖြစ်သည်ဟု သိရသည်။

ဆီးရီးယားနိုင်ငံတွင်မိသားစုများစွာတို့သည် လမ်းမများပေါ်၌ အစာရေစာပြတ်လတ်၍ငတ်မွတ်ခြင်းများ၊ စနိုက်ပါများဖြင့်ပစ်ခတ်ခံရသဖြင့် သေဆုံးခြင်းများနှင့် ရင်ဆိုင်နေရကြောင်း လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဆိုသည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း ဒုက္ခသည်စခန်းအစွန်းပိုင်းနားတွင် တိုက်ခိုက်ခံရမှုများရှိခဲ့သည်။ ယာမောက်ဒုက္ခသည်စခန်း၌ ပါလက်စတိုင်းနှင့် ဆီးရီးယားဒုက္ခသည်များ ဦးရေ ၁၇၀၀၀မှ ၂၀၀၀၀ ဝန်းကျင်ထိရှိပြီး မြို့တော်တွင် အဆိုးရွားဆုံးတိုက်ခိုက်ခံရမှုဖြစ်ပွားရာ ဒုက္ခသည်စခန်းအချို့တွင် ပါဝင်သည်။

၂၀၁၃ ဧပြီလမှစကာ လျှပ်စစ်ပြတ်တောက်မှုများ ကြုံတွေ့နေရပြီး အခြေခံဆေးဝါးအထောက်အပံ့ ကုန်သွားပြီးနောက်ပိုင်း ဆေးရုံအများစုသည်လည်း ပိတ်ထားရပြီးဖြစ်သည်။ ဆီးရီးယားအစိုးရတပ်ဖွဲ့သည် ပြည်သူများငတ်မွတ်ခေါင်းပါးနေမှုကို စစ်လက်နက်အဖြစ် အသုံးချကာ ရာဇဝတ်ပြစ်မှုများ ကျူးလွန်နေလျက်ရှိကြောင်း အရှေ့အလယ်ပိုင်းဒေသရှိ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ဒါရိုက်တာ ဖိလစ်လူသာက ဆိုသည်။

အစာရေစာပြတ်လပ်ငတ်မွတ်နေစဉ် ကြံရာမရ ခွေးသား၊ ကြောင်သားများစားကာ ဝမ်းရေးဖြေရှင်းနေရခြင်း၊ ယင်းအခြေအနေတွင် စနိုက်ပါများဖြင့်တိုက်ခိုက်ခံရခြင်း ဒဏ်ကိုမချိမဆံ့ခံစားနေရသော မိသားစုများသည် ယာမောက်ဒုက္ခသည်စခန်း၌ ဖြစ်ပေါ်နေလျက်ရှိသည့် ထိတ်လန့်ဖွယ်အကြောင်းတစ်ခု ဖြစ်လာခဲ့သည်။ ဒေသခံများက မိမိတို့သည် အသီးအနှံများ၊ အသီးအရွက်များမစားရသည်မှာ လများစွာကြာမြင့်နေပြီဖြစ်ကြောင်း ယာမောက်ဒုက္ခသည်စခန်းနေ ၆၀ရာခိုင်နှုန်းတို့မှာ အာဟာရချို့တဲ့မှုများ ခံစားနေရသည်ဟု ဆိုကြသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အယ်ဂီဒါ့စ်ဘောဂ်ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ဘောလုံးအကယ်ဒမီကစားသမားများ ပါဝင်ခဲ့သည်။ ယခုလူရွေးပွဲမှ ဂိုးသမားတစ်ဦးအပါအဝင် ကစားသမားငါးဦးကိုရွေးချယ်မည်ဖြစ်ပြီး ထိုင်းမှ ကစားသမားငါးဦးနှင့်ပေါင်းကာ အရှေ့တောင်အာရှကိုယ်စားပြုအသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို မေလအတွင်း၌ ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင်ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မီးငြှိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၁၀

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးသို့ မီးငြှိမ်းသတ်ယာဉ် ၂၅ စီး လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို မတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက မီးငြှိမ်းသတ်ယာဉ်များ လျှာဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းထံသို့ မီးသတ်ယာဉ် ၂၅ စီးနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မီးငြှိမ်းသတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်သော အရှေ့တောင်အာရှမှ ဘူမိသိပ္ပံပညာရှင်များပါဝင်သည့်(၁၃)ကြိမ်မြောက် GEOSEA ဆွေးနွေးပွဲ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများမှ ဘူမိဗေဒသိပ္ပံပညာရှင်များပါဝင်သည့် အရှေ့တောင်အာရှ၏ ဘူမိ၊ ဓာတ်သတ္တု၊ စွမ်းအင်အရင်းအမြစ်ဆိုင်ရာ (၁၃)ကြိမ်မြောက် ဒေသတွင်းကိုယ်စားလှယ်များ ဆွေးနွေးပွဲ (GEOSEA XIII) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (GEOSEA XIII) ဆွေးနွေးပွဲအား မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါအစည်းအဝေးအပြင် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ GEO MYANMAR အစည်းအဝေးနှင့် (၅)ကြိမ်မြောက် သက်ကြီးပညာရှင်များ ပူဇော်ကန်တော့ပွဲကိုပါ ဖေဖော်ဝါရီ ၁၀ ရက်က ဆီဒိုးနားဟိုတယ်၌ တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။

(၁၃)ကြိမ်မြောက် GEOSEA အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ဒေသတွင်း ခုနစ်နိုင်ငံ၏ ဘူမိဗေဒဖြစ်စဉ်နှင့် ပတ်သက်သော အကြောင်းအချက်များ၊ စီးပွားဖြစ်ဘူမိဗေဒနှင့်ပတ်သက်သည့် ဓာတ်သတ္တု ရှာဖွေဖော်ထုတ်မှုများ၊ ဘူမိဗေဒဖြစ်စဉ် ပြောင်းလဲမှုတွင် အရေးပါသည့် မြေလွှာဖွဲ့စည်းပုံအနေအထားပြုပြင်ပြောင်းလဲမှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ တာဝန်ရှိသူများနှင့် ဘူမိဗေဒပညာရှင်အချို့ကို ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးစိုးမြင့်(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း

မေး။ ။ ယနေ့ပြုလုပ်တဲ့ အစည်းအဝေးနဲ့ အစည်းအဝေးကရရှိလာနိုင်မယ့် အကျိုးကျေးဇူးတွေ သိချင်ပါတယ်။

ဖြေ။ ။ ဒီနေ့လိုမျိုး အစည်းအဝေးနဲ့ ဆွေးနွေးပွဲတွေကတော့ အကြောင်းအရာသုံးခုကို တစ်ပြိုင်တည်းလုပ်ထားတာပါ။ အခု မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်လုပ်နိုင်ခဲ့တဲ့ GEOSEA ၂၀၁၄ အစည်းအဝေးဆိုရင် မြန်မာနိုင်ငံ ဘူမိသိပ္ပံပညာရှင်တွေအပြင် ထိုင်းနိုင်ငံကရော၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံရော၊ ဗီယက်နမ်နိုင်ငံတို့ကပါ တက်ရောက်လာတဲ့အတွက် ဘူမိသိပ္ပံဘာသာရပ်နဲ့ ပတ်သက်ပြီးတော့ အသိအမြင်တွေ အပြန်အလှန် ဖလှယ်ခွင့်ရတဲ့အတွက် ပိုပြီးတိုးတက်ဖွံ့ဖြိုးမှုတွေရှိလာမယ်။ ပုဂ္ဂိုလ်ချင်းလည်း ရင်းနှီးမှုတွေရှိလာမယ်။ ဓာတ်သတ္တုရှာဖွေရေးတွေမှာ အများကြီးအကျိုးပြုလာမယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ရှာဖွေရေးတွေမှာလည်း အကျိုးပြုမယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်မယ့် ကျောက်တွေကို ဘယ်လိုရှာဖွေမယ်ဆိုတာလည်း သိနိုင်တယ်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘူမိသိပ္ပံနဲ့ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘူမိသိပ္ပံပညာရပ်တွေက ဘယ်နေရာတွေမှာမြေပြိုတယ်၊ ဘယ်နေရာမှာတော့ ပြတ်ရွေ့ကြောင်းတွေပေါ်ပြီး ငလျင်တွေ ဖြစ်ပေါ်နိုင်တယ်ဆိုတာတွေကို သိနိုင်တယ်။ ကြိုတင်ကာကွယ်မှုတွေကို ပြုလုပ်နိုင်ပါတယ်။ ဘူမိဗေဒဘာသာရပ်ဟာ ပညာရပ်ဆိုင်ရာ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ ပေါ်ပေါက်လာတဲ့ ဘာသာရပ်မဟုတ်ပါဘူး။ လူ့အသိုင်းအဝိုင်း လူ့ပတ်ဝန်းကျင်ကို အကျိုးပြုတဲ့ဘာသာရပ်ပါ။ ဒီဟာက ဘူမိသိပ္ပံပညာရှင်များအတွက် သက်မဟုတ်ဘဲနဲ့ အခြားပြင်ပပုဂ္ဂိုလ်တွေအနေနဲ့လည်း မည်မျှထိ တိုင်းပြည်ကို အကျိုးပြုလည်းဆိုတာကို သဘောပေါက်လာလိမ့်မယ်။

အင်တာဗျူး - ရဲခေါင်ညွန့်

မေး။ ။ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းကိုတည်ထောင်ခဲ့တဲ့ ရည်ရွယ်ချက်နဲ့ တည်ထောင်ဖြစ်ပုံကို သိချင်ပါတယ်။

ဖြေ။ ။ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းကို စတင်တည်ထောင်တာက ၂၀၀၃ ခုနှစ် ဒီဇင်ဘာလက ဘူမိဗေဒဆရာကြီးများ၊ အစိုးရဌာနကနေ အနားယူသွားတဲ့ဆရာကြီးတွေ စုပေါင်းပြီး စတင်တည်ထောင်ခဲ့တာပါ။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ဘူမိဗေဒပညာရပ်တွေကို လေ့လာစုစည်းသုတေသနပြုကြဖို့ ဖြစ်ပါတယ်။ ဒီပညာရပ်နဲ့ မြန်မာနိုင်ငံမှာ အကျိုးပြုနိုင်အောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ နည်းလမ်းတွေနဲ့ ရှာဖွေဖော်ထုတ်ကြဖို့ဖြစ်ပါတယ်။ နောက်ဘူမိသိပ္ပံပညာရပ်နဲ့ အောင်မြင်ပြီးတော့ အသက်မွေးဝမ်းကျောင်းလုပ်နေရတဲ့ ပုဂ္ဂိုလ်တွေ၊ ဘူမိသိပ္ပံပညာရပ်နဲ့ဘွဲ့ရပြီး အခြားနယ်ပယ်ရပ်တွေမှာ လုပ်နေရတဲ့ ပုဂ္ဂိုလ်တွေ၊ ဘူမိသိပ္ပံပညာရပ်အပေါ်မှာ စိတ်ဝင်စားမှုရှိတဲ့ ပုဂ္ဂိုလ်တွေကြားမှာခင်မင်ရင်းနှီးမှု၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်နိုင်အောင်ဆိုတဲ့ရည်ရွယ်ချက် သုံးခုနဲ့ပါ။ ဒီနှစ်အတွက် ထူးခြားမှုကတော့ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ ဘူမိဗေဒပညာရပ်၊ ဓာတ်သတ္တုပညာရပ်နဲ့ စွမ်းအင်သယံဇာတ ပစ္စည်းများအကြောင်း ညီလာခံကတစ်ခု၊ GEO Myanmar Conference မြန်မာနိုင်ငံဘူမိသိပ္ပံပညာရှင်များရဲ့ သီးခြားသုတေသနစာတမ်းဖတ်ပွဲ နှစ်နှစ်တစ်ကြိမ်လုပ်တာပေါ့။ နောက်တစ်ခုကတော့ (၁၀) ကြိမ်မြောက် ဘူမိသိပ္ပံအသင်း နှစ်ပတ်လည်မိတ်ဆုံစားပွဲဒီသုံးခုကိုပေါင်းပြီး ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။

ဒေါက်တာခင်ဇော်
Professor of Economic Geology
University of Tanmania (Australia)

မေး။ GEOSEA ရဲ့ သမိုင်းကြောင်းလေး သိချင်ပါတယ်ခင်ဗျာ။

ဖြေ။ GEOSEA ပေါ်ပေါက်လာတာကတော့ ၁၉၇၀ပြည့်နှစ်မှာ မလေးရှားတက္ကသိုလ်က ဘူမိဗေဒပညာရှင်တွေက ဒေသဆိုင်ရာကွန်ဖရင့်မျိုးလုပ်ဖို့လိုတယ်ဆိုပြီးတော့ ဆုံးဖြတ်ခဲ့ကြတယ်။ ၁၉၇၂မှာ မလေးရှားအစိုးရကနေ ထောက်ပံ့ပြီးတော့ ပထမဆုံးအကြိမ် စလုပ်ခဲ့ကြတယ်။ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင် လေးနိုင်ငံပူးတွဲပြီး သုံးနှစ်တစ်ကြိမ် ကျင်းပတဲ့ အစည်းအဝေးဖြစ်တယ်။ အရှေ့တောင်အာရှ နိုင်ငံတွေက ပူးပေါင်းဆောင်ရွက်ဖို့၊ နည်းပညာတွေနဲ့ စိတ်ကူးစိတ်သန်းတွေဖလှယ်ဖို့၊ နည်းပညာအသစ်တွေ တိုးတက်လာတာကို နိုင်ငံအချင်းချင်းတင်ပြဖို့၊ လူငယ်တွေကိုအသိပညာပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ မလေးရှားနိုင်ငံမှာ ၁၉၇၂ မှာ ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့တယ်။ ပြီးခဲ့တဲ့ အခေါက်တုန်းကတော့ ထိုင်းနိုင်ငံမှာကျင်းပတယ်။ ဒီ (၁၃) ကြိမ်မြောက် အစည်းအဝေးကိုတော့ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

မေး။ မြန်မာနိုင်ငံအတွက် ဂုဏ်ယူလောက်စရာ အကြောင်းအချက်က ဘာတွေများဖြစ်မလဲဆရာ။

ဖြေ။ ဂုဏ်ယူစရာအချက်က သမ္မတကြီးကိုယ်တိုင်ကလည်း အာဆီယံ အလှည့်ကျဥက္ကဋ္ဌဖြစ်လာတော့ ဒီလိုပွဲမျိုးကိုကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံက ရှေ့တန်းကနေပါဝင်ပြီးတော့ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ အင်ဒိုနီးရှားနိုင်ငံတွေနဲ့ပိုမိုပေါင်းစပ်မှုတွေ ပြုလုပ်သွားမှာပေါ့။ ဘူမိဆိုင်ရာနယ်နိမိတ်တွေ၊ ဘူမိဆိုင်ရာအလုပ်တွေဟာ နောက်ပိုင်းမှာ မြန်မာနိုင်ငံကနေ ရှမ်း၊ ကချင်၊ ကရင် ဒေသတွေမှာ ဖွံ့ဖြိုးပြီးသွားလာရေး လွယ်ကူလာရင် မြန်မာနိုင်ငံရဲ့ ဘူမိဗေဒဟာ ဒေသတွင်းဆိုင်ရာ၊ ကမ္ဘာဆိုင်ရာ၊ ဘူမိဗေဒနဲ့ပတ်သက်တဲ့ ဆိုင်ရာနားလည်မှုတွေဖြစ်လာမယ်။ ဒါဆိုရင် သတ္တုတွေနဲ့ရေနံဆိုင်ရာ သယံဇာတတွေပိုပြီးတွေ့ရှိမှာ ဖြစ်သလို နိုင်ငံသူ နိုင်ငံသားတွေအတွက်လည်း ပိုပြီးတော့ အကျိုးရှိမှာဖြစ်ပါတယ်။ ဒီတွေ့ရှိမှုတွေကို နိုင်ငံတော်အတွက် ကျောင်းတွေဆောက်မယ်၊ အိမ်တွေဆောက်မယ် စသည်ဖြင့် အသုံးချရမှာဖြစ်တယ်။ သတ္တုတူးဖော်

စာမျက်နှာ ၇ ကော်လံ ၄ သို့

မွန်မြတ်သောကျေးဇူးပြုသူနှင့် မွန်မြတ်သောကျေးဇူးဆပ်သူ

ဝိသဇ္ဇက(ပဲခူး)

"ကျေးဇူးငါးပုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံထင်ရှား ရှင်ပင်မြတ်ဘုရား။ ဆောင်းကို လွန်မြောက် နွေဦးပေါက်သို့ ရောက်လတ်တုံလာ ယခုအခါ၌ တစ်ခေတ်ကူးပြောင်း သစ်ပင်အပေါင်းတို့သည် ရှည်ကြာမြင့်ညောင်း အရွက်ဟောင်းကို စွန့်ပယ်သောထွေ ကြွေကျကုန်၍ အသစ်ဖြစ်သော အသီးကို ရှာမှီးကြကုန်သကဲ့သို့ဖြစ်၍ မီးကျီးအသွေး နီတွေးသော ရွက်နုအဖူးအပွင့်တို့နှင့်ပြည့်စုံကြကုန်၏။ ထိုသစ်ပင်အပေါင်းတို့သည် ဥတုလှုံဆောင် အရောင်ရှိကုန်သည်ဖြစ်၍သာလျှင် ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပကြကုန်၏။ ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားတို့၏ ဖွားရပ်ဌာနီ ပြည်ကပ္ပိသို့ နှစ်လီစက်ပန်းကိုယ်တော်လှမ်း၍ ကြွမြန်းတော်မူရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား။"

အလွန်တရာဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော တပေါင်းလဘွဲ့ဂါထာ အနက်အဓိပ္ပာယ်ဖြစ်သည်။ မဟာဗုဒ္ဓဝင်အတ္ထုပ္ပတ္တိတော်ကြီးတွင် ထင်ရှားစွာပါရှိသော ဂါထာပေါင်းခြောက်ဆယ့်လေးပုဒ်တို့မှ ပထမအစဂါထာဖြစ်ပါ၏။ ထိုမဟာဗုဒ္ဓဝင်၌ မိဘ၏မေတ္တာ၊ ဇနီးကောင်းတို့၏ အကြင်နာ၊ မိတ်ဆွေကောင်းတို့၏ စေတနာ၊ မွန်မြတ်သော ကျေးဇူးပြုသူနှင့်မွန်မြတ်သော ကျေးဇူးဆပ်သူတို့ကို ဖော်ညွှန်းပြသခြင်းကို တွေ့ရမည်ဖြစ်လေသည်။

ကဗျာကဝိပညာရှိတို့က တပေါင်းလကို တင့်တယ်သာယာသောလဟု မှတ်ယူကြသည်။ တပေါင်းလကုန်လုနီးသော ဝသန္တရတုကို သက္ကတ၌ "ရတုရာဇ"ဟု ခေါ်သည်။ ရတု(ဝါ)ရာသီ၊ ဥတုတကာတို့တွင် ရာဇ(ဝါ) ဘုရင်ဖြစ်သည်ဟု ဆို၏။ ထိုသို့သာယာပုံကို ရှင်အုန်းညို(သက္ကရာဇ်-၈၁၅-၈၅၅)က ဂါထာခြောက်ဆယ်ပျို့တွင် "တိမ်ညိုမိုလ္လာ၊ တိမ်စူကာနှင့် တိမ်ပြာရောယှက်၊ မရန်းဖက်၍၊ တိမ်သက်တံ့ရောင်၊ အဝါရောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က၊ လေးဖက်လုံးခြုံ၊ တိမ်ဂဠုန်လည်း၊ နဂါးစုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့"ဟူ၍ ရောင်စုံပြာလွင်လေရှူးတိုက်ခတ်ပုံကို ဖွဲ့ဆိုခဲ့သည်။

မဟာဗုဒ္ဓဝင်အတ္ထုပ္ပတ္တိမှာ မဂ္ဂမဟေသီ၊ မာယာဒေဝီမိဖုရားကြီးသည် အံ့ချီးလောက်သော အိပ်မက်တို့ကြောင့် သားဦးရတနာ ရတော့မည်ဟု လက်ရုံးဆန့်တန်း ဝမ်းပန်းတသာ ဂုဏ်ယူခဲ့သည်။ ထိုနေ့ကား မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ဖြစ်သည်။

မာယာဒေဝီမိဖုရားကြီးသည် မပေါ့မပါးသန္ဓေသားကို ဖွားလုနီးနီးမှာ ဇာတိစံရာ ဒေဝဒဟပြည်ကြီးသို့ ထွက်တော်မူခဲ့သည်။ နှစ်ပြည်တောင်ကြားလုမ္ဗိနီဥယျာဉ်တော်၌ သားတော်သိဒ္ဓတ္ထကုမာရကို ဖွားမြင်တော်မူခဲ့သည်။ ထိုနေ့ကား မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ဖြစ်သည်။

သက်တော်တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် သုဒ္ဓေါဒနမင်းကြီးသည် ညီတော်ဖြစ်သော ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓ၏သမီးတော် ယသော်ဓရာဒေဝီနှင့် ထိမ်းမြားပေးတော်မူသည်။ ထို့နောက် ကပ္ပိလဝတ်ပြည်အလုံးနှင့် ရွှေနန်းစည်းစိမ်ကိုပါ လွှဲပေးကာ မင်းပြုစေသည်။

"အလောင်းတော်မြတ်သည် ညသန်းခေါင်ယံအချိန်၌ ဖွားဖက်တော် ကဏ္ဍကမြင်းကိုစီးလျက် ဖွားဖက်တော်ဆန္နအမတ်၊ နောက်တော်ခေါ်ကာ မဟာနိက္ခမထွက်ကြွတော်မူလေပြီ"ဟူသည့် သတင်းဆိုးကြီးကို သုဒ္ဓေါဒနဘုရင်ကြီးအတွက် ရင်တီးလက်ခတ်၊ ရင်ဘတ်စည်တီးကြုံတွေ့ခဲ့ရသည်။

ထိုမှနောက် အကြီးဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံးသတင်းကား "သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓစင်စစ်ဘုရားအဖြစ်သို့ ရောက်တော်မူပြီဖြစ်ကြောင်း" နှစ်ထောင်းအားရသတင်းစကားကို ကြားလတ်သော် သုဒ္ဓေါဒနမင်းကြီးမှာ ဝမ်းသာပီတိရင်မှာ တသိမ့်သိမ့်ခံစားလိုက်ရသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေသည် ထူးမြတ်သောနေ့ဖြစ်၏။ သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီအမတ်ကို ဆောင်းဥတုကုန်လွန် နွေဥတုအပြောင်း သာယာလှပသော ကာလသမယတွင် သားတော်မြတ်ဘုရားရှင်အား ခမည်းတော်ရှိရာသို့ ပင့်လျှောက်ရန်တောင်းပန်၏။ "ကာဠုဒါယီအမတ်ကြီးက ဂါထာပေါင်းခြောက်ဆယ်ကျော်ဖြင့် ဖွဲ့နွဲ့တင်လျှောက်လေသည်။ မြတ်ဘုရားသည် ကပ္ပိလဝတ်ပြည်သို့ ကြွတော်မူရန်ခရီးစဉ်၌ ဂမနိယဝတ်ကိုပြည့်စုံစေသော မဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပ္ပိလဝတ်မြို့သား သံဃာတစ်သောင်းခြံရံလျက် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာတော်မူလာပါသည်။ မြတ်ဘုရား၏ ၄၅ ဝါကြာသော ဘဝခရီးတစ်လျှောက်တွင် အထူးပင်အရေးပါအရာရောက်ရှိပြီး အလွန်ရှည်လျားခရီးကို ကြွချီတော်မူခြင်းဖြစ်သည်။

ယူဇနာ မိုင် ၆၀အားဖြင့် မိုင်ပေါင်း ၇၂၀ ခရီးကို တစ်နေ့လျှင် တစ်ယူဇနာ (တစ်ဆယ့် နှစ်မိုင်နှုန်း)ဖြင့် ခြေကျင်ခရီးကိုကြွတော်မူသည်။ ကျက်သရေရှိလှသော ထိုခရီးကို နှစ်လတိတိကြာမြင့်ခဲ့သည်။ မြေပြင်ကပင် ခြေကျင်ဖြင့် လမ်းလျှောက်ခရီးသွားခြင်းသည် အကျိုးများစွာရှိ၏။ နေရာအာရုံအသစ်အသစ်သို့ ပြောင်းလဲသည့်အတွက် အာရုံကောင်းတစ်ခုတည်းကိုသာ စွဲနေသောစိတ်အား ပြောင်းလဲစေ၏။ တစ်နေရာတည်း၊ တစ်ခုတည်းသော ပတ်ဝန်းကျင်၌ ကြာမြင့်စွာနေရသဖြင့် ထိုင်းမှိုင်းလေးလံနေသော ရုပ်ကို ပြေပျောက်ပေ့ါပါးစေ၏။ သွေးလေတို့ကို သွက်လက်စွာ လှုပ်ရှားစေ၏။ ဆီး၊ ဝမ်းကိုမှန်စေ၏။ အမြဲမပြတ်လမ်းလျှောက်ခြင်းသည် အသစ်အာရုံတို့၌လည်း ကြာမြင့်စွာတွေ့ခွင့်ပေါင်းဆုံခွင့်မရခြင်းအတွက် အာရုံသစ်၌လည်း ငြီးငွယ်ခွင့်မရပေ။ စီးဆင်းခြင်းမရှိသောရေသည် ညစ်လာတတ်စေ၏။ မပြတ်စီးဆင်းနေသောရေသည် သန့်ရှင်းစေပါ၏။ ဤသို့ဖြင့် ရဟန်းသည် မပြတ်မလပ်ခရီးသွားနေမည်သာတည်းဟူသော ဩဝါဒကျင့်စဉ်ဖြင့် ရဟန်းနှစ်သောင်းနှင့်အတူ ခြေကျင်ခရီးကိုလျှောက်တော်မူခဲ့ခြင်းဖြစ်ပေသည်။

မြတ်ဘုရားရှင်သည် မွေးရပ်မြေကပ္ပိလဝတ်မှ ထွက်ခွာလာခဲ့သည်မှာ ခုနစ်နှစ်နီးပါးရှိခဲ့ပါပြီ။ ခုနစ်နှစ်တင်းတင်းပြည့်သော မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်နေ့မှာ ကပ္ပိလဝတ်ပြည်သို့ရောက်ပါသည်။ ကပ္ပိလဝတ်နေပြည်တော်သို့ရောက်ပြီးသည့်နောက်နေ့တွင် ဆွမ်းခံကြွတော်မူနေသော မြတ်ဘုရားရှင်ကို ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးမြင်လေသော် စိတ်မချမ်းမြေ့ဖြစ်တော်မူသည်။ နန်းတော်သို့ပင့်လျက် အရှင်မြတ်ဘုရားမဟာသမတမင်းမှစ၍ မြတ်ဘုရား၏ဘိုးတော်သီဟဟနုမင်းအဆုံး သုံးသိန်းသုံးသောင်းလေးထောင့်ငါးရာ ခြောက်ကျိပ်ကိုးယောက်သော အမျိုးအနွယ်တို့သည် တစ်ဦးတစ်ယောက်မျှဆွမ်းတောင်း၍စားသည်ကို မကြားဖူးပါဟု လျှောက်ထား၏။

"ခမည်းတော်မင်းကြီး ရှေးမင်းစဉ်အဆက်ဆက်သည်ကား ဖခမည်းတော်မင်းတရားကြီးတို့၏ အမျိုးအနွယ်ကား မှန်ပေ၏။ ဒကာတော်၏သားကျွန်ုပ်တို့ဘုရားမှာမူကား ဂင်္ဂါဝါဠုသဲစုအမျှပွင့်ကြပြီးသော သမ္ဗုဒ္ဓရာဇာမဟာဝံသဖြစ်ပေသည်။ ထိုဘုရားတို့သည် ဖိတ်ကြားအပ်သောဒကာမရှိက ဆွမ်းခံ၍သာ ပြည့်စမြဲဖြစ်ပါ၏။"

ခြေကျင်ဖြင့် လမ်းလျှောက်ခရီးသွားခြင်းသည် အကျိုးများစွာရှိ၏။ နေရာအာရုံအသစ်အသစ်သို့ ပြောင်းလဲသည့်အတွက် အာရုံကောင်းတစ်ခုတည်းကိုသာ စွဲနေသောစိတ်အား ပြောင်းလဲစေ၏။ တစ်နေရာတည်း၊ တစ်ခုတည်းသော ပတ်ဝန်းကျင်၌ ကြာမြင့်စွာနေရသဖြင့် ထိုင်းမှိုင်းလေးလံနေသော ရုပ်ကိုပြေပျောက်ပေ့ါပါးစေ၏။

မြတ်ဘုရားတို့၏အစဉ်အလာဖြစ်သော ဆွမ်းခံခြင်းကို မမေ့မလျော့ ကုသိုလ်ဆယ်ပါးမြတ်တရားကို အမြဲမကွာကျင့်ကြရ၏။ ထိုသို့ကျင့်ကြံခြင်းဖြင့် ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာနေရသည်။ "ဓမ္မဥ္စရေ၊ သုစရိတံ၊ နနံ့ဒုစရိတံစရေ" အစရှိသော ဂါထာတို့ကို ဟောတော်မူလေသည်။ သုဒ္ဓေါဒနမင်းကြီးကား သကဒါဂါမိတည်လေသည်။ မိထွေးတော်လည်းသောတပန်တည်လေသည်။

မိဘတို့၏ဂုဏ်ကျေးဇူးကို သိတော်မူသောမြတ်ဘုရားရှင်သည် ပုဗ္ဗာစရိယ ရှေးဦးဆရာ "လောကဿဒဿေတာ"ကမ္ဘာလောကကြီးကို ပြသပေးသူဖြစ်သည့်အလျောက် မြတ်ဘုရားသည် ဗုဒ္ဓတ္ထစရိ=မိမိ၏အကျိုးစီးပွားကို အားထုတ်ပြီးသောအခါ ဉာတတ္ထစရိယ-မိဘဆွေမျိုး ကိုယ့်ရပ်ရွာအကျိုးဆောင်ရွက်ခြင်းနှင့်လောကတ္ထစရိယ-တိုင်းသူပြည်သား၊ ကမ္ဘာသူကမ္ဘာသားလူအများ၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်အားထုတ်ရခြင်းစသော ဆုံးမစကားများကို ဟောကြားတော်မူခဲ့သည်။

အရိပ်ကောင်းသောသစ်ပင်သည် ခိုလှုံသူတို့အတွက်၊ အသီးကောင်းသောသစ်ပင်သည် စားသုံးသူတို့အတွက်၊ နွားမတို့သည် နို့ရည်သောက်သူတို့အတွက်၊ နေနှင့်လတို့သည် ကမ္ဘာကို နွေးစေအေးစေဖို့အတွက် သူတော်ကောင်းသည် သူတစ်ပါးအား ကျေးဇူးပြုရန်အတွက် ကိုယ်တိုင်ကောင်းအောင်ကျင့်ပြီး လူအများအတွက် ဖြည့်ဆည်းကြရမည်ဟူသော ဥပမာများဖြင့် မြတ်ဘုရားသည် ကိုယ်တော်တိုင်စောင့်ရှောက်ကျင့်ကြံအားထုတ်ပြီး လူများစွာတို့၏ ကျေးဇူးကိုပြုရန် လမ်းညွှန်ခဲ့လေ၏။

တပေါင်းလသည် ဆောင်းကုန်လို့ကျွမ်း နွေဦးစွမ်းမို့ လွမ်းဖွဲ့ရာသီဟု စာဆိုတို့က ဆိုကြ၏။ စာဆိုတော်နဝဒေးကြီး၏ တပေါင်းအလွမ်းတွင် "ကြူကြူပုံ့မွှေး လေပြည်သွေးက ကြိုင်မွှေးပျံ့လျှောင် ပန်းပေါင်းပေါ်စ၊ တပေါင်းလဝယ်၊ နှမစိတ်ကူ၊ အိမ်သူကျွမ်းဝင်၊ နောင်သခင်ကို ထိပ်ပြင်ပြည့်မျှ၊ မဆင်ရခဲ့" ဟူ၍လည်းကောင်း၊ ရတုဘုရင်နတ်သျှင်နောင်သည် "စံပယ်ဖြူမွှေး စကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်နှင့်၊ ရွေးလျက်ရွရွ၊ မဆင်ရတည့်" ဟူ၍လည်းကောင်း၊ ကိုယ်တိုင်ပန်ဆင်ပေးချင်ပုံနှင့် စစ်မြေကနေ အိမ်သူသက်ထား၊ လွမ်းကြပုံများကို ရတုသွယ်ထားကြပါသည်။ တချို့ကလည်း ကိုယ့်အသည်းနှလုံးကိုမှ ကိုယ်မပိုင်သောရာသီဟုဆိုပါသည်။ သော်တာပန် မထေရ်မြတ်တို့ပင် မဆည်နိုင်၊ မျက်ရည်တို့က ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင်၊ စျာန်ယိုင်လျှောရသည့်လဟု တင်စားထားကြပါသည်။

"စုံတစ်ခိုဝယ်၊ လေချိုဝန်းလု၊ လွမ်းရတု၌၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊ စိမ့်မြိုင်ရဂုံ၊ ကြိုင်လှိုင်ထုံသည်၊ အမုံချပ်ရပ်၊ ငုံဖူးကပ်၍၊ လှည့်ပတ်လက်တံ၊ လောင်းပန်းကျန်မှု၊ လွန်ဟံတင့်ဆုံ၊ ပြရီခြုံလျက်၊ မှိုင်းမှုံဆင်လာ၊ ခဲမုတ္တာနှင့်၊ ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ သည်ချိန်ခါကို၊ သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ ခိုးမြူမှောင်ခဲ့" စသည်ဖြင့် ပါရမီရင့်လှပြီဖြစ်သော ကျမ်းတတ်အကျော် ရှင်ဥတ္တမကျော်က အလွမ်းစာကို ဖွဲ့နွဲ့ထားပါသည်။

တပေါင်း၏လွမ်းစရာအလှသည် ကပ္ပိလဝတ်ပြည်မှစခဲ့သည်ဟု ဆိုရပါမည်။ ယသော်ဓရာမင်းသမီးကား ရိုသေရာတွင် နှမသွင်သို့၊ တိုင်ပင်ရာတွင် မိတ်ဆွေသွင်သို့၊ အိပ်စက်ရာတွင် ပြည့်တန်ဆာသွင်သို့၊ လုပ်ကျွေးရာတွင် ကျွန်မသွင်သို့၊ စောင့်ရှောက်ရာတွင် မိခင်သွင်သို့ ငါးပါးထင်ရှားပြည့်စုံငြားပြီး ဆင်းရဲမကွာ ချမ်းသာမခွဲ၊ လင်ကိုတွဲသော် "တော်ဝင်ထိုက်အပ်၊ မိန်းမမြတ်တည့်" လက္ခဏာတို့ဖြင့် ဘဝအဆက်ဆက် သံသရာအဆက်ဆက် မွန်မြတ်စွာဖြည့်ဆည်းခဲ့ပါ၏။ "မိန်းမအားလုံး အခွင့်အခါ စိတ်ကွယ်ရာ ဖိတ်ခေါ်သူအကယ်၍ရငြားအံ့၊ မကောင်းမှုကိုပြု၏" စသော အဆုံးအမဖြင့် အခွင့်အခါသုံးပါးကို မပြစ်မှားခဲ့ပါ။ အမရာနှလုံးမူကာ ညီညွတ်၍ရှိခဲ့ပါ၏။

မောင်တော်ဘုရားသည် နိမိတ်လေးပါးမြင်တွေ့ငြား၍ ငြိမ်းချမ်းရာသို့ ထွက်ခွာသော်လည်း ရှိတော်မူစဉ်ကကဲ့သို့ ခယပြုမြဲ ညတိုင်းနေ့တိုင်း ပြုနေပါ၏။ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ပြီကြား၍ ဖန်ရေစွန်းသော အဝတ်ကိုလည်း ဝတ်ခဲ့ပါ၏။ တစ်ထပ်သာစားသည်ကိုကြား၍ တစ်ထပ်သာစားနေပါ၏။ အခင်းနေရာပယ်သည်ကိုကြား၍ နိမ့်သော ညောင်စောင်းမှာသာအိပ်ပါ၏။ ပန်းနံ့သာအခိုးအထုံတပ်မက်ခြင်း မရှိဟူ၍ ကြားသည်မှ ပန်းနံ့သာ လိမ်းကျံခြင်းမပြုတော့ပါ။ အဆွေအမျိုး၊ မင်းညီမင်းသား၊ တစ်ပါးသူတို့မြောက်စားမွေးမြူပါအံ့ဟု သတင်းစကားဆိုပါသော်လည်း တစ်ယောက်ကိုမျှ စိတ်ဝင်စားခြင်းမရှိဘဲ နေခဲ့ပါ၏။ ဤသို့လျှင် ကျင့်ကြံလိုက်နာ၍ ပါရမီဖြည့်ဆည်းခဲ့ပါသည်။ ယခင်နှစ်ဘဝကပင် သွားလည်း လက်ဆက်၊ စက်လည်းတစ်အုံး၊ မဒ္ဒီနှလုံးပမာ၊ ပါရမီရှင်ဖြစ်ခဲ့ပါသည်။

ယသော်ဓရာမင်းသမီးသည်လည်း ပန်းကြီးခုံမင်စွာဖြင့် ရောင်ခြည်တော်ခြောက်ဆိုင်သင်းကျခံတော်မှ ဖဝါးတိုင်အောင် မအံ့ဩနိုင်ရှိလှသော မောင်တော်ဘုရားအား ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကိုနမ်းကာနမ်းကာခြင်းရာ စကားဘယ်သည်များမှ မကြားနိုင်စွာ မျက်နှာမျက်ရည် မဆည်နိုင်ပြီး ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက်ငင်ဘဝင်ပြောင်းပြန်လန် လုမတက်ဆံဖြင့် ပွတ်သပ်ပါးဖြင့်အပ်၍ အထပ်ထပ်ရှိခိုးလေသတည်း" ဟု ယသော်ဓရာ၏အလွမ်းကို ဇိနတ္ထပကာသဏီကျမ်းတွင် ကျီးသဲလေးထပ်ဆရာတော်ကြီး၏ စကားပြေသည် သည်းအူခိုက်မျှဖြစ်စေပါသည်။

"မြချပ်ရွက်စိမ်း၊ လေညင်းသိမ်းကာ၊ မစိမ်းမြလျှံ၊ ရွှေဝါကျံလည်း၊ လေပြန်လောင်းသုတ်၊ ရွက်ဟောင်းပြုတ်၍ ကျေးနှုတ်အသွင်၊ ပုရစ်ဆင်ခဲ့" ကြသည်ကို အပူရှိန်တငွေ့ငွေ့နှင့် ရှင်ဥတ္တမကျော်က တောလားကြီးဖွဲ့ခဲ့ပြီး ရှင်မဟာရဋ္ဌသာရအရှင်မြတ်ကလည်း "ချိုးနှစ်ဖော်မူ၊ ရှင်ပျော်စမြဲ၊ လည်ချင်းတွဲ၍၊ မကွဲတူကွ၊ နေသည်စသော်၊ ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ"စသဖြင့် အပူငွေ့တဝေဝေနှင့်အန်ထုတ်ခဲ့ပြီး အချစ်ရေးထက် ဘာသာရေးကိုဦးစားပေးကာ ကျန်ရစ်သောအမာရွတ်ကို နှမလက်လျှော့နေလေတော့ဟု ရတုနှင့်လည်း ကုစားခဲ့ပြီဖြစ်ပါ၏။

ကာဠုဒါယီမထေရ်မြတ်ကြီးပင်လျှင် တပေါင်းလ၏ သာယာပုံကို ဂါထာခြောက်ဆယ်ဖြင့် ချီးမွမ်းခဲ့ပါသည်။ ပထမဆုံးကဗျာရှင်ကြီးတစ်ဆူဖြစ်တော်မူသော သုံးလောကထွတ်ထား မြတ်ဘုရားရှင်သည် "ဝနပ္ပဂုမ္ဗေ၊ ယထပုဿိတဂ္ဂေ၊ ဂိမှာနမာသေ ပဌမသ္မိံဂိမှေ"ဟူသော ရတနသုတ်တော်ဖြင့် တပေါင်းလကို နွေဦးပေါက်၏ အသာယာဆုံးလဟု ဖွဲ့ဆိုထားပါသည်။ ရွက်ဟောင်းတို့ကြွေ ရွက်သစ်တို့ဝေကာ မမြဲသောသဘောတရားတို့သည် တပေါင်းလရာသီ၌ပင် တွေ့ရှိနိုင်လေ၏။ ။

လူမှုဝန်ထမ်းဦးစီးဌာန နန်းထိုက်ရတနာ မူလတန်းကြိုကျောင်း၌ ကျန်းမာရေးနှင့်ဉာဏ်ရည်ဖွံ့ဖြိုးရေးဟောပြောပွဲကျင်းပ

နေပြည်တော် မတ် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာန၊ နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းခန်းမ၌ မတ် ၈ ရက် မွန်းလွဲ ၁ နာရီက ကျန်းမာရေးနှင့်ဉာဏ်ရည်ဖွံ့ဖြိုးရေးအသိပညာပေးဟောပွဲကို ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲတွင် အံ့မခန်းအာဟာရအဖွဲ့မှ ဦးသက်နိုင်ဝင်းက အာဟာရမျိုးစုံပြည့်ဝလာစေမည့်နည်းဗျူဟာအသစ်အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ နန်းထိုက်ရတနာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမော်နှင့် ဆရာမများ၊ ရင်သွေးငယ်များ၏မိဘများနှင့် စိတ်ပါဝင်စားသူပြည်သူများ စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး နွေရာသီအားကစားသင်တန်းများဖွင့်ပွဲကို မတ် ၇ ရက်က အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အထက(၄)တော်ဝင်ခန်းမ၌ ကျင်းပစဉ်။ (၀၀၇)

လွှတ်တော်ရေးရာကဏ္ဍ

❖ *ပြည်ထောင်စုလွှတ်တော်မှ*

ယခင်နှစ်များက လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်နိုင်ခွင့် မရရှိခဲ့သည့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ယခုကဲ့သို့ စတင်ဆောင်ရွက်နိုင်အောင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ကြိုးပမ်း ဆောင်ရွက်ပေးခဲ့မှုနှင့် စေတနာကိုလည်း သိရှိနားလည် အသိအမှတ်ပြုရမှာဖြစ်ပါကြောင်း။

အစည်းအဝေးကာလ ကျန်ရှိသည့်ရက်အတွင်းမှာ အချိန်မီပြီးစီးနိုင်အောင် ဆောင်ရွက်ရသည့်အတွက် အကယ်၍ အမှားအယွင်းအချို့ရှိပါက လွှတ်တော်အတွင်းမှာပင် ပြင်ဆင်တည့်မတ် ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကက အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတထံမှ ပြန်ကြားစာကိုတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ အကြောင်းပြန်စာတွင် သာသနာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ရေးရာဝန်ကြီးဌာနတို့နှင့် ဆက်စပ်သက်ဆိုင်နေသည့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားမှုနှုန်းထိန်းညှိခြင်းဆိုင်ရာ ဥပဒေကြမ်းတို့ကို အုပ်ချုပ်ရေးအဖွဲ့နှင့် ပြင်ပရှိဥပဒေပညာရှင်များ ဘာသာရပ်ကျွမ်းကျင်သူများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းကျွမ်းကျင်သူများပါဝင်သည့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်း၍ ရေးဆွဲမည်ဖြစ်ပါကြောင်း။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

လက်ထပ်ထိမ်းမြားခြင်း ဆိုင်ရာ ဥပဒေကြမ်းနှင့် တစ်လင်တစ်မယား စနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းတို့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဆက်နွှယ်သက်ဆိုင်သဖြင့် ယင်းကတာဝန်ယူရေးဆွဲရန်ဖြစ်ပါက သီးခြားမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုလွှတ်တော်မှ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ၂၀၁၄ ခုနှစ် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာ တင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ ကာလစည်းကမ်းသတ်ဥပဒေတွင် နှစ်ပေါင်း ၃၀ အထိ တရားစွဲဆိုခွင့် ပေးထားသည်ကို တွေ့ရှိရပြီး ယခုစာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း၏ မူလအဆိုပြုချက်တွင် ၁၂ နှစ်အထိ ကာလသတ်မှတ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြဆွေးနွေးခဲ့ကြကြောင်းကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ဤဥပဒေကြမ်းသည် ပြည်သူများ၏ နစ်နာမှုများကို တရားစီရင်ရေးအဖွဲ့က တတ်နိုင်သရွေ့ ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းသည့် ဥပဒေကြမ်း တစ်ရပ်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် အများပြည်သူတို့က တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် မိမိတို့၏ နစ်နာချက်များကို အများဆုံးထုတ်ဖော် ပြောဆိုနေကြချိန်လည်းဖြစ်ရာ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်ဖြစ်သော တစ်နှစ်အတွင်းလျှောက်လွှာတင်သွင်းခြင်းနှင့် နှစ်နှစ်အတွင်း လျှောက်လွှာတင်သွင်းခြင်းတို့အနက် နှစ်နှစ်ကာလခွင့်ပြုသည့် ပြည်သူတို့၏ နစ်နာချက်ကို တင်ပြလျှောက်ထားရန် အခွင့်အလမ်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖြင့် ဖော်ပြပါရှိသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းနှင့် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့သော စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာ တင်သွင်းခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့သည်။

အစီရင်ခံစာ၌ နိုင်ငံတော်သမ္မတက အရေးအသားအသုံးအနှုန်းနှင့် စပ်လျဉ်း၍ ပေးပို့လာသော သဘောထားမှတ်ချက်(၆)ချက်သည် တည်ဆဲဥပဒေအမည်နှင့် ကိုက်ညီမှုရှိစေရန်၊ အနက်အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်၊ လက်တွေ့ဆောင်ရွက်နေမှုများနှင့် ကိုက်ညီမှုရှိစေရန်တို့အတွက် သဘောထားမှတ်ချက်များ ပေးပို့လာခြင်းဖြစ်သဖြင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့် အညီ ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် စီးပွားရေးပိတ်ဆို့မှုများကို ကျော်လွှားနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမို စီးဝင်လာစေရန်အတွက်လည်းကောင်း အရေးကြီးသည့် ဥပဒေတစ်ရပ်ဖြစ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်း၏ ဥပဒေပြုရေးလုပ်ငန်းများကို နိုင်ငံတော်အကျိုးစီးပွားအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက ပေးပို့လာသော သဘောထားမှတ်ချက်များသည် ပိုမိုပြည့်စုံကောင်းမွန်သည့် ဥပဒေတစ်ရပ်ဖြစ်ရေးအတွက် အကြံပြု ပေးပို့လာခြင်းဖြစ်ပါသဖြင့် ဥပဒေကြမ်း၏ ပုဒ်မ၃၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ်(၇)၊ ပုဒ်မခွဲငယ်စိတ်(ကက)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲငယ်(၁၂)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)၊(ဃ)၊(င)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ)၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၄၂ နှင့် အခန်း(၁၀)ခေါင်းစဉ်တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပြီး လွှတ်တော်၏အတည်ပြုချက်ရယူခဲ့သည်။

အစည်းအဝေးကို ည ၇ နာရီ မိနစ် ၄၀ တွင် ရပ်နားခဲ့သည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ရာသီဥတုက ကောင်းသလို လေယာဉ်တွင် ဆီအပြည့် ဖြည့်ထားသည်။ လေယာဉ်သည် ရေဒါအချက်ပြအရ မလေးရှားဘက်သို့ နောက်ကြောင်းပြန်လှည့်ဖွယ်ရှိသဖြင့် မလက္ကာရေလက်ကြား မြောက်ဘက်၌ ရှာဖွေမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။

အာဇာဟူဒင်က လေယာဉ် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို အတည်ပြုနိုင်ရန် မိမိတို့မှာ ခိုင်မာသော အထောက်အထားရရန် လိုကြောင်း၊ စိစစ်ပိုင်းခြားနိုင်ရန် မိမိတို့မှာ လေယာဉ်အစိတ်အပိုင်းတွေ့ရှိရန်နှင့် မှုခင်းဆေးပညာအရ လေယာဉ်ပေါ်ပါရှိသော ပစ္စည်းတစ်စုံတစ်ရာရရှိရန်လိုကြောင်း ဆိုသည်။

ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ ထိုင်း၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံများမှ လေယာဉ် ၃၄ စင်း၊ သင်္ဘောအစင်း ၄၀ ဖြင့် ပျောက်ဆုံးလေယာဉ်ကို ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိသည်မှာ တတိယနေ့ထဲရောက်ရှိပြီဖြစ်သော်လည်း သဲလွန်စပင် မရရှိကြသေးကြောင်း အာဇာဟူဒင်က သတင်းထောက်များကို ပြောကြားသည်။

ဗီယက်နမ် ကမ်းလွန်တွင် လေယာဉ်တံခါးပေါက်နှင့် တူသော အစိတ်အပိုင်းများ တွေ့ရှိသည်ဆိုသော သတင်းနှင့်ပတ်သက်ပြီး အာဇာဟူဒင်က ယင်းသတင်းအပေါ်အခြေခံပြီး ဗီယက်နမ်အာဏာပိုင်များကို မိမိတို့ချက်ချင်းဆက်သွယ်မေးမြန်းခဲ့ကြောင်း၊ ဗီယက်နမ်အာဏာပိုင်များ မည်သည့်ပစ္စည်းအစိတ်အပိုင်းမျှ တွေ့ရှိခဲ့ခြင်းမရှိဟု အတည်ပြုဖြေကြားခဲ့ကြောင်း၊ ထို့အတူ လေယာဉ်၏အမြီးပိုင်းနှင့်တူသောအရာတစ်ခု ရှာဖွေတွေ့ရှိသော သတင်းကို အတည်ပြုနိုင်ရန် တွေ့ရှိသောနေရာသို့ မိမိတို့၏သင်္ဘောများ စေလွှတ်ခဲ့ကြောင်း၊ သို့သော်လည်း ထိုအရာမှာ လေယာဉ်အမြီးမဟုတ်ဘဲ သစ်တုံး၊ ထင်းတုံးများသာ ဖြစ်နေကြောင်း ထပ်လောင်းပြောကြားသည်။

မလေးရှားရေကြောင်းသွားလာမှုဆိုင်ရာအေဂျင်စီက တောင်တရုတ်ပင်လယ်ပြင်တွင် ဆီပြင်ကြီးတစ်ခုတွေ့ရှိခဲ့သော်လည်း ယင်းဆီပြင်မှ ဆီများမှာ လေယာဉ်မှလာသော ဆီမဟုတ်ကြောင်း ဓာတ်ခွဲစမ်းသပ်မှုအရ သိရကြောင်း၊ ၂၀၀၉ ခုနှစ်က အတ္တလန်တစ်ပင်လယ်ပြင်၌ A330 ပြင်သစ်လေယာဉ်ပျက်ကျစဉ်က ရှာဖွေရေးလုပ်ငန်းကို နှစ်နှစ်ကြာအောင် ဆောင်ရွက်ခဲ့ရသော သာဓကများရှိခဲ့ရာ ယခုပျောက်ဆုံးလေယာဉ်ရှာဖွေရေးသည်လည်း အချိန်ကြာနိုင်ကြောင်း၊ မိမိတို့သည် ယူအက်စ်ဖက်ဒရယ် မြို့ပြလေကြောင်း အေဂျင်စီနှင့် ပို့ဆောင်ရေးလုံခြုံမှုဆိုင်ရာ အမျိုးသားအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း၊ လောလောဆယ်အားဖြင့် ဗြိတိန်လေယာဉ်မတော်တဆမှုစုံစမ်းရေးဌာနခွဲနှင့် ဩစတြေးလျလေယာဉ် မတော်တဆမှုစုံစမ်းရေးဌာနခွဲတို့က အကူအညီပေးရန် ကမ်းလှမ်းမှုများရှိနေကြောင်း၊ ထို့အတူ ဘိုရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ အဖွဲ့တစ်ဖွဲ့ကလည်း ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်ပြီး အကူအညီပေးရန် မလေးရှားသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

စုံစမ်းဖော်ထုတ်

မလေးရှား တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ယခင်က ကွာလာလမ်ပူတွင် ဖောက်ခွဲရေးပစ္စည်းနှင့်အတူ စာရွက်စာတမ်းအတုကိုင်ဆောင်သူများက လေယာဉ်အပိုင်စီးရန် လုပ်ဆောင်မှုများရှိခဲ့ကြောင်း၊ ယခုကိစ္စသည်လည်း ခိုးယူထားသော နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူနှစ်ဦး လေယာဉ်ပေါ်ပါရှိနေခဲ့ရာ ထိုလူနှစ်ဦးကို အဓိကထား စုံစမ်းဖော်ထုတ်နေရကြောင်း ရိုက်တာသတင်းထောက်များကို ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့က လေယာဉ်ပေါ်တွင် နိုင်ငံကူးလက်မှတ်အတုကိုင်ဆောင်သူနှစ်ဦး ပါရှိသည်ကို အတည်ပြုပြောကြားပြီး လေယာဉ်ပေါ်တွင် နောက်ထပ်နိုင်ငံကူးလက်မှတ်အတု ကိုင်ဆောင်သူများရှိမရှိ စုံစမ်းနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ပဏာမ စုံစမ်းစစ်ဆေးမှုတွင် ပါဝင်သူ အရာရှိတစ်ဦးက လေယာဉ်အပိုင်းအစနှင့်တူသော အရာတစ်ခုမျှ ရှာဖွေတွေ့ရှိမှု မရှိခြင်းသည် လေယာဉ်သည် ပျံသန်းနေစဉ် ပေါက်ကွဲမှုကြောင့် အစိတ်စိတ်အမြွှာမြွှာဖြစ်ကာ အစိတ်အပိုင်းများ လွင့်စဉ်ပျောက်ဆုံးသွားသည်ဟု ယူဆနိုင်ကြောင်း၊ လေယာဉ်မှာ အမြင့်ပေ ၃၅၀၀၀ မှ ပျံသန်းနေခြင်းဖြစ်ရာ အပိုင်းအစတွေ့ရှိရန် မလွယ်ကူကြောင်းဆိုသည်။

ဤဖြစ်ရပ်နှင့်တူသော အဖြစ်အပျက်များမှာ ၁၉၈၅ ခုနှစ်က အတ္တလန်တစ် သမုဒ္ဒရာပေါ်ပျံသန်းစဉ် အိန္ဒိယဂျက်လေယာဉ်တစ်စင်း ဗုံးဖောက်ခွဲခံရသော ဖြစ်ရပ်နှင့် ၁၉၈၈ ခုနှစ်က စကော့တလန်နိုင်ငံ လော့ကာဘီမြို့ပေါ် ပျံသန်းစဉ် Pan Am လေယာဉ်တစ်စင်း ဗုံးဖောက်ခွဲခံရသောဖြစ်ရပ်များဖြစ်ကြောင်း၊ ထိုစဉ်က လေယာဉ်နှစ်စင်းစလုံးမှာ အမြင့်ပေ ၃၁၀၀၀ ၌ ပျံသန်းခဲ့ကြကြောင်း သိရသည်။

သဲလွန်စမရ

အမေရိကန် ပြည်ထောင်စု အနေဖြင့်လည်း ပျောက်ဆုံးလေယာဉ်မှာ ပျံသန်းနေစဉ် ဗုံးဖောက်ခွဲခံရမှုရှိမရှိ သူလျှိုဂြိုဟ်တုများ၏ ဓာတ်ပုံ ပုံရိပ်များဖြင့် အနှံ့ခံရှာဖွေသော်လည်း သဲလွန်စမရရှိခဲ့ပေ။

ဘိုရင်း ၇၇၇ အမျိုးအစား လေယာဉ်များသည် လုံခြုံရေးတွင် စိတ်ချရသော မှတ်တမ်းကောင်းများရှိသော လေယာဉ်များဖြစ်သည်။ ယမန်နှစ် ဇူလိုင်လက ယင်းအမျိုးအစား လေယာဉ်တစ်စင်း ဆန်ဖရန်စစ္စကို၌ ဆင်းသက်စဉ် နံရံတစ်ခုနှင့် တိုက်မိရာမှ ခရီးသည်သုံးဦးသေဆုံးသွားခဲ့သော လေယာဉ်မတော်တဆမှု သာရှိခဲ့သည်။

ရိုက်တာ/ကျူဒို

လွှတ်တော်သို့လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၁၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် ခနောင်တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးတင်မောင်ဦး ခေါင်းဆောင်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ခနောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တို့မှ ရပ်/ကျေး စည်းကော်မတီဝင်များ၊ စည်းရုံးရေးမှူးများ၊ ပါတီဝင်များ စုစုပေါင်း ခနောတိုင်းရင်းသားအင်အား ၂၂၅ ဦး၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၉၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၉၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၉၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အဖွဲ့ဝင် ၉၂ ဦး စုစုပေါင်း ၆၀၄ ဦးတို့သည် လွှတ်တော်အစည်းအဝေးများ ကျင်းပနေပုံကို လာရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

ရေးတွေက လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်မှသာလျှင် ရတဲ့အခွန်အမြတ်တွေနဲ့ တိုင်းပြည်အကျိုးပြုမယ့် ဖွံ့ဖြိုးတိုးတက်ရေးတွေကိုလုပ်နိုင်မှာဖြစ်ပါတယ်။ သတ္တုတူးဖော်ရှာဖွေရာမှာ ရေရှည်တည်တံ့ခိုင်မြဲအောင် (Sustainability) လုပ်ရမယ်။ ထိခိုက်မှုမရှိအောင်လုပ်ဖို့ လိုတယ်ဆိုတာကို ကျွန်တော်ပြောချင်တယ်။ ဥပမာ အင်းလေးကန်မှာ ခြင်းကြီးတွေနဲ့ ငါးတွေဖမ်းနေတာရှိတယ်။ အဲဒါ sustainability ပဲ။ ဘာလို့လဲဆိုတော့ ငါးသေးသေးလေးတွေရော အကြီးကြီးတွေကိုရော ဖမ်းတယ်။ ဒါဟာရေရှည်မှာ ထိခိုက်မယ်။ ဒီတော့သတ္တုတူးဖော်မှုတော့ လုပ်ရမယ်။ ဒါပေမယ့် ရေရှည်တည်တံ့ခိုင်မြဲတဲ့သတ္တုတူးဖော်မှုတွေဖြစ်ရမယ်။

မေး။ ဆရာရဲ့အကြောင်းနဲ့ ဆရာ မြန်မာနိုင်ငံအတွက် လုပ်ဆောင်ပေးချင်တာတွေကို သိချင်ပါတယ်။

ဖြေ။ ကျွန်တော်က ပထမဘွဲ့ကို ဒီမှာ ပဲရခဲ့တယ်။ ပြီးတော့ ကျွန်တော်က နေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အရှေ့တောင်အာရှမှာ နှစ်ပေါင်း ၃၀ ကျော် အလုပ်လုပ်လာပြီးတော့ ကိုယ့်နိုင်ငံကိုယ် အကျိုးပြုချင်တဲ့ အတွက် ဒီအရောက်လာတာပဲဖြစ်ပါတယ်။ ကျွန်တော်ကလွန်ခဲ့တဲ့ ၁၅ နှစ်အတွင်းမှာ အရှေ့တောင်အာရှတစ်ခုလုံး ဗီယက်နမ်၊ လာအို၊ ထိုင်း၊ အင်ဒိုနီးရှားမှာ ကျောင်းသားပေါင်း ၅၀ ကျော်နဲ့ မဟာတန်း၊ ပါရဂူတန်းတွေကိုသင်ပေးခဲ့ပါတယ်။

အခုအခါမှာ မြန်မာနိုင်ငံဟာ ပွင့်လင်းလာတဲ့အတွက် မြန်မာနိုင်ငံက ကျောင်းသား ကျောင်းသူ နောက်မျိုးဆက်သစ် တွေကိုလည်း အဲဒီလိုပဲ လေ့ကျင့်ပေးချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော့်ရဲ့တပည့်တွေနဲ့ ပူးပေါင်းပြီးတော့ မြန်မာပြည်ကို အပိုင်းလိုက်လေ့လာချင်တယ်။

အရှေ့တောင်အာရှ ဘူမိဗေဒကို ပိုနားလည်လာရင်တော့ သတ္တု၊ ရေနံ တွေပိုတွေ့မယ်။ ဒီအရှေ့တောင်အာရှကြီး တိုးတက်လာမယ်။ ပြီးခဲ့တဲ့ ၂၀ ရာစုက ဥရောပအတွက် ဖြစ်ခဲ့တယ်။ ဒီရာစုနှစ်အကုန်မှာ ကမ္ဘာမှာ၊ အရှေ့တောင်အာရှမှာ အဓိက စီးပွားရေးနယ်ပယ်အဖြစ် မြင့်တက်လာမှာပါ။ ဒီလိုဖြစ်လာဖို့လည်း ကျွန်တော်တို့ရဲ့ အရှေ့တောင်အာရှ ဘူမိပညာရှင်တွေကလည်း ပါဝင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဦးစိုးသူရထွန်း
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း

မေး။ မြန်မာနိုင်ငံမှာ သယံဇာတတူးဖော်မှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲဆရာ။

ဖြေ။ မြန်မာနိုင်ငံမှာ သယံဇာတထက်ပိုပြီး ရှာဖွေရဦးမှာပါ။ ကြေးဆိုရင်လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ထုတ်ရင်ဈေးနည်းတယ်။ ထုတ်ရင် မကိုက်ဘူး။ အခုအချိန်ကာလဆိုရင် ကိုက်တယ်။ သယံဇာတတူးဖော်မှုက နှစ်ကာလနဲ့ ဆိုင်တယ်။

မေး။ မြန်မာနိုင်ငံ GEOSEA အဖွဲ့ဝင်ဖြစ်ပုံနဲ့ ပတ်သက်ပြီး ပြောပြပါ။

ဖြေ။ မြန်မာက Geosea နဲ့ ပေါင်းတာ ၂၀၀၉ မှပါ။ ၂၀၀၉ မလေးရှားမှာလုပ်တဲ့ Geosea ညီလာခံမှာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက တက်ရောက်ခဲ့ပြီး ပူးပေါင်းခဲ့တာပါ။ ၂၀၁၂ တုန်းက ထိုင်းမှာလုပ်တယ်။ အခုမြန်မာပြည်မှာ လုပ်တာပေါ့။ မြန်မာပြည်မှာလုပ်တဲ့ Geosea ညီလာခံမှာ အကြမ်းဖျင်း လေးမျိုးဆွေးနွေးမယ်။ နံပါတ်တစ် သုတေသနပိုင်း၊ ကျောက်လွှာပညာရပ်နဲ့ ကျောက်ဖြစ်ရုပ်ကြွင်း အပိုင်းပေါ့။ နောက်တစ်ခါ ဘူမိပြောင်းလဲမှုဖြစ်စဉ်၊ နောက်စီးပွားဖြစ် ဘူမိသယံဇာတထုတ်တဲ့အပိုင်း။ နောက်သဘာဝဘေးအန္တရာယ်တွေကို အင်ဂျင်နီယာရှုထောင့်ကနေပြီး ဘယ်လိုကာကွယ်မလဲ။ ဘယ်လိုသက်သာအောင်လုပ်မလဲပေါ့။ အဲဒီအပိုင်း လေးပိုင်းပါ။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

အရှေ့တောင်အာရှ၏ ဘူမိ၊ ဓာတ်သတ္တု၊ စွမ်းအင်အရင်းအမြစ်ဆိုင်ရာ (၁၃)ကြိမ်မြောက်ဒေသတွင်း ကိုယ်စားလှယ်များ ဆွေးနွေးပွဲ (GEOSEA XIII)ကို ဆီဒိုးနားဟိုတယ်တွင် မတ်လ ၁၁ ရက်နေ့အထိ ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စာတမ်းပေါင်း ၈၀ ကျော်ကို ပညာရှင်အသီးသီးက ဖတ်ကြားတင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကော့သောင်းမြို့ ခုတင် ၁၀၀ ဆံ့ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

အရည်အချင်း၊ အရည်အသွေး မြင့်မားရန်လိုအပ်ပြီး ပြည်သူများနှင့် ဆက်ဆံရာတွင် စေတနာမေတ္တာ ပြည့်ဝစွာ စိတ်ရှည်သည်းခံဆက်ဆံပြောဆိုရန် လိုအပ်ပါကြောင်း၊ မိမိတို့ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာ ရရှိရန် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတိုင်းတွင် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် CB ဘဏ်၊ ACE ကုမ္ပဏီ၊ ADVENTURE MYANMAR ကုမ္ပဏီနှင့် ဧရာစွမ်းအားကုမ္ပဏီတို့မှ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ သွေးအနည်ထိုင်စက်ဝယ်ယူရန် ငွေကျပ်သိန်း ၁၂၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ ဘုရင့်နောင်တောင်ကုန်း ရှုရပ်သို့ရောက်ရှိပြီး ပတ်ဝန်းကျင်ရှုခင်းများအား ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့မှ မြိတ်မြို့သို့ရောက်ရှိရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်ဌေးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြိတ်အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် CB ဘဏ်၊ ACE ကုမ္ပဏီ၊ ADVENTURE MYANMAR ကုမ္ပဏီနှင့် ဧရာစွမ်းအားကုမ္ပဏီတို့က မြိတ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ်သိန်း ၈၀ ကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဒုတိယ သမ္မတနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းသို့ ရောက်ရှိပြီး ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ငါး၊ ပုစွန်တန် ၁၀၀၀ အအေးခန်းစက်ရုံနှင့် ကဏန်းအရေပျော့မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ပေါ်ရှိ သမိုင်းဝင် လေးကျွန်းဆီးမီးစေတီတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနှင့်လာအို ဗဟိုဘဏ်များအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၀

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် လာအိုနိုင်ငံဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို နေပြည်တော် မြတ်တော်ဝင်ဟိုတယ်၌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Somphao PHAYSITH တို့ ယနေ့တွင် လက်မှတ်ရေးထိုးကြသည်။**(ယာပုံ)**

ပူးပေါင်းဆောင်ရွက်

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့သည် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေး၊ ကြပ်မတ်ကွပ်ကဲရေး၊ ငွေကြေးမူဝါဒ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ယိမ်းအက ဆင့်ပွားနည်းပြသင်တန်းဖွင့်လှစ်

နေပြည်တော် မတ် ၁၀

နေပြည်တော် စည်ပင်သာယာရေးကော်မတီက နှစ်စဉ် ဦးစီးကျင်းပသော မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရိုးရာသင်္ကြန်အကပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိရာ ယင်းပြိုင်ပွဲများတွင် စနစ်တကျ ယှဉ်ပြိုင် ကပြနိုင်ရေးအတွက် ရည်ရွယ်၍ ဝန်ကြီးဌာနအသီးသီးမှ ဆင့်ပွားနည်းပြ တစ်ဦးစီကို ယဉ်ကျေးမှု ဝန်ကြီးဌာနတွင် စုစည်း၍ ရိုးရာမဟာသင်္ကြန်ယိမ်းအက ဆင့်ပွားနည်းပြသင်တန်းကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဖွင့်လှစ်မည်

အဆိုပါ သင်တန်းသို့ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဆင့်ပွားနည်းပြများ အပါအဝင် ဝန်ကြီးဌာနအသီးသီးမှ ဆင့်ပွားနည်းပြ ၃၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မတ် ၁၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံကြီးသားပီသစွာ အခွန်မရှောင် ပေးဆောင်ကာ နိုင်ငံပြည်သူ အကျိုးမို့ ဒို့တာဝန်တွေ ကျေပွန်စို့

ပဲခူးရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း လက်ရှိ 5 KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

နေပြည်တော် မတ် ၁၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့်နေသော ရုပ်မြင်သံကြား အစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ထားဝယ်၊ မြိတ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဲခူးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ၂၀၁၄ ခုနှစ် မတ် ၁၂ ရက်မှ ၂၅ ရက်အတွင်း Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုများဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 5 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသောလွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယင်းသို့ 500 W ဖြင့်ထုတ်လွှင့်မှုကို ပဲခူးစက်ရုံမှ မြောက်ဘက်တွင် ဘုရားကြီး၊ ဖျာပုံကြီး၊ အရှေ့ဘက်တွင် ဇဝါနှင့် တောင်ဘက်တွင် အင်းတကော်၊ ရဲမွန်အထိ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 5KW ဖြင့် ထုတ်လွှင့်စဉ် က ရရှိနေသော ၁၀ မိုင်ကျော်နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 5KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၄၂၀ မှုဖမ်းမိ

နေပြည်တော် မတ် ၁၀

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က ဘိန်း ၃၀ မှု(အလေးချိန် ၇၆ ဒသမ ၇၅၇၀ ကီလို)၊ ဘိန်းဖြူ ၁၄၄ မှု (၃ ဒသမ ၀၃၂၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃ မှု (၅၆၇၂၃၉ ပြား)၊ ဆေးခြောက် ၂၀ မှု (အလေးချိန် ၆ ဒသမ ၈၂၈၂ ကီလို)၊ ဘိန်းရည်တစ်မှု (အလေးချိန် ၂၀၁ ဒသမ ၆၂၅ လစ်တာ)၊ ကဖင်းတစ်မှု (အလေးချိန် ၅၀ကီလို)၊ ဘိန်းဆီခဲ ၅ မှု (အလေးချိန် ၂ ဒသမ ၃၈၉၁ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၅ မှု (အလေးချိန် ၀ ဒသမ ၉၃၃၄ ကီလို)၊ စိတ်ကြွဆေးအကြေမှုန့် (အလေးချိန် ၀ ဒသမ ၁၇၃ ကီလို)၊အိုက်စ်နှစ်မှု (အလေးချိန် ၀ ဒသမ ၀၅၁၇ ကီလို)၊ ဘိန်းစာမှုန့်ခြောက်မှု (အလေးချိန် ၁၈ ဒသမ ၅၂ ကီလို)၊ ဆူဒိုအက်ဖီဒရင်းသုံးမှု (၆၈၁၃၄၆ ပြား)၊ ကတ်တမင်း (အလေးချိန် ၀ ဒသမ ၂ ကီလို)၊ ထရာမဒေါလ် ခြောက်တောင့်၊ အခြားခြောက်မှု၊ မှတ်ပုံတင်ပျက်သုံးမှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၄၂၀ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၄၉၇ ဦး၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်းတရားခံ ၅၈၁ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မတ် ၈ ရက် နံနက်ပိုင်းတွင် ပျဉ်းမနား-ပင်လောင်းလမ်း (ကိုးကွေ့-ယင်းမီှ)အပိုင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ် (၃၉/၇) နှင့် (၄၀/၁)ကြား ရေဝပ်ဧရိယာအတွင်း ဖို့မြေတာပေါင်တင်၍ ကတ္တရာလမ်းခင်းရန် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကိုလည်းကောင်း၊ ကိုးကွေ့-ယင်းမီှအပိုင်း ကတ္တရာလမ်းပြုပြင်ထိန်းသိမ်းခြင်း လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း၊ ပင်လောင်းမြို့အဝင် မိုင်တိုင်အမှတ်(၄၄/၂)နှင့် (၄၄/၃) အကြား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၆၁/၁)မှ (၆၂/၄) အထိ(နောင်ဝိုးအပိုင်း) ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးဗြဲမြို့သို့ ရောက်ရှိသည်။

ယင်းနောက် ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှနှင့်အတူ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ တည်ဆောက်သော အရှည်ပေ ၃၆၀၊ ဘီဘူးချောင်းတံတား(မိုးဗြဲ) တည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်မြို့မှတစ်ဆင့် ငွေတောင်ဆည်ရှောင်လမ်းဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ၊ အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တည်ဆောက်နေသော ဘော်လခဲ-ရွာ သစ်စွပ်ပိုင်လမ်းပေါ်ရှိ အရှည်ပေ ၃၆၀၊ ပွန်ချောင်းတံတား(ဘော်လခဲ)တည်ဆောက်နေမှုအခြေအနေ၊ ဘောလခဲ- ဖားဆောင်းလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လမ်းပေါ်ရှိတံတားများ တည်ဆောက်နေမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး သံလွင်တံတား(ဖားဆောင်း) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း **(အောက်ပုံ)**လိုက်လံကြည့်ရှုသည်။

သံလွင်တံတား (ဖားဆောင်း)သည် ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်းလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် ပင်မတံတား-သံမဏိသံပေါင်၊ ချဉ်းကပ်တံတား-သံကူကွန်ကရစ်နှင့် အောက်ထည်ကို သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားကာ တံတားအရှည်ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ HS-20-44 တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်သူ့ဗဟိုပြုဝန်ဆောင်မှု သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် ပညာ့အလင်းခေတ်မီစာကြည့်တိုက်တွင် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှု သင်တန်းဖွင့်ပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းအောင်နှင့် စာနယ်ဇင်းကောင်စီ(ယာယီ) အဖွဲ့ဝင် ဦးမြင့်ကျော်တို့က သင်တန်း၏ရည်ရွယ်ချက်၊ စာနယ်ဇင်းလုပ်ငန်းနှင့် စာနယ်ဇင်းကျင့်ဝတ်၊ ပြည်သူ့ဝန်ဆောင်မှုအခန်းကဏ္ဍများကိုရှင်းလင်းပြောကြားကြသည်။ သင်တန်းကို မတ် ၁၀ ရက်မှ ၁၆ ရက်အထိပို့ချမည်ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပြန်/ဆက်ဦးစီးမှူးများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၂ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရင်သွေးငယ်များစာဖတ်ဖို့ ကလေးစာပေ ပိုထွန်းကားအောင်ဆောင်ရွက်စို့

News Story ➤ မောင်မောင်ထွေး၊ ဝင်းဝင်းမော်နှင့် နန္ဒာဝင်း
ဓာတ်ပုံ ➤ ခင်မောင်ထွေး

ဆီနှင့် မိတ်ဆက်တွေ့ဆုံခြင်း မရှိသည်မှာ အတန်ကြာပြီဖြစ်သော ဆံပင်နီကြောင်ကြောင်၊ ဖုန်မှုန့်သဲမှုန့်များနှင့် ချွေးများရောစပ်ချယ်သထားသော ပေတလူထနေသည့် မျက်နှာ၊ စွပ်ကျယ်လက်ပြတ်နှင့် ဘောင်းဘီတိုကို ဖရိုဖရဲလိုက်ဖက်စွာ ဝတ်ဆင်ထားသော အသက်ခုနစ်နှစ်အရွယ် ကောင်လေးတစ်ယောက်သည် အလေ့ကျပေါက်နေသော ပိန်းရိုင်းပင်များကို ဝါးခြမ်းပြားရှည်ဖြင့် စိတ်ပါလက်ပါ ခုတ်ပိုင်းနေသည်။

ပတ်ဝန်းကျင်ကို သူမသိ၊ ဂရုစိုက်မိပုံလည်းမရ၊ ဝါးခြမ်းပြားကို ဓားရှည်တစ်ချောင်းပမာ ဝှေ့ယမ်း၍ ဓားရေးပြလျက်ရှိသည်။ တစ်ချက်တစ်ချက်တွင်မူ သူ့နှုတ်မှ “တို့နိုင်ငံကို ကျူးကျော်သူ မိစ္ဆာတွေမှတ်ထားကွ” ဟု လည်း ကြွေးကြော်သေးသည်။

ဖခင်ဖြစ်သူ ဦးချစ်ဖေကတော့ သူ့သားကိုကြည့်ပြီး ပြုံးနေသည်။ အဖေပီပီ သား၏အတွင်းစိတ်ကို ဖတ်မိသည်။

အပတ်စဉ် ဝယ်ပေးနေကျရွှေသွေးဂျာနယ်ထဲတွင် လတ်တလော ဆရာစံတောင်သူလယ်သမား အရေးတော်ပုံ အခန်းဆက်ရုပ်ပြ၌ နယ်ချဲ့တို့က ပြည်သူများကို အနိုင်ထက်ကလူ နှိပ်စက်နေပုံများကို ဖတ်ပြီး သူ့ကိုယ်သူ တော်လှန်ရေးသမားကြီးပမာ စျာန်ဝင်ကစားနေကြခြင်း ဖြစ်ကြောင်း ခန့်မှန်းမိပါသည်။ တစ်ဆက်တည်းမှာပင် ကျေနပ်အားရသော ပီတိပြုံးတစ်ခု ပြုံးလိုက်မိသည်။

ဆရာကြီးရွှေဥဒေါင်းက “စာမဖတ်တဲ့သူ တစ်ဦးက သာမန်ကိစ္စလေးကို တအံ့တဩလာပြောတာ မကြာခဏ မြင်ဖူးတယ်” ဟူ၍ လည်းကောင်း၊ ဆရာကြီး သခင်အောင်ဖေက “သင်အလိမ်မခံချင်ရင် စာဖတ်ပါ” ဟူ၍ လည်းကောင်း၊ နာမည်ကျော် အင်္ဂလိပ်လူမျိုး စာရေးဆရာကြီး Francis Bacon က “ စာဖတ်ခြင်းဖြင့် ပြည့်ဝသောသူတစ်ယောက်ဖြစ်လာနိုင်သည်၊ စာရေးခြင်းဖြင့် တိကျသော လူတစ်ယောက်ဖြစ်လာနိုင်သည်။ ဆွေးနွေးခြင်းဖြင့် တခ်ဏပွတ္တိဉာဏ် (လျင်မြန်သောဉာဏ်) ဖြစ်လာနိုင်သည်ဟု လည်းကောင်း ဆိုခဲ့ကြသည်။

မင်္ဂလာမောင်မယ်နှင့်မြတ်မင်္ဂလာ စာစောင်အုပ်ချုပ်မှု အယ်ဒီတာ ဆရာမောင်ရွှန်းသစ်



မြဝတီစာပေတိုက် တာဝန်ခံ စာတည်း (ငြိမ်း) ရေနံမြေ မောင်မောင်ကြည်

သို့ဖြင့်နိုင်ငံသားတိုင်း စာကောင်းပေမွန်များကိုဖတ်ဖို့လိုသည်။ စာဖတ်ကျင့်ကို ငယ်စဉ်ကလေးဘဝကတည်းက အခြေခံကျကျ လေ့လာဖတ်ရှုတက်လှမ်းနိုင်လျှင် ပိုကောင်းသည်။ မိဘများကလည်း ကိုယ့်ရင်သွေးကို ငယ်စဉ်ကတည်းက စာဖတ်ကျင့်ရဖို့ ပြုစုပျိုးထောင်ပေးသင့်သည်။

ပစ္စုပ္ပန်တွင် ကလေးဂျာနယ်၊ စာစောင်၊ ကာတွန်းရုပ်ပြများ ထွက်ပေါ်ဆဲရှိသော်လည်း ယခင်ခေတ်ကဲ့သို့ အားကောင်းမောင်းသန် မရှိလှတော့၊ ထို့အတူပြောင်းလဲလာသော ခေတ်ရေစီးနှင့်အတူ ကလေးငယ်များလည်း ယခင်ကကဲ့သို့ လေ့လာဖတ်ရှုအား မကောင်းလှတော့။

“၁၉၅၅၊ ၁၉၅၆ ခုနှစ်ဝန်းကျင်ကတော့ မဂ္ဂဇင်းတွေမှာ ကလေးကဏ္ဍကို ရှေ့က ဖော်ပြကြတယ်။ ကလေး၊ ရှုမဝ၊ စာပေဗိမာန်ကလေးကဏ္ဍ၊ မြဝတီကလေးကဏ္ဍဆိုပြီး သီးသန့်လည်းရှိခဲ့တယ်။ ဆရာ ငွေးမောင်၊ ပန်းတနော်ဝင်းသိန်း၊ ယုဝတီမာလာသိန်း၊ ဆရာမင်းယုဝေ အပါအဝင် ကလေးစာပေရေးတဲ့သူ အတော်များတယ်။ ရှုမဝမှာ ဦးဘဂျမ်းရဲ့ ရုပ်ပြသရုပ်ဖော်ဆိုရင် ကလေးတွေ တော်တော်ကြိုက်ကြတယ်။ ဆရာဇဝနဦးစီးတဲ့ ကလေးဂျာနယ်ဆိုရင် တစ်အုပ်လုံးကလေးကဏ္ဍပဲ၊ ပန်းချီက ဦးစိန်၊ တစ်အုပ်မှ တစ်ကျပ်ပဲ တော်တော်အောင်မြင်ခဲ့တယ်။ အခုအထိ အဲဒီလို ကလေးစာပေမျိုး ကျွန်တော်မတွေ့ဖူးဘူး။ ကိုယ်ဆိုရင် ၁၉၅၂ ခုနှစ် ကလေးဘဝက ကလေးဂျာနယ်အသင်းဝင်ပေါ့” ဟု ၂၀၀၂ ခုနှစ်တွင် လူငယ်စာပေကဏ္ဍ၊ ၂၀၀၈ ခုနှစ်တွင် “ချစ်စရာကလေးများ” စာအုပ်ဖြင့် ကလေးစာပေကဏ္ဍတို့ဖြင့် အမျိုးသားစာပေဆု ဆွတ်ခူးခဲ့ပြီး မြဝတီစာပေတိုက် တာဝန်ခံစာတည်း (ငြိမ်း) ဖြစ်သူ ဆရာရေနံမြေ မောင်မောင်ကြည်က ဆိုသည်။

“ကလေးဆိုတာ အိမ်တစ်အိမ်မှာ အိမ်ရဲ့ဆည်းလည်းလေးတွေပဲ၊ ကလေးတွေက စာစောင်တစ်ခုမှာ ကလေးကဏ္ဍမပါရင် မဖတ်တော့ဘူး။ ပစ်ထားလိုက်တာပဲ။ သူတို့ကဏ္ဍဖြစ်တဲ့ ကာတွန်းလေး၊ ရုပ်ပြလေး၊ ပုံပြင်လေးတွေ ပါမယ်ဆိုရင် အလုအယက်ဖတ်ကြတာပဲ။ အခုနောက်ပိုင်းမှာဆိုရင် သိတဲ့အတိုင်းပဲ ကလေးကဏ္ဍဆိုတာမရှိသလောက်ပဲ၊ ဟိုတုန်းကတော့ စာပေဗိမာန်ထုတ် ရွှေသွေး၊ မြဝတီက တေဇ၊ မိုးသောက်ပန်းစာစောင်တွေအတော်အောင်မြင်ခဲ့တယ်။ ဆရာဂယက်နီတို့၊ ဆရာမုံရွာဝင်းဖေတို့ အင်မတန်ကောင်းတယ်၊ ကျွန်တော်လည်း ဝတ္ထုတိုလေးတွေရေးဖူးပါတယ်။

ကလေးကဏ္ဍပါမှ ကလေးတွေ ပျော်မှာပေါ့၊ ကလေးတွေရုပ်ရှင်ကြည့်မယ့်အစား ဒီကလေးစာပေတွေ ဖတ်ခြင်းအားဖြင့် နောင်တစ်ချိန် စာပေလိုက်စားနိုင်မယ်၊ ဝါသနာပါလာနိုင်မယ်”ဟု ပြောသည်။

ဆက်လက်၍ “ကလေးစာပေဆိုတာ ကလေးအရွယ်ဖတ်ဖို့ပါ။ လူကြီးကာတွန်းတွေဖော်ပြရင် ကလေးနဲ့မအပ်စပ်တော့ဘူး။ ကလေးအတွက်ဆို ‘မီးကိုမကိုင်နဲ့၊ ကိုင်ရင်ပူတယ်’ဆိုတဲ့ လက်တွေ့ကျဖို့လိုပါတယ်။ ကလေးဆိုတာ ငယ်သေးတာကိုး၊ ကလေးစာပေက စာချည်းမရဘူး။ ရုပ်ပြကာတွန်းပါမှ၊ အခုကလေးစာပေတွေ ထွက်နေပေမယ့် ယေဘုယျပြောရရင် အားနည်းသေးတယ်။ ကလေးပရိသတ်ကတော့ မနည်းပါဘူး။ အိမ်တိုင်းမှာ ကလေးရှိတာပဲ၊ ဒါကြောင့်ကလေးတွေအတွက် နေရာပေးရပါမယ်။ ကလေးဆိုတာ ပန်းပင်ပျိုးသလိုပါပဲ၊ လူကြီးတွေဖတ်တာကို တက်ဖတ်လို့မရဘူး။ ကလေးဆိုတာ ဦးနှောက်အင်မတန်နုနယ်တဲ့အရွယ်ကိုး၊ အဆိပ်အတောက်ဖြစ်စေမယ့် စာပေမျိုးကို ဖတ်သွားမှာ စိုးရိမ်ရပါတယ်”ဟု ဆိုသည်။

ဆရာမင်းယုဝေ ဦးစီးသည့် မင်္ဂလာမောင်မယ်နှင့် မြတ်မင်္ဂလာ စာစောင်အုပ်ချုပ်မှု အယ်ဒီတာ ဆရာမောင်ရွှန်းသစ်က “မြတ်မင်္ဂလာကတော့ လူကြီးတွေအတွက်ဖြစ်ပြီး နောက်ပိုင်းမှာတော့ ကလေးလူငယ်တွေအတွက် မင်္ဂလာမောင်မယ်ကို ထုတ်ဝေခဲ့ပါတယ်။ ၁၉၉၀ က စထုတ်ခဲ့တာပါ။ တစ်လတစ်ကြိမ် တောက်လျှောက် ထုတ်ဝေနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ပုံမှန်စာအုပ်တစ်အုပ် အကြာကြီးခံဖို့ခက်တယ်။ စီးပွားရေးအရ မအောင်မြင်တော့ ပြုတ်ကုန်တာများတယ်။ ရှုံးတော့ ဆက်မလုပ်နိုင်ဘူးပေါ့။

ပရိသတ်လည်းရှိရမယ်။ ထုတ်ဝေသူကလည်းရှိရမယ်။ ဒီနှစ်ခုရှိမှ တည်တံ့တာပေါ့။ မင်္ဂလာမောင်မယ်က စာဖတ်တတ်တဲ့အရွယ်ကနေ ဆယ်တန်းအထိကို မှန်းပြီး ကျောင်းသင်ခန်းစာအတွက်လည်း အထောက်ကူပြုရမယ်။ လိမ္မာယဉ်ကျေးရမယ်ဆိုတာကို ရည်ရွယ်ပြီးထုတ်ဝေတာပါ။ “အရက်သောက်တာ မကောင်းဘူး၊ ဆေးလိပ်သောက်တာမကောင်းဘူး” ဆိုတာမျိုးကို တိုက်ရိုက်မပြောဘဲ ပုံပြင်၊ ကဗျာ၊ ရုပ်ပြ၊ ဝတ္ထုအဖြစ်အနုပညာနဲ့ပြောတာပေါ့၊ ဒါပေမယ့် မြန်မာနိုင်ငံမှာရှိတဲ့ ကလေးအတွက်ဆို ကျွန်တော်တို့ အခုထုတ်တဲ့စာစောင်နဲ့ဆိုရင် အင်မတန်နည်းတယ်။ “ဆင်ပါးစပ်နှမ်းပက်သလောက်ပဲ” ရှိတာ။ ဒါကြောင့် ခုနက ဆရာမောင်မောင်ကြည် ပြောသလို အောင်မြင်တဲ့ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်တွေမှာ ကလေးတွေအတွက် သုံး၊ လေးမျက်နှာ ဖြစ်ဖြစ်၊ တစ်ဖောင် သို့မဟုတ် ဖောင်ဝက်ဖြစ်ဖြစ် ထည့်ပေးဖို့ကောင်းတယ်။ ကလေးတွေ စိတ်ဝင်စားအောင်၊ ဖတ်ချင်လာအောင်ပေါ့၊ ပထမအဆင့် ဖတ်ချင်အောင် လုပ်ရမယ်၊ သူတို့ဖတ်တဲ့စာဟာ သူတို့အတွက် အကျိုးရှိသွားရမယ်။ အနည်းဆုံး မကောင်းတာလုပ်ရင် မကောင်းဘူး၊ ဒါကြောင့် ကောင်းတာလုပ်ရမယ်။ လူကြီးကို ကူညီရမယ်၊ အနိုင်မကျင့်ရဘူး၊ အဲဒီလိုကောင်းတဲ့ စိတ်မျိုးဝင်သွားအောင် လုပ်ရမယ်။ ကလေးစာအုပ်ဆိုပြီး ထွက်လာတာ လူကြီးအတွေးအခေါ်ဆိုရင် ကလေးတွေလိုက်မမီဘူး”ဟု ဆိုသည်။

စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်ဥမ္မာထွေးက “ကလေးစာကြည့်တိုက်နှင့် အီလက်ထရွန်နစ် စာကြည့်တိုက်ကို ၂၀၀၁ ခုနှစ် အောက်တိုဘာ ၁ ရက်က အခမ်းအနားနဲ့ ဖွင့်ခဲ့ပါတယ်။ စနေနဲ့ တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက် ၉ နာရီခွဲကနေ ညနေ ၄ နာရီခွဲအထိ ဖွင့်ပါတယ်။ ဘာသာရပ် ၁၀ မျိုးပါဝင်တဲ့ မြန်မာစာအုပ် ၁၄၀၀ ကျော်၊ အင်္ဂလိပ်စာအုပ် ၁၈၀၀ ဝန်းကျင်၊ ဂျာနယ်၊ စာစောင် ၃၀၀၀ ကျော်၊ မဂ္ဂဇင်း ၈၀၀ ကျော်နဲ့ ကာတွန်း ၃၀၀ ကျော် စုစုပေါင်းစာအုပ် ၇၀၀၀ ကျော် ရှိပါတယ်။ ပန်းချီဆွဲဖို့ ခဲတံ၊ ဆေးရောင်ခြယ်ဖို့အပြင် ကလေးတွေ တွေးခေါ်စရာဖြစ်မယ့် ကစားစရာတွေပါ ထားပေးထားပါတယ်။ ၁၂ နှစ်အောက်ကလေးတွေ ထိုင်ပြီးဖတ်လို့ရအောင်၊ အသုံးပြုစရာတွေကို အသုံးပြုလို့ရအောင်ထားပေးထားပါတယ်။ ကလေးတွေ စာဖတ်နည်းတယ်၊ ကျောင်းပိတ်ရက်မှာ အများဆုံးလာဖတ်တာတောင် ၂၀၊ ၂၅ ဦးပဲရှိပါတယ်။

မိဘတွေက စာကြည့်တိုက်ကို လာပို့တာလည်း နည်းတာလည်းပါတာပေါ့။ ကျွန်မသွားရောက်လေ့လာခဲ့တဲ့ စင်ကာပူနိုင်ငံမှာဆိုရင် ကလေးစာကြည့်တိုက်မှာ အမေတွေကကလေးတွေနဲ့ထိုင်ပြီး စာဖတ်ပေးကြတယ်။ ကလေးတွေ မရှင်းတာမေးရင် မိဘကပြန်ရှင်းပြပေးကြတယ်။ ဈေးဝယ်စရာရှိရင်လည်း ကလေးတွေကို စာကြည့်တိုက်မှာထားခဲ့ပြီးမှ ဈေးဝယ်သွားကြတယ်။ ကျွန်မတို့ဆီမှာ မိဘတွေက ကလေးတွေကို တခြားနေရာတွေလိုက်ပို့တာထက်စာရင် ကလေးစာကြည့်တိုက်ကိုပို့ပြီး ပို့ပေးသင့်ပါတယ်။ ကလေးတွေနဲ့အတူထိုင်ပြီး ဖတ်ပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့”ဟုဆိုသည်။

“သားတို့အိမ်နားက စာအုပ်ဆိုင်မှာ ငှားဖတ်ရင် တစ်အုပ်ကို ငွေကျပ် ၅၀၊ ၁၀၀ ပေးရပါတယ်။ ဘိုဘိုစာအုပ်ကို အများဆုံး ငှားဖတ်ပါတယ်။ စာအုပ်ဆိုင်က သိပ်မရှိပါဘူး။ ဒါကြောင့် ဂိမ်းဆော့တယ်။ ကာတွန်းကား ကြည့်ပါတယ်” ဟု ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ အသက် ၁၀ နှစ်အရွယ် ကလေးငယ်တစ်ဦးက ဆိုသည်။

ဖတ်ချင်စဖွယ် ကလေးစာပေများ

ပစ္စုပ္ပန်တွင် ကလေးများ အလိမ္မာတိုးပြီး အသိဉာဏ်မြင့်မားစေမည့် ရုပ်ပြကာတွန်းစာစောင်များ၊ ပုံပြင်ကောင်း၊ ဇာတ်လမ်းကောင်းများ၊ ရိုးရာပုံပြင်များ၊ ဟာသပုံပြင်များ၊ နိုင်ငံတကာပုံပြင်များ၊ ထူးဆန်းထွေလာပုံပြင်ဆန်းများ၊ ပုံပြင်မျိုးစုံပါဝင်သောစာအုပ်များထွက်ရှိနေသော်လည်း လက်ရှိကလေးဦးရေနှင့်နှိုင်းယှဉ်လျှင် နည်းပါးလျက်ရှိသေးရာ “ရင်သွေးငယ်များ စာဖတ်ဖို့ ကလေးစာပေပိုထွန်းကားအောင် ဆောင်ရွက်စို့”ဟု ဆိုချင်ပါသည်။ ။

“အရက်သောက်တာ မကောင်းဘူး၊ ဆေးလိပ်သောက်တာမကောင်းဘူး” ဆိုတာမျိုးကို တိုက်ရိုက်မပြောဘဲ ပုံပြင်၊ ကဗျာ၊ ရုပ်ပြ၊ ဝတ္ထုအဖြစ် အနုပညာနဲ့ပြောတာပေါ့။

ပြည်တွင်းသတင်း

Challenges of a Free Press ခေါင်းစဉ်ဖြင့် နိုင်ငံတကာလူထုပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ညီလာခံကျင်းပ

ရန်ကုန် မတ် ၁၀

East-West Center က ကြီးမှူးကျင်းပသည့် "Challenges of a Free Press" ခေါင်းစဉ်ဖြင့် နိုင်ငံတကာ လူထုပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ညီလာခံ (International Media Conference) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါညီလာခံသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ပြည်တွင်းရှိ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အမေရိက၊ အာရှနှင့် ပစိဖိတ်ဒေသများရှိ နိုင်ငံပေါင်း ၃၀ ခန့်မှ မီဒီယာများ တက်ရောက်ကြသည်။

ညီလာခံတွင် East - West Center ဥက္ကဋ္ဌ Mr. Charles E.Morrison၊ Media Program Asia Konrad Adenauer Stiftung မှ ဒါရိုက်တာ Mr. Terben Stephan နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲထွဋ်က မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရှိခဲ့သည့် အောင်မြင်မှုများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ မီဒီယာများက သိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် "Myanmar Media Reforms in Regional Perspective" ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံမှ Kavi CHONGKITT-AVORN၊ ဖိလစ်ပိုင်နိုင်ငံမှ Melinda Quintos DE JESUS၊ မြန်မာနိုင်ငံမှ Myanmar Freedom ဂျာနယ် အယ်ဒီတာချုပ် ဦးသီဟစောနှင့် မလေးရှားနိုင်ငံမှ Steven GAN တို့က ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အစုအဖွဲ့များဖွဲ့ကာ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါညီလာခံကို မတ် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒေသအတွင်းရှိ အဓိကဖြစ်ပေါ်နေသော မီဒီယာဆိုင်ရာ အကြောင်းအရာများ၊ ဒေသတွင်းနိုင်ငံများ၌ ဖြစ်ပေါ်နေသော စိန်ခေါ်မှုများ၊ မီဒီယာလွတ်လပ်ခွင့်နှင့် မီဒီယာများ၏ အနာဂတ် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားကြမည် ဖြစ်သည်။

(သတင်းစဉ်)

East-West Center က ကြီးမှူးကျင်းပသည့် "Challenges of a Free Press" ခေါင်းစဉ်ဖြင့် နိုင်ငံတကာ လူထုပြန်ကြားဆက်သွယ်ရေးဆိုင်ရာ ညီလာခံတွင် နိုင်ငံအသီးသီးမှမီဒီယာများက မေးမြန်းကြစဉ်။ (သတင်းစဉ်)

အမေရိကန် ဘော်စတွန်မြို့၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပင်လယ်စာပြပွဲသို့ တက်ရောက်ရန် ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများကို အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး မိတ်ဆက်ပြသရန်နှင့် အမေရိကန်ပြည်ထောင်စု၏ ရေထွက်ကုန်ပစ္စည်း ဈေးကွက်လိုအပ်ချက်အခြေအနေများအား လေ့လာသုံးသပ်၍ မိမိတို့၏ထုတ်လုပ်မှုနှင့် ချိန်ညှိဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့၌ မတ် ၁၆ ရက်မှ ၁၈ ရက်အထိကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပင်လယ်စာပြပွဲ (Seafood Expo North America-2014) သို့ တက်ရောက်ပြသလေ့လာရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင် ဦးဆောင်သော အဖွဲ့ဝင်ကိုးဦးပါ ရှေ့ပြေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၉ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "ကျွန်တော်တို့အနေနဲ့ရရှိလာတဲ့အခွင့်အရေးကို အစွမ်းကုန်အသုံးချနိုင်ဖို့အတွက် အမေရိကန်ဈေးကွက်လိုအပ်ချက်ကို လေ့လာသွားမှာပါ။ ဈေးကွက်လိုအပ်ချက်နဲ့လည်း ကိုက်ညီ၊ ကျွန်တော်တို့ရဲ့ ရေမြေရာသီဥတုနဲ့လည်းကိုက်ညီပြီး အကျိုးအမြတ်ရရှိမဲ့ ငါး၊ ပုစွန်တွေကို မွေးမြူထုတ်လုပ်ဖို့ လေ့လာသွားမှာပါ။ ပြပွဲမှာ မြန်မာ့ရေထွက်ကုန်ပစ္စည်းတွေကို ပြခန်းနှစ်ခန်းနဲ့ပြသမှာပါ။ ဒါ့အပြင် ဗီဒီယိုဆလိုက်၊ လက်ကမ်းစာစောင်နဲ့ အေးခဲငါး၊ ပုစွန်တွေကို ပြသမိတ်ဆက်မှာဖြစ်ပါတယ်။ ပြန်ရောက်လာရင်လည်း မြန်မာ့ရေထွက်ပစ္စည်းထုတ်လုပ်ပြုပြင်ရောင်းဝယ်သူတွေကို လေ့လာမှုအခြေအနေနဲ့ စပ်လျဉ်းပြီး ပြန်လည် ရှင်းပြသွားမှာပါ" ဟု ပြောကြားသည်။

အဆိုပါပြပွဲသို့ တက်ရောက်ရန် မတ် ၁၃ ရက်တွင် အဖွဲ့ဝင် ၂၀ ပါ ကိုယ်စားလှယ်အဖွဲ့ ထပ်မံထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

တင်ပို့ခဲ့

အမေရိကန် ပြည်ထောင်စုနှင့် မြန်မာနိုင်ငံတို့သည် ၁၉၈၈ ခုနှစ် မတိုင်မီက မြန်မာ့ရေထွက်ကုန်များအား ကုန်သွယ်မှုပြုခဲ့သော်လည်း ၁၉၈၈ ခုနှစ်တွင် စီးပွားရေးပိတ်ဆို့မှုခံခဲ့ရသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများသို့ မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို အခြားနိုင်ငံအမည်ဖြင့် တင်ပို့ခဲ့ရသည်။

၂၀၁၀-၂၀၁၁ ခုနှစ်မှစတင်လျက် မြန်မာနိုင်ငံ၌ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများပါဝင်သည့် ဘက်စုံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများမှ ပိတ်ဆို့အရေးယူမှုများကို ကင်းလွတ်ခွင့်ပြုခဲ့သဖြင့် မြန်မာ့ ရေထွက်ကုန်ပစ္စည်းများကို အမေရိကန်နှင့် ဥရောပဈေးကွက်များသို့ တင်ပို့ရောင်းချရန် အခွင့်အလမ်းများ ရရှိလာခဲ့သည်။

(သတင်းစဉ်)

စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေဩဇာလုပ်ငန်းလုပ်ကိုင်သူများ သိရှိစေရန် အသိပေးကြေညာချက်

- မြေဩဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေဩဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများသုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေဩဇာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက် ရှိပါသည်။
- ယခုအခါတွင် ဈေးကွက်အတွင်း မြေဩဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများ၊ မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာများကို ရောင်းဝယ်မှုများရှိနေကြောင်း သိရှိရပါသည်။
- အောက်ဖော်ပြပါ မြေဩဇာများမှာ မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။
- ယင်းမြေဩဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်နိုင်သဖြင့် မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေဩဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။
- မြေဩဇာထုတ်လုပ်၊ တင်သွင်းသည့်ကုမ္ပဏီလုပ်ငန်းများ၊ မြေဩဇာရောင်းချသည့်အရောင်းဆိုင်များသည် မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြေဩဇာများကိုထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေဩဇာဥပဒေပုဒ်မ (၃၁၊၃၂၊ ၃၃၊ ၃၄၊ ၃၅) တို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေဩဇာကော်မတီ**

မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာများစာရင်း

စဉ်	မြေဩဇာအမည်	ဖော်ပြထားသောစံချိန်စံညွှန်း	တွေ့ရှိရာဒေသ
၁။	နတ်သမီး Compound (ထိုင်းစာ)	(N;20%,P_2O_5;8%,K_2O;20%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၂။	Scorpion နှင့်ရော်ဘာပင်ပုံ (ရွှေရောင်အိတ်)	-	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၃။	Yaramila	(N;14%,P_2O_5;14%,K_2O;21%)	ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၄။	ရွှေလင်းနို့ သဘာဝရွက်ဖျန်းအားဆေး	-	ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၅။	Zezhou	(N;46%)	တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

အာဆီယံ-ကိုရီးယား စင်တာ ASEAN-Korea Centre (AKC)က ကြီးမှူး၍ ရန်ကုန်မြို့ Sedona Hotel ၌ မတ် ၂၄ ရက်တွင် " Korea Market Access Seminar on Myanmar Agricultural Products "အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တန်ဖိုးမြင့်ထုတ်ကုန်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကိုရီးယားနိုင်ငံ စားသောက်ကုန်လုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများမှ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်စေရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့တက်ရောက်ရန် စိတ်ပါဝင်စားပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဖုန်း-၀၁-၂၅၁၈၂၄ နှင့် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖုန်း-၂၁၄၈၄၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပြီး လူဦးရေ ၁၀၀ ခန့် တက်ရောက်ရန် လျာထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မျက်စိစမ်းသပ်စက်လှူဒါန်း

ရန်ကုန် မတ် ၁၀

စင်္ကာပူသမ္မတနိုင်ငံအခြေစိုက် The Great Eastern Life အာမခံကုမ္ပဏီ၏ ဌာနေကိုယ်စားလှယ်ရုံးခွဲကို ရန်ကုန်မြို့ နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ Union Business Center တွင် ဖွင့်လှစ်ရန်အတွက် ဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပသည်။ ဌာနေကိုယ်စားလှယ်ရုံးခွဲ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် The Great Eastern Life Insurance Co., မှ ဗဟန်းမြို့နယ် ဇီဝိတသံယာ့ဆေးရုံကြီးသို့ အမေရိကန်ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိ မျက်စိစမ်းသပ်စက်၊ စားပွဲခုံနှင့် မှန်ဘီလူးများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော် သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏အသေးစိတ်အချက်အလက်များကို ၁၁-၃-၂၀၁၄ ရက်မှ ၁၃-၃-၂၀၁၄ရက်အထိ နေ့စဉ် ၁၀း၀၀ နာရီမှ ၁၄း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၃-၂၀၁၄ရက် ၁၄း၀၀နာရီမှ ၁၅း၀၀နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါ စွန့်ပစ်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော် သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၃၆ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

အမည်ပြောင်း

သူနာပြုတက္ကသိုလ်(မန္တလေး)စတုတ္ထနှစ် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)တွင် တက်ရောက်နေသည့် မနှင်းကိုကိုအောင် ၁၃/ဆဆန(နိုင်)၀၉၅၇၆၃အား ယနေ့မှစ၍ မနန်းနှင်းကိုကိုအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနန်းနှင်းကိုကိုအောင်**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပိတောက်ကုန်းကျေးရွာအုပ်စုအတွက် ကျေးလက်ဆေးပေးခန်းဖွင့်

ရေတာရှည် မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပိတောက်ကုန်းကျေးရွာတွင် မတ် ၉ ရက်က ကျေးလက်ဆေးပေးခန်း ဖွင့်လှစ်ခဲ့သည်။

ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသော ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရေတာရှည်မြို့နယ်တွင် မြို့နယ်ဆေးရုံတစ်ခု၊ တိုက်နယ်ဆေးရုံနှစ်ခု၊ တည်ဆောက်ဆဲ တိုက်နယ်ဆေးရုံတစ်ခုရှိပြီး ကျေးလက်ကျန်းမာရေးဌာနခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၃၂ ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနခွဲ သုံးခုရှိသည်။

"အခုလို ကျေးလက်ဆေးပေးခန်းဖွင့်လှစ်နိုင်တဲ့အတွက် ပြည်သူတွေကို အနီးကပ် စောင့်ရှောက်နိုင်မယ်၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး၊ ကိုယ်ဝန်ဆောင် မိခင်တွေနဲ့ ငါးနှစ်အောက်ကလေးတွေ သေဆုံးမှုမရှိအောင် လိုအပ်တဲ့ဆေးဝါးတွေ ဖြန့်ဝေပေးနိုင်မှာဖြစ်တယ်"ဟု ဘက်စုံသားဖွားဆရာမ ဒေါ်အေးအေးသင်းက ပြောကြားခဲ့သည်။

အဆိုပါ ပိတောက်ကုန်းကျေးလက်ဆေးပေးခန်းကို ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၄၅ သိန်းနှင့် ဒေသခံကျေးရွာများမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပိတောက်ကုန်း၊ ရေတာရှည်လေး၊ ရေငန်၊ အင်းကြီးပေါက်၊ ကျွန်းကုန်းကျေးရွာ အမကကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဦးကျော်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဖြိုးလွင်အောင်

စဉ့်ကူးမြို့နယ်တွင် ကျေးလက်အိပ်မက်လမ်းမကြီး ဖောက်လုပ်လျက်ရှိ

စဉ့်ကူး မတ် ၁၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကုန်စည်စီးဆင်းမှု လွယ်ကူ မြန်ဆန်စေရေးတို့အတွက် မြစ်ရေဝင် ကျွန်းပိုင်းကျေးရွာများနှင့် ကားလမ်းကုန်းပိုင်း ကျေးရွာများကို ဆက်သွယ် ပေါင်းစည်းပေးမည့် ၃ ဒသမ ၅ မိုင်ရှိ ရွှေပြည်-တောင်အင်း-ထုံးကြီး ကျေးလက်အိပ်မက်လမ်းမကြီးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဖောက်လုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

ဧရာဝတီမြစ်ကြီးသည် စဉ့်ကူးမြို့နယ်၏ အလယ်တည့်တည့်မှ ဖြတ်သန်းစီးဆင်းသဖြင့် ပထဝီအနေအထားအရ စဉ့်ကူးမြို့နယ်သည် မြစ်ချောင်းအင်းအိုင်များ ပေါများပြီး သဲသောင်များထူထပ်ကာ သွားလာရေးခက်ခဲလှသည်။ စဉ့်ကူးမြို့နယ်တစ်ခုတည်းတွင် အခွန်ထမ်းအင်း ၃၈ လုံးရှိရာ နှစ်စဉ် နိုင်ငံတော်အတွက် အခွန်ဝင်ငွေ ကျပ်သိန်း ၅၀၀ ကျော် ရှာပေးလျက်ရှိပြီး ငါးသယံဇာတ ပေါကြွယ်ဝသည့် မြို့နယ်တစ်မြို့နယ်အဖြစ် ဆယ်စုနှစ်များစွာ ရပ်တည်နိုင်ခဲ့သည်။

ထိုကဲ့သို့ မြစ်ချောင်းအင်းအိုင်နှင့် သဲသောင်များပေါသည့် မြို့နယ်ဖြစ်သည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် ပြည်ထောင်စုလွှတ်တော်က ခွဲဝေပေးသောရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွဲဝေချထားပေးသော ရန်ပုံငွေနှင့် သက်ဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတို့ဖြင့် ဖောက်လုပ် ဆောင်ရွက်ခဲ့ရာ အဆိုပါ ရွှေပြည်-တောင်အင်း-ထုံးကြီး ကျေးလက်အိပ်မက်လမ်းမကြီးလည်း တစ်ခုအပါအဝင် ဖြစ်သည်။

ထိုဒေသသည် မိုးတွင်းကာလတွင် ရေတစ်တန်၊ ကုန်းတစ်တန်၊ လှေတစ်တန်၊ လှည်းတစ်တန် သွားလာရပြီး မိုးကြီးလျှင် သွားလာ၍ မရတော့ဘဲ ခရီးမတွင်တော့ပေ။

ယခုအခါ အဆိုပါ ရွှေပြည်-တောင်အင်း-ထုံးကြီး ကျေးလက်အိပ်မက်လမ်းမကြီးကို (၄၅ ×၁၄ × ၁၂)ပေ သစ်သားတံတား ရှစ်စင်း၊ (၉၀× ၁၄ × ၁၂) ပေ သစ်သားတံတားတစ်စင်း၊ (၁၈၀ × ၁၄ × ၁၂) ပေ သစ်သား တံတား တစ်စင်းနှင့် မူလသစ်သားတံတား နှစ်စင်း (ထပ်မံပြုပြင်) စုစုပေါင်း သစ်သားတံတား ၁၂ စင်းနှင့် မြေသားလမ်း (၁၈ × ၄) ပေနှင့် ကျောက်ချောလမ်း (၁၂ × ၈)ပေ တို့ဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အိပ်မက်လမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက သွားလာမှုခက်ခဲသော ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေပြီး မြစ်ရေဝင်ကျွန်းပိုင်း ကျေးရွာ ၅၀ တို့မှ ကျေးလက်နေပြည်သူများ ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တစ်ရွာမှတစ်ရွာသို့ လည်းကောင်း၊ ရွှေဘို-မန္တလေး-မိုးကုတ်မြို့ကြီးများ သို့လည်းကောင်း အဆိုပါလမ်းမကြီးမှ ခရီးကြန့်ကြာမှု မရှိစေတော့ဘဲ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် အချိန်မရွေး၊ ရာသီမရွေး သွားလာနိုင်ကြတော့မည်ဖြစ်၍ စိတ်ကူးအိပ်မက်မှ လွန်မြောက်နိုးထလာကြတော့မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ အနေဖြင့်လည်း ဝမ်းမြောက် ကြိုဆိုလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်

သိမ်တောင်ရေစက်ချအလှူ

မန္တလေး မတ် ၁၀

ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အရှေ့ဘက် ရွှေတောင်ကျောင်းတိုက်အတွင်းရှိ ဇမ္ဗူဒီပဇေယျသိဒ္ဓိ သိမ်ကျောင်းတော်ကြီးကို မန္တလေးချမ်းအေးသာစံမြို့နယ် ၇၅ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား မောရဂီပါရပ်နေ အစ်ကိုကြီး ဦးမောင်ဆန်းအား ရည်စူး၍ သိမ်ကျောင်း ဒါယကာမကြီး ဒေါ်နန်းစိန်၊ ဒါယကာ ဦးမောင်သန်း ဆလကအင်ဂျင်နီယာငြိမ်း၊ ဒါယိကာမ ဒေါ်တင်သိန်းဦး အလှူရှင်မိသားစုက ကောင်းမှုပြု၍ လှူဒါန်းထားသော သိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါသိမ်ကျောင်းတော်မြတ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တံတားဦးမြို့ သူငယ်တော်တောရဆရာတော် ဘဒ္ဒန္တအရိယဝံသအမှူးပြုသော ဆရာတော် သံဃာတော် ကိုးပါး ကြွရောက်တော်မူကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင် ပြုလုပ်သည်။

ထို့နောက် ရွှေဘိုမြို့ ခွန်းတောင်းကြီးရွာ အောင်သိဒ္ဓိမဟာသုဘောဂရိပ်သာ နာယကဆရာတော် ဘဒ္ဒန္တဇနသာမိအရှင်သူမြတ်ထံမှ အလှူရှင်နှင့် ဇာတိမြေကျေးရွာမှဆွေမျိုးများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူသော ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။ ဆက်လက်၍ အလှူရှင် သိမ်ကျောင်း၊ ဒါယကာ၊ ဒါယိကာမတို့က ဆရာတော်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ နာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

တင်မောင်(မန္တလေး)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ညောင်လေးပင် မတ် ၁၀

ပူပြင်းသောရာသီဥတုသို့ ရောက်ရှိလာသောကြောင့် ပြည်သူတစ်ရပ်လုံး မီးဘေးအန္တရာယ်ကို အစဉ်အမြဲသတိပြုလျက် ကြိုတင်ကာကွယ်မှသာ မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်သည်။ သို့ပါ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ပြုလုပ်ပေးခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဈေးအရှေ့လမ်း၌ ကျင်းပကြောင်း သိရသည်။

နေလင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမြင့်ဦး ၁၂/ရကန(နိုင်) ၀၅၂၀၂၄၏ E.D.H သဘော်သား လက်မှတ် 8609/12သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၅၀၆၈၁၈၃သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိအထက်တန်းကျောင်း သတ္တမတန်း(A)တွင်ပညာသင်ကြားလျက်ရှိသော မအိမ့်ခြူးကျော့၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းလတ် ၉/လဝန(နိုင်)၂၅၃၂၀၀ ဖြစ်ပါသည်။

ဦးမျိုးမင်းလတ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၂၈၇၀၊ Toyota Hilux Sport၊ S/W(4×4)L ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ဦး ၁၂/မရက(နိုင်) ၁၃၀၅၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၁)ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၌ ၂၇-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၃၀ နာရီတွင် ကျင်းပပါမည်။

၂။ အဆိုပါအခမ်းအနားတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလနှင့် ဩဂုတ်လတို့တွင် ကျင်းပခဲ့သော လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) အမှတ်စဉ်(၃၆)၊ (၃၇) စာမေးပွဲများနှင့် ၂၀၁၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း)စာမေးပွဲအောင်မြင်သူများကို အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်ပါသည်။

၃။ အထက်အပိုဒ်(၂)ပါ စာမေးပွဲအသီးသီးနှင့် ၂၀၁၃ခုနှစ် ဇန်နဝါရီလနှင့် မတ်လတွင် ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းစာမေးပွဲနှင့်လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) (အမှတ်စဉ်-၃၈) စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများကိုလည်း ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ပါ၍ အောင်လက်မှတ်နှင့် ဆုလက်ခံရယူမည့် သင်တန်းသား၊ သင်တန်းသူအားလုံးကို အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားပါသည်။

၄။ အောင်လက်မှတ်တက်ရောက်ယူမည့်သူများသည် အောင်လက်မှတ်ကြေး ကျပ် ၅၀၀၀နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံတစ်ပုံ၊ ဆုလက်ခံရယူမည့်သူများသည် တက်ရောက်ခွင့်လျှောက်လွှာကို အပိုဒ်(၁)ပါလိပ်စာတွင် ၂၀၁၄ ခုနှစ် မတ်လ ၁၀ရက်မှ ဧပြီလ ၄ရက်အတွင်း ပေးသွင်းလျှောက်ထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ

မြေရောင်းရန်(ပွဲစားမလို)

၁။ မော်ဘီ အထက(၂) ရှေ့၊ ပြည်လမ်းမအနီး (ပေ ၅၀× ပေ ၆၀)(ဂရန်မြေ)သိန်း ၃၅၀။
၂။ မော်ဘီဥယျာဉ်ခြံမြေ ၇ဧက၊ သိန်း ၂၄၅၀။
၃။ ပုဂံဟိုတယ်ဇုန်(၄) ၅ဧက၊ သိန်း ၁၇၅၀။

ဖုန်း-၀၉-၄၂၃၆၆၀၆၀၂
Email : Vtchit @ gmail.com



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိတ္ထီလာမြို့နယ်တွင် မြေနေရာသီးခြားစိုက်စရာမလိုဘဲ သီးညှပ်စိုက်ပျိုးနိုင်သည့် ဆောင်းနေကြာကို ပိုမိုစိုက်ပျိုးလာကြ

မိတ္ထီလာ မတ် ၁၀

မိတ္ထီလာမြို့နယ်တွင် မိုးနှောင်းကောင်း၍ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းနေကြာကို တောင်သူများ အားထားစိုက်ပျိုးလာလျက် ရှိကြောင်း သိရသည်။

“နေကြာတွင် မိုးနေကြာနှင့် ဆောင်းနေကြာနှစ်မျိုးရှိရာ မိုးဦးကာလတွင် စိုက်ပျိုးသည့်နေကြာမှာ မိုးရွာသွန်းမှုကြောင့် ဖြစ်ထွန်းမှု အားနည်းတယ်။ ဒါကြောင့် မိုးနေကြာကို စိုက်ပျိုးသူ အနည်းငယ်သာရှိတယ်။ ဆောင်းနေကြာမှာဆိုရင် ရေသွင်းစရာမလိုဘဲ အစိုဓာတ်ရှိရုံဖြင့် ထွန်ယက်ပြီး အစေ့ကြဲပက်၍ စိုက်ပျိုးနိုင်သောကြောင့် အလုပ်သမားများ ငှားရမ်းစရာမလိုဘဲ မိသားစုဖြင့်သာ စိုက်ပျိုးနိုင်ပါတယ်။ ဒါကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အကျိုးအမြတ်များစွာ ရရှိနိုင်သလို အခြားကောက်ပဲသီးနှံများတွင် သီးညှပ်စိုက်ပျိုးနိုင်သောကြောင့် တောင်သူများ မြေနေရာသီးခြား စိုက်စရာမလို၍ ဆောင်းနေကြာကို ပိုမိုစိုက်ပျိုးလာကြတယ်။ ဒီနှစ်ဆိုရင် မိုးနှောင်းကောင်းသောကြောင့် မြေအစိုဓာတ်များရရှိ၍ ပြီးခဲ့သည့်နှစ်များထက် ဆောင်းနေကြာကို ကုလားပဲဖြင့် သီးညှပ်ပိုမိုစိုက်ပျိုးလာကြကြောင်း” ကုလားပဲကို သီးညှပ်အဖြစ် ဆောင်းနေကြာစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

အိန္ဒိယနယ်စပ် နန်းဖာလုံဈေး အရောင်းအဝယ်ပါး

ကလေး မတ် ၁၀

မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ နန်းဖာလုံဈေးတွင် အိန္ဒိယဘက်မှ ကုန်သည်များ ဝင်ရောက်မှုမရှိသဖြင့် ဈေးရောင်းဈေးဝယ်များ ပါးလျက်ရှိကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်လျှင် နှစ်စဉ်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြောင်း၊ နယ်စပ်ကုန်သည်ကြီးများအချင်းချင်း အစည်းအဝေးများ ပြုလုပ်ခဲ့သော်လည်း တချို့ကိစ္စများ ပြေလည်မှုရှိသလို နယ်စပ်ပြဿနာများ၏ အထွေထွေကိစ္စရပ်များကြောင့် တမူးနယ်စပ်ဈေးရှိ မိုးရေးဈေးနှင့် နန်းဖာလုံဈေးတို့ မကြာခဏဆိုသလို ပိတ်ထားရကြောင်း သိရသည်။

ယခုအခါ နယ်စပ်သွားလာရေးကို တစ်ဖက်နိုင်ငံမိုးရေးဘက်မှ ပိတ်ထားခြင်းဖြစ်ကြောင်း ယခင်လအတွင်းက ပျောက်ဆုံးသွားခဲ့သော အိန္ဒိယနိုင်ငံသားနှစ်ဦးကိစ္စ၊ မြေကျူးကျော်မှုများနှင့် ဆက်စပ်နိုင်ကြောင်း သိရသည်။

ဟိုဘက်သည်ဘက် ကုန်စိမ်းတွေလောက်ပဲ အရောင်းအဝယ်ဖြစ်ကြောင်း၊ လူသုံးကုန်ပစ္စည်းများ တခြားလျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်မဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၂၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၁၉၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၂၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၆	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၆၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၅.၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၈၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၀၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၆၈၀၀-၈၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၅၀၀-၁၉၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၅၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၅၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၈၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၆၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၇၃၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၀၀-၄၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၇၅၀-၁၆၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၅၀-၁၀၇၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၆၂၅
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၈၀၀-၂၉၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၇၀၀-၅၁၀၀
၁၂။ သကြား	တစ်ပိဿာ	၈၆၀-၈၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုး ခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလို စက်နှင့်စက်အရန်ပစ္စည်း(အဟောင်းများ)ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စဉ့်ကိုင်မြို့နယ် အမှတ်(၂) အထည်စက်ရုံ(ပလိပ်)မှ အသုံးမလို ပိုလျှံစက်ပစ္စည်း(အဟောင်း) အမျိုးအစား ၂၅ မျိုး၊ အလုံးရေ ၃၆၀ အား မျက်မြင်အခြေအနေအတိုင်း ရောင်းချရန် ၁၄-၁၁-၂၀၁၃ ရက်မှ ၂၈-၁၁-၂၀၁၃ ရက်အထိ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းတင်ဒါခေါ်ယူခဲ့ပါသည်။

၂။ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ အဆိုပါတင်ဒါခေါ်ယူထားခြင်းအား ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ **အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည် -**
ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄၊ နမ္မတူလမ်း၊ မြေကွက်အမှတ် ၆၆၁/၆၆၂၊ (ပေ ၄၀× ပေ ၆၀) အကျယ်အဝန်းမြေ၏ ဂရန်အမည်ပေါက်မှာ ဦးဇော်ဝင်းဖြစ်ပါသည်။ ယင်းဂရန်မြေအမျိုးအစားဖြစ်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄၊ နမ္မတူလမ်း၊ မြေကွက်အမှတ် ၆၆၁/၆၆၂၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀)မြေအနက်မှ (ပေ ၂၀×ပေ၃၀)ရှိသော အမှတ် ၁၅၄ဆိုင်ခန်းနှင့် မြေ(ပေ၂၀×ပေ၃၀)တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဦးတင်မြင့်၁၄/ပသန (နိုင်)၂၃၉၉၇၆မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်နှင်းလွင် LL.B., Dip in Eng(Seameo),D.B.L
အထက်တန်းရှေ့နေ
အမှတ် ၅၇၇၊ ရတနာသီရိလမ်း၊ ဆ/ကရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၂၃၂၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၄၊ အင်းဝလမ်း၊ မြေကွက်အမှတ် ၅၃၆၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ပါမစ်မြေအမျိုးအစားအား မူလအမည်ပေါက် ဦးကံလှ AB-၀၆၉၃၃၀ထံမှ စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည်ဟု ဝန်ခံသူ ဒေါ်လှလှကြီး ၁၂/တမန(နိုင်)၀၄၈၈၆၅က အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ထိုကမ်းလှမ်းမှုသည် သဘောရိုးဖြင့် ကမ်းလှမ်းသည်ဟုယုံကြည်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ပိုင်ရေးပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသောအထောက်အထား(စာရွက်စာတမ်းမူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၃၊ အခန်း(၁၆/ဘီ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၀၅၈၆၇

တစ်ချက်တည်းကျင်းဝင်

YCDC Golf Club (မြကန်သာ)တွင် ဦးအေးမောင်သည် ကစားဖော်များ ဖြစ်ကြသော ဦးတင်မောင်လတ်၊ ဦးတင်ဦး၊ ဦးကျော်စိန်လေးတို့နှင့်အတူ ၉-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ညနေပိုင်းတွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား Titleist PRo V1X (No.7) အား သံတုတ်နံပါတ်(Honma MG 700 Iron.11)ဖြင့် ကိုက် ၁၂၀ အကွာအဝေး ကျင်းနံပါတ် ၁၁ သို့ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ပါသည်။

အခြေခံသေနတ်ပစ်အားကစားသင်တန်း

မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ နွေရာသီအခြေခံ သေနတ်ပစ် အားကစားသင်တန်းကို ၁၇-၃-၂၀၁၄ ရက်မှ ၁၁-၄-၂၀၁၄ ရက်အထိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း(ဒဂုံမြောက်)တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်(ကွင်းတာဝန်ခံ) ဖုန်း-၀၉-၄၉၂၉၄၅၄၄၊ ၀၉-၅၀၅၈၆၄၀ တို့သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေကွက်အမှတ် ၁၀၊ သမိုင်းမြို့ကွက်၊ ဦးပိုင်အမှတ် ၃၊ ဧရိယာဧက ၅ ဒသမ ၈၄၈အနက်မှ အိမ်ရာမြေကွက်အမှတ် ၄၉၊ ဧရိယာ ဒသမ ၆၅မြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၃ လမ်း၊ အိမ်အမှတ် ၇၄၈ဟုခေါ်တွင်သော မြေနှင့်အိမ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်မာသော တရားဝင်အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာ ဖော်ပြပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်နှင်းလွင် LL.B, Dip in Eng (Seameo), DBL
အထက်တန်းရှေ့နေ
အမှတ် ၅၇၇၊ ရတနာသီရိလမ်း၊ ဆ/ကရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၃၀၉၂၃၂၇

* ရှေ့ဖုံးမှ

အရေအတွက် ၅၀ ခန့်ရှိရာမှ မဏ္ဍပ် ၃၆ ခုအထိ ခွင့်ပြုပေးသွားရန် စီစဉ်ထားသည်။

ယခင်နှစ်က ရန်ကုန်မြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အကြီးစားမဏ္ဍပ် ၄၁ ခု တည်ဆောက်ခွင့်ပြုခဲ့ပြီး အလတ်စားသင်္ကြန်မဏ္ဍပ် ၅ ခုကို ခွင့်ပြုခဲ့သည်။ ယခုနှစ်အတွက် အကြီးစားသင်္ကြန်မဏ္ဍပ် ၁၆ ခု တိုးမြှင့်ခွင့်ပြုရန်ရှိနေပြီး အလတ်စားသင်္ကြန်မဏ္ဍပ် ၁၀ ခု အထိ ပိုမိုတည်ဆောက်ခွင့်ပြုရန် စီစဉ်ထားခြင်းဖြစ်သည်။

သင်္ကြန်မဏ္ဍပ် လျှောက်ထားမှုများအား မဏ္ဍပ်နေရာချထားရေးဆပ်ကော်မတီကစိစစ်၍ ယမန်နှစ်များက စည်းကမ်းတကျ စည်ကားစွာဆောင်ရွက်ခဲ့သည့် မဏ္ဍပ်များကို ဦးစားပေးမည်ဖြစ်ပြီး ကျန်ပြစ်ချက်မှတ်တမ်းမရှိသောမဏ္ဍပ်ဆောက်ထားသူများအား မဲနှိုက်နေရာချထားပေးသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မီးဘေးရှောင်
မလောင်ခင်တား
ညီနောင်
သွေးချင်းများ

ကလေးဝမြို့ အမြန်ရေယာဉ်ဆိပ်ကမ်းတွင် ဈေးရောင်းသူများ သတိဖြင့်ရောင်းချသင့်

ကလေး မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အမြန်ရေယာဉ်ဆိပ်ကမ်းတွင် ဈေးရောင်းသူများအနေဖြင့် စည်းကမ်းရှိရှိ အဝင်အထွက်ပြုလုပ်၍ ရောင်းချသင့်ကြောင်းနှင့် ခရီးသွားပြည်သူတို့ စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ မိမိအသက်အန္တရာယ် မရှိစေရေး သတိဖြင့်ရောင်းချသင့်ကြောင်း ခရီးသွားပြည်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

"ဈေးရောင်းတာကတော့ သူတို့ရဲ့စားဝတ်နေရေးအတွက် ရောင်းတာဖြစ်လို့ ဘာမှမပြောလိုပါဘူး။ ဒါပေမယ့် ခရီးသည်တွေကိုတော့ စိတ်အနှောင့်အယှက် မပေးသင့်ပါဘူး။ သူတို့အတွက်လည်း အန္တရာယ်အလွန်များပါတယ်။ တချို့ ဈေးရောင်းသူတွေဆိုရင် အမြန်ရေယာဉ်က

ကမ်းကို မကပ်ရသေးဘူး။ လှေတွေနဲ့ပြေးကပ်လာ ပြေးလိုက်လာတာတွေ ရှိတယ်။ တချို့ကျတော့လည်း အမြန်ရေယာဉ်ဆိုက်ကပ်တာနဲ့ ပြေးတက်လာကြပြီး ခရီးသည်ဆင်းမယ့် အပေါက်တွေ၊ လမ်းတွေကို ပိတ်လိုက်ကြတော့တယ်။ **(ဝဲပုံ)** ဆင်းမယ့်ခရီးသည်တွေက ဆင်းလို့မရကြတော့ ခရီးသည်တွေမှာ စိတ်အနှောင့်အယှက်လွန်စွာဖြစ်ရပါတယ်" ဟု ကလေးမြို့သွား ခရီးသည်တစ်ဦးက ပြောသည်။

ယခုလိုဖြစ်နေတာ ကြာပါပြီ တာဝန်ရှိသူတွေကလည်း တားမြစ်ပေမယ့် စည်းကမ်းလိုက်နာမှု မရှိပါဘူး။ ၂၀၁၃ ခုနှစ်အတွင်းက ဒီလိုဈေးရောင်းကြရင်း အမြန်ရေယာဉ်ပေါ်မှပြုတ်ကြကာ ပန်ကာခုတ်မိပြီး သေဆုံးတဲ့ဖြစ်ရပ်လည်း ရှိခဲ့ပါတယ်။ နောက်တော့ အမှုရင်ဆိုင်တာက အမြန်ရေယာဉ်မောင်းသူပဲ ဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

သျှင်နေမင်း

ဒဂုံတောင် (၆၃)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၀

မတ် ၁၀ ရက်နံနက် ၂ နာရီခန့်က ဒဂုံမြို့သစ် (တောင်ပိုင်း မြို့နယ်) အမှတ်(၆၃) ရပ်ကွက်ရှိ အေးရတနာ သံနန်းဆွဲစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်ရသည့် အကြောင်းရင်းမှာ စက်ရုံအတွင်းသွယ်တန်းထားသော ဝိုင်ယာကြိုးများ ဟောင်းနွမ်းဆွေးမြည့်၍ အပူလွန်ကဲပြီး ပေါက်ပြဲပြုတ်ကျရာမှ အောက်တွင်ရှိသော လွှစာမှုန့်များပေါ်သို့ကျ၍ မီးကူးစက် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၂၃ စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ ထိုင်းကြက်ခြေနီမှ အထောက်အကူပြုယာဉ် နှစ်စီး၊ ကွပ်ကဲမှုယာဉ်သုံးစီး လာရောက်ငြိမ်းသတ်ပေးမှုကြောင့် နံနက် ၂ နာရီ ၅၆ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

လောင်နေသောမီးကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး၏ ညွှန်ကြားမှုနှင့်အတူ သန္တေမီးသတ်အင်အား ၁၄၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၃ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၂ ဦးတို့က ရေဂါလန်စုစုပေါင်း ၅၆၃၂၀ အသုံးပြုငြိမ်းသတ်ပေးခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးလောင်မှုကြောင့် အဆောက်အအုံနှင့် အတွင်းပစ္စည်းများဆုံးရှုံးခဲ့ရပြီး သဃ်န်းကျွန်းမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းဦးနှင့် အုန်းခွံအမှုန့်ကြိတ်လုပ်သား ကိုလှကိုမင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့၍ သဃ်န်းကျွန်းဆေးရုံသို့ပို့ဆောင်ဆေးကုသမှုခံယူခဲ့ရသည်။ ထို့အပြင် အဆိုပါ စက်ရုံမှ အလုပ်သမားကိုရဲထွန်း(၂၀ နှစ်)မှာလည်း ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးများပြုလုပ်ပေးခဲ့ရကြောင်း သိရသည်။ မီးပေါ့ဆမှုကြောင့်ပိုင်ရှင် ဦးခင်မောင်လွင်အား ဒဂုံတောင်ပိုင်းမြို့နယ် ရဲတပ်ဖွဲ့က အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ပြည်ထောင်စုခုံးကျော်တံတားအနီး ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၀

ယနေ့နံနက် ၉ နာရီကျော်က YGN-9D/---- မက်ဂျစ်စတာ အနက်ရောင် ကိုယ်ပိုင်ယာဉ်သည် စံပြဈေး ပြည်ထောင်စုခုံးကျော်တံတားပေါ်မှ သုဝဏ္ဏဘက်သွားရန် တံတားယာဘက်သို့ ချိုးကွေ့၍ သံသုမာလမ်းမအတိုင်း မောင်းလာစဉ် ပြည်ထောင်စုပန်းခြံရှေ့ အရောက်တွင် သုဝဏ္ဏဘက်သို့ မောင်းလာသော YGN-4F/---- မာဇဒါ အငှားယာဉ်သည် လမ်းဝဲဘက်သို့ဖြတ်မောင်းလိုက်ရာမှ ကားနှစ်စီးဘေးချင်းယှဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)** ကိုယ်ပိုင်ယာဉ်ယာဘက်ရှေ့ဘီးပေါက်၍ ဘော်ဒီ အနည်းငယ်ပျက်စီးကာ ယာဉ်မောင်းတစ်ဦး အနည်းငယ် ဒဏ်ရာရပြီး ယာဉ်မှုစစ်မှ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

တင်ကြည်(သဃ်န်းကျွန်း)

ဦးသာရင် ၏ သွက်ချာပါဒ ဝေဒနာ ဆေးမှုန့်

ရွှေနဂါး ခရီးသွားလုပ်ငန်း
Scania အဆုံးတော်ဖြိုးချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး/ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388, 09-73167000, 09-73168000, 09-43740000, 09-73223700
09-5122961, 056-21671, 01-391577

MOE THAUK PAN ACADEMIC CENTRE
English 4 Skills
Music
Education Games
Computer
School Bus
6 Ages to 14 Ages
6th March to 25th May
Enroll Now !
Monday to Friday (9:00 to 12:00)
Junction

ကန့်ကွက်နိုင်ပါသည်

ဦးရန်မိုးလျှန်(ခ)ဦးယန်မော်လျံ ၁၃/ကလတ(နိုင်)၀၁၆၅၄၃ အမည်ဖြင့် ချထားပေးသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၈၈၀၊ အလျား×အနံပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေချပါမစ်မြေအမျိုးအစားမြေကွက်အား ဦးရန်မိုးလျှန်မှ ဒေါ်ဝေဝေစိုးသို့လည်းကောင်း၊ ဒေါ်ဝေဝေစိုးမှ ဦးရန်ရှင်းမောင်သို့လည်းကောင်း၊ ဦးရန်ရှင်းမောင်မှ ဒေါ်ခင်ပြုံးမြင့်သို့လည်းကောင်း အသီးသီးစာချုပ်အဆက်ဆက်ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်ပြုံးမြင့် ၁၂/တမန(နိုင်)၀၈၈၁၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို LL.B, D.B.L — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၄၄)**
ဒေါ်သီတာအောင် LL.B — **အထက်တန်းရှေ့နေ (စဉ်-၃၀၂၁၉)**
အမှတ် ၃၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၉၈၅၊ ၀၉-၇၃၁၇၀၀၇၆

ကန့်ကွက်နိုင်ပါသည်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (မြေနှင့်အခွန်ဌာနခွဲ)၏ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်ရသူ ဦးကျော်အေး ၁၂/ဒလန(နိုင်)၀၄၃၂၇၄ ကိုင်ဆောင်သူ ပိုင်ဆိုင်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၉၊ မြေကွက်အမှတ် ၇၅၅ ဟုခေါ်တွင်သော ၄၀'×၆၀' အကျယ်အဝန်းရှိ ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးနေလင်းထွန်း ၁၂/ဥကမ(နိုင်)၀၁၉၂၃၉ မှ စာချုပ်အဆက်အစပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့၍ ရောင်းဝယ်ခွင့်ရှိကြောင်း မွေးက်ဟဝန်ခံကတိနှင့်အညီ ဦးမိုးဇော်အောင် ၁၂/မဂတ(နိုင်)၀၄၃၀၅၈ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ချမှတ်ပေးပြီးဖြစ်ပါသည်။

အထက်ပါခြံမြေနှင့်ပတ်သက်၍ ဆိုရေးဆိုခွင့် ပိုင်ရေးပိုင်ခွင့်ရှိသူများမှ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများပြဆို၍ အောက်ပါလိပ်စာ၌ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမိုးဇော်အောင်
အမှတ် (၂)၊ အင်ကြင်းမြိုင်လမ်း၊ ၃၂ တိုးချဲ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်၊
ဖုန်း-၀၉-၄၉၂၁၃၁၁၆

ကြော်ငြာ

ရွှေမုံရတီ MCC သို့ လာမည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ဖြေဆိုပြီးသူများအတွက်
ဒီနှစ်နွေရာသီ ကျောင်းပိတ်ရက်မှာ
MCC.i
ရဲ့အထူးအစီအစဉ်

နွေရာသီ စတင်တက်ရောက်နိုင်မည့်
ကွန်ပျူတာဒီပလိုမာသင်တန်း

ကွန်ပျူတာဒီပလိုမာသင်တန်း
(Level - 4 Diploma in Computing)

ဆက်လက်တက်ရောက်နိုင်မည့်
အဆင့်မြင့် ကွန်ပျူတာဒီပလိုမာ သင်တန်း

အဆင့်မြင့် ကွန်ပျူတာဒီပလိုမာသင်တန်း
(Level - 5 Diploma in Computing)

နိုင်ငံတကာ အသိအမှတ်ပြု
ကွန်ပျူတာ ဘွဲ့သင်တန်း

B.Sc (Hons) Business IT
University of Greenwich, UK

အလုပ်ဝင်ပြီး အလုပ်သင်ရန်

International Software
Development Center

ဘဝအောင်မြင်ဖို့

MCC အပါအဝင်
ပြည်တွင်း၊ ပြည်ပ၊ နိုင်ငံတကာကုမ္ပဏီကြီးများ

Yangon Campus Ph - 01-245762, 249152, 395512, 246634
Mandalay Campus Ph - 09-91034062, 09-402671562, 02-77930
Naypyitaw Campus Ph - 067-421617 Ext: 108, 067-421198
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-4310496

နယ်မှလာရောက်ပညာသင်မည့် ကျောင်းသား/ကျောင်းသူများအတွက် Hostel များစီစဉ်ထားရှိပါသည်။

ဖွင့်ရက် - 24 March 2014
နိုင်ငံရှိ Franchise Center များ
နှင့် MCC.i Campus အသီးသီး
တွင် ကျောင်းဝင်ခွင့် လျှောက်လွှာများရယူ၍
ကြိုတင်စာရင်းသွင်းထားနိုင်ပြီ ဖြစ်ကြောင်း တက်ရောက်နိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီသို့ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင် မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၂။ **ချင်းတွင်းမြစ်ရေကြောင်း ကျပ်တည်းသည့်နေရာများအား ပြုပြင်ဆောင်ရွက်ပေးရာတွင် မုံရွာ-ကလေးဝအကြား ဆောင်ရွက်ပေးသော်လည်း ကလေးဝ-ဟုမ္မလင်း-ခန္တီးအကြား ရေကြောင်း ကျပ်တည်းသောနေရာများတွင် ပြုပြင်ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ချင်းတွင်းမြစ်သည် ခန္တီးမြို့မှ ဧရာဝတီမြစ်နှင့် ဆုံသည့်နေရာအထိ ၅၀၇ မိုင်ရှည်လျားပါသည်။ ရေများချိန်နှင့် ရေနည်းချိန်တွင် ရေစီးပမာဏနှင့် ရေမျက်နှာပြင် ကွာခြားမှုများပြားပါသည်။ ချင်းတွင်းမြစ်အတွင်း နွေရာသီ ရေနည်းချိန်ကာလတွင် ရေကြောင်းကျပ်တည်းနေရာ ၃၇ နေရာခန့်ရှိပြီး ယခုနှစ်များအတွင်း ထူးကဲစွာရေကြောင်းကျပ်တည်းသည့်နေရာ ရှစ်နေရာခန့်ရှိပါသည်။ ယခုနှစ် ရေမြင့်မှတ်များအရ ၁၂-၂-၂၀၁၆ ရက်နေ့ တွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏အနည်းဆုံးရေမှတ် ၁၁၀ စင်တီမီတာ အောက်သို့ ကျဆင်းရောက်ရှိနေသည်ကို တွေ့ရှိရပါသဖြင့် ယခုကာလတွင် ရေလမ်းကျဉ်းမြောင်းကာ ရေကြောင်း ကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ချင်းတွင်းမြစ်ရေလမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ပင်မစီမံချက် (Master Plan) ကို ၂၀၁၁ ခုနှစ်တွင်ရေးဆွဲပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၉၅ သန်းဖြင့် မုံရွာဆိပ်ကမ်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ချင်းတွင်းတံတား (မုံရွာ) အဝင် အလုံ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းနှင့် မင်းကင်း ဆိပ်ကမ်း ရေလမ်း ကောင်းမွန်ရေး သောင်တူးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေလမ်းညွှန် အမှတ်အသားများပြခြင်းနှင့် တံစုန်းများဖယ်ရှားခြင်း၊ နုတ်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုနှစ်တွင် ရေကြောင်းကျပ်တည်းမှု ဖြစ်ပေါ်သည့်နေရာများကို ကွင်းဆင်းတိုင်းတာပြီး ရေလမ်းကောင်းမွန်ရေး အစီအမံများကိုလာမည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချင်းတွင်းမြစ်ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၃၈၆ ဒသမ ၆၄ သန်း ထည့်သွင်းရေးဆွဲထားပါသည်။ ခွင့်ပြုရန်ပုံငွေဖြင့် ကျပ်တည်းရေလမ်းများကို ဦးစားပေးပြုပြင် ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

၃။ **မန္တလေး-ကသာ-ဗန်းမော်ကြား ဧရာဝတီမြစ်ရေလမ်းကြောင်း ကျပ်တည်းမှုအတွက် ဌာနအနေဖြင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေတင်ပြခြင်းကိစ္စနှင့် ပတ်သက်၍** မေးမြန်းချက်အပေါ် မန္တလေး-ကသာ- ဗန်းမော်ကြား ဧရာဝတီမြစ်ရေလမ်းမိုင် ၂၇၇ မိုင်ရှိပါသည်။ မန္တလေးနှင့် ဗန်းမော်ကြားတွင် ဒုတိယမြစ်ကျဉ်းနှင့် တတိယမြစ်ကျဉ်း မြစ်ကျဉ်းနှစ်ခု စုစုပေါင်း ရေလမ်းမိုင် ၄၉ မိုင်ရှိသည့်အတွက် ကျန် ၂၂၈ မိုင်ကို မိမိတို့ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ၊ ရေလမ်းညွှန်လုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား နှစ်စဉ် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ ရေလမ်းမိုင် ၂၂၈ မိုင် အတွင်းရှိ မန္တလေးနှင့်ကသာကြားတွင် ရေစူးကန့်သတ်ချက် လေးပေ၊ ကသာနှင့် ဗန်းမော်တွင် ရေစူးကန့်သတ်ချက် သုံးပေ ကိုးလက်မ သတ်မှတ်ထုတ်ပြန်ထားပါသည်။ ယခုနှစ် နွေရာသီ ရေနည်းချိန်၌ ရေစူးကန့်သတ်ချက်အတွင်း သွားလာရန် ရေကြောင်းကျပ်တည်း ၁၃ နေရာမှလွဲ၍ ကျန်နေရာများတွင် ရေစူးကန့်သတ်ချက်ထက် ရေအနက်ရှိကြောင်း တွေ့ရှိရပါသည်။ မန္တလေးနှင့်စဉ့်ကူးအကြား ၅၂ မိုင်ရေလမ်းကို (ပခ-၁၅) ရေယာဉ်ဖြင့်လည်းကောင်း၊ မလယ်-ကသာကြား ၁၀၅ မိုင် ရေလမ်းကို (ပ-၉) ရေယာဉ်ဖြင့် လည်းကောင်း၊ ကသာ-ဗန်းမော်အကြား ၈၅ မိုင်ကို (ပခ-၄၂) ရေယာဉ်ဖြင့်လည်းကောင်း စက်သုံးဆီရရှိမှုအပေါ် မူတည်ပြီး ယခုနှစ်ရေနည်းရာသီတွင် ၁၅ ကြိမ် ရေလမ်းညွှန်အမှတ်အသားချထားပေးခဲ့သည်။ ယခုလနှင့် မတ်လအတွင်း ခြောက်ကြိမ်ချထားပေးဖို့လျာထားပါသည်။ ပုံမှန်ရေလမ်းညွှန်အမှတ်အသားများချထားပေးသည့်အပြင် ရေလမ်း ကျပ်တည်းသောနေရာများအား စခန်းချရေလမ်း သတ်မှတ်ခြင်း ၁၂ ကြိမ် ဆောင်ရွက်ပေးဖို့ရှိပါသည်။ ထို့အပြင် ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ဗန်းမော်မြို့ ရေလမ်းတွင် ၂၃၃၃ သိန်း၊ နန်းဒေါင့်ရေလမ်းတွင် ၁၄၆၅ သိန်း၊ နန်းတော်ကျွန်းရေလမ်းတွင် သိန်း ၈၀၀ နှင့် မန္တလေးရေလမ်းတွင် ၇၂၀ သိန်း စုစုပေါင်း ၅၃၁၉ သိန်း ဖြင့် ရေလွှဲရေကာတည်ဆောက်ခြင်းနှင့် သောင်တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ တွင်လည်း ဗန်းမော်ဆိပ်ကမ်း အဝင်ရေလမ်း၊ မင်းကျောင်းကုန်းရေလမ်း၊ သံပုရာကုန်းရေလမ်း၊ သုံးဆယ်ပေး ရေလမ်းနှင့် မန္တလေးရေလမ်းတို့တွင် စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၈၃၇၆ သိန်းဖြင့် ရေလမ်းဖွံ့ဖြိုးရေးဆောင်ရွက်ပေးဖို့ရှိပါသည်။ ကမ်းပြိုကာကွယ်ရေးအနေနှင့် မန္တလေးနှင့် ဗန်းမော်ကြားတွင် သံပုရာကုန်းကျေးရွာ၊ ရွှေကူမြို့၊ ရေလဲကျေးရွာ၊ ဆည်သည်ကျေးရွာ၊ ထီးကုန်း-သာယာဝတီကျေးရွာ၊ ဟသ်ာမကျေးရွာ၊ သဖန်းဒေါင့်ကျေးရွာ၊ သူဌေးကုန်းကျေးရွာ၊ သုံးဆယ်ပေးကျေးရွာနှင့် နန်းတော်ကျွန်းကျေးရွာတို့တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒါကြောင့် မိမိတို့ဦးစီးဌာနအနေဖြင့် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး မန္တလေး- ကသာ- ဗန်းမော်ကြား ဧရာဝတီမြစ်ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းညွှန်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ရေကြောင်းပြအမှတ်အသားချထားနိုင်မှုနှင့် ကသာမြို့ ဆိပ်ကမ်းကောင်းမွန်ရေးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** ကသာမြို့ဆိပ်ကမ်းရေလမ်းမှာ ရွှေဂူကြီးဘုရားရှေ့ရှိ ရေလယ်သောင်ကျဆင်းမှုကြောင့် ရေလမ်းကြောင်းကျဉ်းသည့်အတွက် ရေယာဉ်များ ဆိပ်ကမ်းဝင်ထွက်ပြုလုပ်ရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသော်လည်း ရွှေဂူကြီးဘုရားအထက်ဘက်အထိ ကမ်းရင်းတွင် ရေနက်ကြောင်းရှိသည့်အတွက် အောက်ဝင်/အောက်ထွက် ဆိုက်ကပ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကသာမြို့ဆိပ်ကမ်းကောင်းမွန်ရေးခွင့်ပြုရန်ပုံငွေမပါရှိပါ။ ယခုနှစ်တွင် နန်းဒေါင့် ရေလမ်းကောင်းမွန်ရေးဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကသာခရိုင် မင်းကျောင်းကုန်းရေလမ်းကောင်းမွန်ရေးနှင့် သံပုရာကုန်းရေလမ်းကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ခွင့်ပြုရန်ပုံငွေပါဝင်ပါသည်။ ယခုအခြေအနေမှာဆိုရင် သွားလာနိုင်ရန်ရေလမ်းကောင်းမွန်ရေးလုပ်ငန်းပေးရန် ကသာမြို့ဆိပ်ကမ်းတွင် ရေယာဉ်များလွယ်ကူစွာဝင်ထွက်လိုအပ်နေတာတွေ့ရှိရပါသည်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေရရှိသည့် မင်းကျောင်းကုန်း ရေလမ်းကောင်းမွန်ရေးနှင့်သံပုရာကုန်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်းတစ်ခုခုမှ ကသာမြို့ဆိပ်ကမ်းရေလမ်းကောင်းမွန်ရေးအတွက် ခေါင်းစဉ်ပြောင်းလဲဆောင်ရွက်နိုင်ရေး ညှိနှိုင်းတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မုန့်ညင်းလှိုင်လှိုင်ပေါများချိန် မုန့်ညင်းချဉ်လုပ်ငန်းတွင်ကျယ်စွာလုပ်ကိုင်၍ အနယ်နယ်အရပ်ရပ်သို့တင်ပို့

မုန့်ညင်းချဉ်ကို ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံကြိုက်နှစ်သက်ကြသည်။ အမြို့မြို့အနယ်နယ်တိုင်း ကျေးလက်တောရွာများပါမကျန် ထမင်းစားလျှင်မပါမဖြစ်သော အစားအစာတစ်ခုဖြစ်သည်။ တချို့မှာ မိသားစုစားသုံးရန်အတွက်သာ ပြုလုပ်ထားကြသည်။ ထမင်းနှင့်စားသုံးရန် အရံဟင်းအဖြစ်သော်လည်းကောင်း၊ သားငါးများနှင့်ရောနှောကြော်ချက်၍ သော်လည်းကောင်း ရှမ်းခေါက်ဆွဲ၊ ကြာဆံဟင်းခါးစားသုံးသည့်အခါ မပါလျှင် မဖြစ်သော မုန့်ညင်းချဉ်လုပ်ငန်းကို နမ့်ခမ်းမြို့တွင် စီးပွားဖြစ်တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။

မုန့်ညင်းချဉ်လုပ်ငန်း

နမ့်ခမ်းမြို့နယ် ပေါက်တိုက်ရပ်ကွက်တွင် အလုပ်ရုံဂိုဒေါင်ကြီးများဆောက်၍နေ့စားအလုပ်သမားများဖြင့်မုန့်ညင်းချဉ်လုပ်ငန်းကိုစီးပွားဖြစ်လုပ်ကိုင်လျက်ရှိသည်။ ကျွမ်းကျင်သောလုပ်သားများဖြင့် မုန့်ညင်းစိမ်းမှ မုန့်ညင်းချဉ် ဖြစ်လာသည်အထိ အဆင့်ဆင့်ပြုလုပ်ပြီး ခြင်းများတွင်ထည့်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကွတ်ခိုင်၊ သိန်းနီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ကချင်ပြည်နယ်ရှိ မြစ်ကြီးနား၊ ဗန်းမော်ဒေသများ၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့များသို့တင်ပို့ရောင်းချလျက်ရှိသည်။ ထိုမြို့များမှ တစ်ဆင့်နီးစပ်ရာအခြားဒေသများသို့ ပြန်လည်ရောင်းချကြသည်။

"ကျွန်တော်တို့ဆီကိုဖောက်သည်တွေကမှာပြီး သူတို့ဆီမှာ ပြန်ပြီးလက်လီရောင်းကြတယ်။ ဆောင်းရာသီဆိုရင် မုန့်ညင်းစိုက်တဲ့သူများတော့ ကုန်ကြမ်းအတွက်ရှာရ လွယ်ပေမယ့် ကျန်တဲ့မုန့်ညင်း ရှားတဲ့နွေရာသီနဲ့ မိုးရာသီဆိုရင် တရုတ်ပြည်မှာသွားပြီးရှာဝယ်ရတယ်။ ဒါပေမယ့် လိုချင်သလောက်ဝယ်လို့ မရဘူး။ အဲဒီတော့ ဆောင်းရာသီလောက် မုန့်ညင်းချဉ်ကို အများကြီး မလုပ်နိုင်ဘူး။ ဆောင်းရာသီ ကာလမှာတော့ မုန့်ညင်းအများဆုံး ထွက်ပြီး မုန့်ညင်းချဉ်လုပ်ကိုင် ရောင်းချလို့အကောင်းဆုံးပဲဗျ" ဟု နမ့်ခမ်းမြို့ပေါက်တိုက်ရပ်ကွက်မှ မုန့်ညင်းချဉ်လုပ်ငန်းရှင် ဦးစိုင်းဖိုးဟန်က ပြောပြသည်။

မုန့်ညင်းချဉ်လုပ်ငန်းကို ယခင်က လုပ်ကိုင်သူနည်းပါးသော်လည်း ယခုအခါစားသုံးသူများပြားခြင်း၊ ဈေးကွက်တွင် တွင်ကျယ်စွာ ရောင်းအားကောင်းမွန်ခြင်းကြောင့် လုပ်ကိုင်သူများလာသည်။ မိသားစုနှင့်အတူ ရိုးရိုးသားသားဖြင့်ကြိုးစားလုပ်ကိုင်ရင်း မုန့်ညင်းချဉ်လုပ်ငန်းဖြင့်စီးပွားရှာဖွေလျက်ရှိသော မိသားစုအတွက် ဝင်ငွေတိုးစေသည့်အပြင် လူမှုဘဝအတွက်ဖူလုံစေသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ညဏ်မင်း(နမ့်ခမ်း)

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၃/က၊ မြေကွက်တည်နေရာအမှတ် ၁၃၀၊ ဦးချိုလမ်း၊ ၈ရပ်ကွက် ဒေါ်ဝင်းကြည်၊ ဦးအေးမြင့်၊ ဦးမိုးသာအမည်ပေါက်မြေပိုင်မြေ၊ လ/န ၃(ခ)မြေအား အမည်ပေါက်သုံးဦးအနက် နှစ်ဦးဖြစ်သူ ဒေါ်ဝင်းကြည်၊ ဦးမိုးသာတို့ထံမှ မြေကွက်၏ ဧရိယာ ၀ဒသမ ၇၂၅ဧကအနက်မှ အကျယ်အဝန်း(၂၃၄'/၁၇၅'× ၈၀')ရှိ မြေအစိတ်အပိုင်းကို စွန့်လွှတ်စာချုပ်အမှတ် ၂၃၁၆/၁၇-၁၁-၁၉၉၃ ဖြင့် ပိုင်ဆိုင်သူဖခင် ဦးအေးမြင့်နှင့် မိခင် ဒေါ်လှသာသာတို့ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမြင့် ၁၂/လမန(နိုင်)၀၄၅၈၅၄၊ ဦးအောင်မြင့် ၁၃/တကန(နိုင်)၀၁၄၇၄၈၊ ဒေါ်ခင်စိုးအေး ၁၂/လမန(နိုင်)၀၄၅၈၅၅ တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ၁၉၉၇ခုနှစ်က မြေပုံမြေရာဇဝင်မှာ အဆောက်အအုံဆောက်ရန်ဖြစ်ကြောင်း၊ ၁၉၉၈ခုနှစ် မြေပုံ၊ မြေရာဇဝင်မှာ အရောင်းအဝယ်စာချုပ်ချုပ်ရန်ဖြစ်သော်လည်း အရောင်းအဝယ်မလုပ်ဖြစ်ဘဲ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ရှင်းလင်းစာတင်ပြလာခြင်းနှင့်မြေကွက်၏တစ်စိတ်တစ်ဒေသ/ဖခင်ပိုင်ဆိုင်သည့် အစုကိုသာ လျှောက်ထားရယူမည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၇၄၀၊ မြေကွက်တည်နေရာအမှတ် ၇၄၀၊ ၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးထွန်းကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် ဦးထွန်းကြည်(၂၇-၂-၂၀၀၉) (ကွယ်လွန်)၊ မိခင် ဒေါ်စိန်မြိုင်(၇-၂-၁၉၉၇)(ကွယ်လွန်)၊ သားတော်စပ်သူ ဦးချစ်ဆွေသည် အမည်ပေါက်ဖခင်ထက်စော၍ ၁၆-၈- ၂၀၀၇ (ကွယ်လွန်)ပါသဖြင့် သားသမီးနှင့် မြေးများဖြစ်ကြသည့် ဦးလှမြင့် ၁၂/မရက(နိုင်)၀၁၅၆၇၀၊ ဒေါ်ခင်ရွှေ ၁၂/မရက(နိုင်)၀၁၅၄၃၁၊ ဦးသန်းရွှေ ၁၂/လမန(နိုင်)၀၂၅၀၂၆၊ ဒေါ်စန်းစန်းဝင်း ၁၂/မရက(နိုင်)၀၄၉၇၂၅၊ ဦးရဲအောင် ၁၂/မရက(နိုင်)၀၁၇၉၅၉၊ ဦးကျော်ကိုကို ၁၂/မရက(နိုင်)၀၀၃၀၂၁၊ ဒေါ်မွန်မွန်ထွေး ၁၂/မရက(နိုင်)၀၀၃၀၂၂ တို့က ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၉၈၀/က၊ မြေကွက်တည်နေရာအမှတ် ၉၈၀/က၊ စည်ပင်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒေါ်ညွန့်ညွန့်မေ ၁၂/စခန(နိုင်)၀၁၄၄၉၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်ညွန့်မေ ကွယ်လွန်သဖြင့် ဦးမြသန်း ၁၂/စခန(နိုင်)၀၁၄၄၉၆က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၈၉၊ မြေကွက်တည်နေရာအမှတ် ၈၉၊ ၁၄၅ ရပ်ကွက်၊ ဒဂုံတောင် ဦးအောင်သန်း ISN-၄၉၈၉၇၄ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်သန်းမှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊မြေကွက်အမှတ် ၁၁၉၉၊ မြေကွက်တည်နေရာအမှတ် ၂၉၊ မြင်တော်သာလမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သန်းမြအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းမြ(အပျိုကြီး)ဘဝဖြင့် ကွယ်လွန်သူမှ ကိတ္တိမမွေးစားစာချုပ် ၃၄၅၅/၁၁ / ၂၅-၄-၁၁ ဖြင့် ဒေါ်ခင်ဆွေဆင့် ၁၂/သကတ(နိုင်)၀၃၄၆၆၆၊ ဒေါ်ခင်ဆွေမြင့် ၁၂/သကတ(နိုင်)၀၃၄၆၆၇၊ ဒေါ်မူမူခင် ၁၂/သကတ(နိုင်)၀၀၀၈၁၃တို့အား မွေးစားခဲ့ပြီး ၎င်းတို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၅၆၇၊ မြေကွက်တည်နေရာအမှတ် ၅၆၇၊ ၉ လမ်း၊ (၇)ရပ်ကွက်၊ တ/ဥ ဒေါ်မြင့်မြင့်အေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဒေါ်မြင့်မြင့်အေးနှင့် ခင်ပွန်း ဦးတင်ဝင်း ကွယ်လွန်သဖြင့် ဒေါ်ခင်ဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၀၁၄၄၀က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/၆၊ မြေကွက်အမှတ် ၁၉၀၄+၁၉၀၅၊ မြေကွက်တည်နေရာ (၁၉၀၄+၁၉၀၅)၊ ပုလဲရတနာလမ်း၊ (၅)ရပ်ကွက် ဦးသန်းမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးသန်းမြင့်ကွယ်လွန်သဖြင့် ဒေါ်ဆွဲမိ ၁၂/လမန(နိုင်)၀၀၉၀၂၆က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၁၊ မြေကွက်အမှတ် ၇၄၀၊ မြေကွက်တည်နေရာအမှတ် ၇၄၀၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးမင်းကြည် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမင်းကြည်(ခင်ပွန်း)ထံမှ မေတ္တာဖြင့် သဘောတူပေးအပ်ခြင်းဖြင့် ရရှိသူ ဒေါ်ဝင်းကြည်(ဇနီး)၁၂/လမန(နိုင်)၀၃၅၈၈၈မှ မေတ္တာဖြင့် သဘောတူပေးအပ်ခြင်းစာချုပ်၊ ကျမ်းကျိန်လွှာ၊ဌာနဝန်ခံချက်၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၈၈၉/ခ၊ မြေကွက်တည်နေရာအမှတ် ၈၈၉/ခ၊ရန်ပြေ(၁၆)လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြအေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြအေး(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အုန်းလှ ၁၂/သကတ(နိုင်)၀၄၀၅၉၂ မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြရန် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၃၃၇ အမည်ပေါက် ဦးလှရီ ၁၂/ဥကမ(နိုင်)၀၇၂၄၆၄ထံမှ အဆင့်ဆင့်ဝယ်ယူထားသော မြေချပါမစ်အား ကျွန်မ ဒေါ်ဝင်းမြ ၁၂/မရက(နိုင်)၀၆၀၂၄၃ အမည်ဖြင့် နောက်ဆုံးဝယ်ယူထားပြီးဖြစ်ပါသဖြင့် ၎င်းပါမစ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက အိုးအိမ်ဦးစီးဌာနသို့လည်းကောင်း၊ ကျွန်မ ဒေါ်ဝင်းမြ ဖုန်း-၀၉-၅၀၈၀၆၄၇ထံသို့ လည်းကောင်း၊ အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဝင်းမြ
ဖုန်း-၀၉-၅၀၈၀၆၄၇

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထက(၉) ကျောင်းခန်းမ၌ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်းကို မတ် ၆ ရက် နံနက် ၉ နာရီက စတင်၍ သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒက္ခိဏခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားခဲ့သည်။

ယင်းသင်တန်းဖွင့်ပွဲသို့ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ နည်းပြ ခုနစ်ဦးနှင့်အတူ သင်တန်းသား သင်တန်းသူ ၈၇ ဦး တက်ရောက်သည်။ သင်တန်းကို ငါးရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(၁၃၉)**

မူဆယ်ခရိုင် မုံးပေါ်ဒေသ၌စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ တောင်သူလယ်သမားများနှင့်တွေ့ဆုံဆွေးနွေး

မူဆယ် မတ် ၁၀

မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီး၍ ကျင်းပသော "စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဆွေးနွေးပွဲနှင့် မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေရှင်းလင်းပွဲအခမ်းအနား" ကို မူဆယ်မြို့နယ် မုံးပေါ်ဒေသ၌ကျင်းပသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိုန်မိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်က တက်ရောက်လာကြသည့် တောင်သူလယ်သမား ၂၈၅ ဦးကို စိုက်ပျိုးရေးနည်းပညာ၊ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်သူလယ်သမားများက သိလိုသည့်အချက်များကို မေးမြန်းကြပြီး တာဝန်ရှိသူများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြကြောင်းသိရသည်။ **MOAI (ပြန်ကြားရေး)**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ I.C.R.C (မြစ်ကြီးနား)ရုံးခွဲ ဖွင့်ပွဲကျင်းပ

မြစ်ကြီးနား မတ် ၁၀

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီI.C.R.C(မြစ်ကြီးနား)ရုံးခွဲ ဖွင့်ပွဲကို မတ် ၆ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြေပြင်ရပ်ကွက်နယ်မြေ (၁၃)အိမ်အမှတ်(၄၀၈)၌ ကျင်းပရာ ကချင်ပြည်နယ်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ Mr.Jurg Montani -I.C.R.C Resident Representative ရုံးချုပ်နှင့် Mr.Claudia Matter- Head of Sub Delegation (Mandalay)မန္တလေးရုံးခွဲတာဝန်ခံ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်၊ ဌာနဆိုင်ရာများ၊ NGOအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မင်္ဂလာအချိန်ကျရောက်သည်နှင့် အဆိုပါရုံးသစ်ကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဒေါက်တာခင်မောင်ထွန်း၊Mr.Jurg Montani -I.C.R.C Resident Representative(ရုံးချုပ်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဝင်းလွင်က အမှာစကားပြောကြားပြီး Mr.Jurg Montani -I.C.R.C Resident Representative မန္တလေးရုံးခွဲတာဝန်ခံက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ခရိုင် ပြန်/ဆက်)**

ဂန့်ဂေါမြို့၏ အိမ်ခြေထက်ဝက်ကျော်ကို ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ပြီ

ကလေး မတ် ၁၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းက ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ရက်မှ စတင်၍ ၂၄ နာရီ လျှပ်စစ်မီးပေးဝေလျက်ရှိရာ ဂန့်ဂေါမြို့၏ အိမ်ခြေထက်ဝက်ကျော်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်နေပြီဖြစ်ကြောင်း သိရသည်။ ဂန့်ဂေါမြို့သို့ ၂၄ နာရီ လျှပ်စစ်မီးကို ပေါက်(ချောင်းကူး) ပင်မဓာတ်အားခွဲစက်ရုံမှ 66 KV မဟာဓာတ်အားလိုင်းဖြင့် ဂန့်ဂေါမြို့နယ် ကျောကျေးရွာမှ တစ်ဆင့် ဂန့်ဂေါမြို့ပေါ်သို့ 66/11 KV, 2 MVA ဓာတ်အားခွဲစက်ရုံဖြင့် ပေးဝေလျက်ရှိပြီး ယခင်က မီတာဘောက်စ်အလုံး ၇၄၀ ကိုသာ ည အချိန်သာ မီးပေးနိုင်ခဲ့ရာမှ ယခုဆိုလျှင် ၂၄ နာရီ လျှပ်စစ်မီး ပေးဝေနေသည့်အတွက် ဒေသခံပြည်သူများလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်းဂန့်ဂေါမြို့ ဒေသခံများထံမှသိရသည်။ "လျှပ်စစ်မီးက အရင်တုန်းကဆိုရင် တစ်ရက်ကို နှစ်နာရီလောက်သာ ရရှိခဲ့တာပါ။ ပုံမှန်တောင်မရရှိခဲ့ပါဘူး။လျှပ်စစ်မီးက လာပြန်ရင်လည်း ဘာမှ လုပ်လို့မရပါဘူး။ မီးပူမတိုက်ရဘူး၊ ရေမတင်ရဘူး၊ တစ်အိမ်ကို မီးချောင်း နှစ်ချောင်းထက်ပိုမထွန်းရဘူး။ ဒီလိုမျိုးတွေနဲ့ ကန့်သတ်ချက်တွေကြား ထဲမှာ မီးသုံးစွဲခဲ့ရတာပါ။ ညဘက် ဆိုရင်ဆို အဝေးကနေပြီး ဂန့်ဂေါမြို့ကိုလာတဲ့ဧည့်သည်တွေဆို မြို့ကြီးကပျောက်နေပါတယ်။ ယခုတော့ မြို့ကဒီလိုမဟုတ်တော့ပါဘူး။ လျှပ်စစ်မီးက ပုံမှန်ရ နေပြီဆိုတော့ မြို့က အမြဲတက်ကြွ လန်းဆန်းနေတဲ့မြို့နဲ့တူနေပါပြီ"ဟု ၎င်းကပင် ဝမ်းသာစကားနှင့် ဆက်လက်ပြောပြသည်။

မြို့ပေါ်နေသူ အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရလိုပါက လျှပ်စစ်ရုံးကို လာရောက်လျှောက်ထားနိုင်ပြီး တပ်ဆင်ပေးရန် မီတာနှင့်ပစ္စည်းများအစုံအလင်ရှိပါက တစ်ပါတည်းတပ်ပေးနေပြီဖြစ်ကြောင်း သိရသည်။ ဂန့်ဂေါမြို့တွင် ၂၄ နာရီလျှပ်စစ်မီးကို ယခုထက်ပိုမိုတိုးချဲ့ပေးဝေနိုင်ရန်အတွက် ထရန်စဖော်မာခုနစ်လုံး တပ်ဆင်ရန် လျာထားသော်လည်း ငါးလုံးကို တပ်ဆင်ပြီးဖြစ်ကာ လျှပ်စစ်မီးသစ်သားတိုင်များကိုလည်း ကွန်ကရစ်တိုင်များအဖြစ် ပြောင်းလဲတပ်ဆင်နေပြီး ဂန့်ဂေါမြို့မှ ချင်းပြည်နယ် ဟားခါးမြို့သို့လည်း မဟာဓာတ်အားလိုင်း သွယ်တန်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **သျှင်နေမင်း**

ချောင်းအတွင်းမှ ထူးခြားသောရေပုတ်သင်မျိုးစိတ်တစ်ကောင်ဖမ်းမိ

ပျဉ်းမနား မတ် ၁၀

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ညောင်ပင်သာအုပ်စု ညောင်ပင်သာရွာတွင်ထူးဆန်းသော ရေပုတ်သင်မျိုးစိတ် တစ်ကောင် မွေးမြူထားကြောင်း သိရ၍ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ ရေပုတ်သင်ကို ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာအုပ်စု၊ သာယာကုန်းရွာနေ ကိုဇော်မိုးက မတ် ၇ ရက် နံနက် ၈ နာရီခန့်က ကျောက်ချက်တံတားအောက် ငါးလိုက်ချောင်းအတွင်းရှိ တံငါသည်တစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

ရေပုတ်သင်သည် အကြေးခွံမပါ၊ အလျား ရှစ်လက်မခန့်၊ လုံးပတ် တစ်လက်မခွဲခန့်ရှိပြီး ရှေ့နောက်ခြေလက်များပါရှိ၍ နားရွက်ပုံ(ပါးဟက်) တစ်စုံပါရှိသည်။ ၎င်း၏ ခန္ဓာကိုယ်သည် အသားရောင်ဖျော့ဖျော့ရှိ၍ ငါးများနည်းတူ ရေထဲတွင် ကူးခတ်သွားလာနိုင်သည်။

ယင်းရေပုတ်သင်ကို ညောင်ပင်သာကျေးရွာရှိ ကိုမိုးသီး၏ အလှမွေးငါးကန်ထဲတွင်ငါးများနှင့်အတူ မွေးမြူထားရှိကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

ဆုတောင်းပြည့် မန်ဆူစေတီတော် (၆၅)ကြိမ်မြောက် ရွှေသက်န်းကပ်လှူပူဇော်ပွဲကျင်းပ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်မန်ဆူစေတီတော်မြတ်ကြီး၏ (၆၅)ကြိမ်မြောက် ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို မတ် ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါအလှူပွဲအတွက် ပင့်သံဃာအပါး ၃၀၀ ကျော်တို့အား ဆွမ်း၊ သပိတ်၊ စာရေးတံမဲနှင့်ပဒေသာပင်များကို ဂေါပကအဖွဲ့ထံလာရောက်လှူဒါန်းနိုင်ပြီး တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်နေ့အထိ ငါးညတိုင်တိုင် "စိုးထက်ပိုင်မန္တလေးဇာတ်သဘင်" ဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

မြစ်ကြီးနားမြို့နယ်တာဆန်း-ဦးလောက်-ရွာသစ်လမ်းမြေသားလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနားမြို့နယ် တာဆန်း-ဦးလောက်-ရွာသစ်လမ်း လမ်းအရှည် ၁၁ ဒသမ ၆၆ မိုင်ရှိသော မြေသားလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မြို့နယ်အရည်အသွေးစိစစ်ရေးနှင့်လုပ်ငန်းကြီးကြပ်ရေး ကော်မတီအဖွဲ့၊ ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ အဆိုပါလမ်းမှာ မြစ်ကြီးနားမြို့အတွင်းရှိ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ကျေးရွာများသို့ ဆက်သွယ် ဖောက်လုပ်ပေးထားခြင်းဖြစ်ပြီး ယခင်က ရေလမ်း၊ လှည်းလမ်းများဖြင့် ခက်ခဲစွာ သွားလာခဲ့ရသည်။ ယခုအခါ လယ်ယာထုတ်ကုန်လမ်းအဖြစ်လည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းအဖြစ်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုများအတွက်အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **(မြစ်ကြီးနား)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၃၅၆၇ Toyota Mark II, S/L ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်းလင်း(ခ)ကျော်စောထက် ၁/မကတ(နိုင်)၀၇၁၅၄၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးခရိုင် တရားမရုံးတော်၌
ပဲခူးတိုင်းဒေသကြီးတရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၆၅နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၈

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဦးစိန်ဝင်းမောင်
ပဲခူးမြို့		၂။ ဒေါ်နန်းနွမ်းဖြူ
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၅)၊ (၁၇)ရပ်ကွက်၊ သမိန်ဗရမ်းလမ်းသွယ်၊ အမှတ်(၄၁၈/၄၂၀)နေ၊ (၁) ဦးစိန်ဝင်းမောင်၊ (၂) ဒေါ်နန်းနွမ်းဖြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၆၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၃ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မတ် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဘစံ
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၉၃၁/က၊ မြေကွက်တည်နေရာအမှတ် ၉၃၁/က၊ ဇလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှသောင်း၊ ဦးလေးပု၊ ဦးသိန်းအောင်၊ ဦးသောင်းတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှသောင်း၊ ဦးလေးပု၊ ဦးသိန်းအောင်၊ ဦးသောင်းတင်တို့ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)၀၇၃၃၃၉၊ ဒေါ်ဌေးဌေးဝင်း ၁၂/ဥကတ(နိုင်)၀၉၇၉၁၂တို့က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့ တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀ EZ², မြေကွက်အမှတ် V-၅၂၊ မြေကွက်တည်နေရာအမှတ် ၁၅၂၊ ၁၆လမ်း၊ လမ်းမတော်မြို့နယ် မောင်ရင်ရွှေ အမည်ပေါက် နှစ် ၉၀ ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဦးရင်ရွှေသည် ၁၉-၁၂-၁၉၆၇ ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်ကျင်နုက အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ၁၂၂၂/၁၉၈၆ ဖြင့် ဆက်ခံပိုင်ဆိုင်ပြီး ဒေါ်ကျင်နု(ခ)ဒေါ်ကြင်နုသည် ၁၈-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေး ၁၂/လမတ(နိုင်) ၀၀၇၇၉၈၊ ဒေါ်ဝင်းဝင်းရီ ၁၀/ခဆန(နိုင်) ၀၂၈၅၀၉၊ ဒေါ်အေးအေးရီ ၁၂/လသန(နိုင်) ၀၀၉၀၆၇၊ ဦးသန်းထူး ၁၂/လမတ(နိုင်) ၀၀၇၇၉၀တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်မာသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၄၊ မြေကွက်အမှတ် ၁၅၊ မြေကွက် တည်နေရာအမှတ် ၁၅၊ ဗိုလ်ဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးတင်ဝင်း CG-၀၁၈၄၉၂အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း(လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် အမွေစားအမွေခံ မွေးစားခြင်းစာချုပ်အမှတ် ၉/၉၅ (၃၀-၈-၉၅)ဖြင့် (၁) ဒေါ်သန်းသန်းဆင့် ၇/ကဝန(နိုင်)၀၂၄၇၃၁၊ (၂) ဦးစိုးတင့် ၇/ကဝန(နိုင်)၀၂၄၇၇၀၊ (၃) ဒေါ်အိအိဝင်း ၇/ကဝန(နိုင်)၀၀၀၁၉၉ တို့က ပိုင်ဆိုင်ပြီး ဦးစိုးတင့် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် (၁) ဒေါ်သန်းသန်းဆင့် ၇/ကဝန(နိုင်)၀၂၄၇၃၁၊ (၃) ဒေါ်အိအိဝင်း ၇/ကဝန(နိုင်)၀၀၀၁၉၉တို့မှ ညီမများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူး လျှောက်ထားလာရာ ခိုင်မာသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ၆၀၊ မြေကွက်အမှတ် ၄၂၉+၄၃၀၊ ဧရိယာ ၀ဒသမ ၁၁၀ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်မြင့်မြင့်စန်းဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင်အရောင်းအဝယ်စာချုပ် ၁၂၈/၂၀၁၄ တင်ပြ၍ ဒေါ်ဝင်းဝင်းမာ ၁၂/သကတ(နိုင်)၀၀၃၆၃၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၈၃/ခ၊ မြေကွက်တည်နေရာအမှတ် ၃၈၃/ခ၊ အင်းဝ ၃လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အမာတင်၊ ဦးအောင်ဌေးကြွယ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ဌေးကြွယ် ကွယ်လွန်သဖြင့် ဒေါ်အမာတင် ၁၂/ဥကတ(နိုင်)၀၅၂၄၇၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး၊ မြောက်)၊ မြေကွက်အမှတ်(၃၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၃၆၇/က)၊ ဘုရင့်နောင်လမ်း၊ ကြီးပွားရေး(မြောက်)၊ သဃ်္ဃန်းကျွန်း ဦးရင်ဖေ ၁၂/သဃက(နိုင်)၀၅၇၇၇၁၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရင်ဖေ(ဖခင်)နှင့် ဒေါ်တင်စိန်(မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်စန်းစန်းဝေ ၁၂/သဃက(နိုင်)၀၅၉၃၃၁၉၊ (၂) ဒေါ်တင်တင်ကြည် ၁၂/သဃက(နိုင်)၀၅၉၅၄၉၊ (၃) ဒေါ်အေးအေးရီ ၁၂/သဃက(နိုင်)၀၅၉၅၅၃၊ (၄) ဦးခင်ချို ၃/လကန(နိုင်)၀၀၆၆၀၂၊ (၅) ဦးတင်ထွန်း ၁၂/လကန(နိုင်)၁၃၉၂၉၃၊ (၆) ဦးခင်နိုင် ၁၂/သဃက(နိုင်)၀၅၉၅၂၁၊ (၇) ဦးဇော်နိုင် ၁၂/သဃက(နိုင်)၀၅၉၅၅၁၊ (၈) ဦးကျော်နိုင် ၁၂/သဃက(နိုင်)၀၅၉၅၅၀၊ (၉) ဒေါ်ခင်မာရင် ၁၂/သဃက(နိုင်)၀၀၄၅၁၇တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP No- ၂၅၃၃၀ / ၅-၁၂-၁၃ ၊ ၂၄၆၆၈ / ၅-၁၂-၁၃ ၊ ၂၅၃၂၉ / ၅-၁၂-၁၃ ရသူ ဒေါ်တင်တင်ကြည် ၁၂/သဃက(နိုင်)၀၅၉၅၄၉ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးနှင့်လည်း ညီညွတ် ဈေးနှုန်းလည်းသက်သာသော ဘရိုကိုလီ

လူကြိုက်များလာသော ပန်းဂေါ်ဖီအစိမ်း ဘရိုကိုလီ (Brccoli)သည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဈေးနှုန်းသက်သာသောကြောင့် ရောင်းသူ၊ ဝယ်သူ၊ စားသုံးသူများ အထူးနှစ်ခြိုက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဘရိုကိုလီ (Brccoli) သည် အစိမ်းရောင်ဖြစ်ပြီး ကင်ဆာရောဂါကို နံပါတ် (၁) ကာကွယ်နိုင်စွမ်းရှိကြောင်း သိရသည်။ ဘရိုကိုလီကို အကျက်မချက်ဘဲစားသုံးပါက ကျန်းမာရေးနှင့် ညီညွတ်ကြောင်း သိရသည်။ ဟင်းသီးဟင်းရွက်များထဲတွင် ဘရိုကိုလီသည် အကောင်းဆုံးအစားအစာဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သောကြောင့် အမျိုးသားရော၊ အမျိုးသမီးများပါ စားသုံးသင့်သော သီးနှံဖြစ်ကြောင်း သိရသည်။

ဘရိုကိုလီ ပန်းဂေါ်ဖီအစိမ်းကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ကျေးရွာများတွင် စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။ "ဘရိုကိုလီပန်းဂေါ်ဖီအစိမ်းက အခြားပန်းဂေါ်ဖီများထက် ပိုအရောင်းအဝယ် ဖြစ်နေပါတယ်။

စားသုံးသူ အိမ်ရှင်မတွေ အထူးနှစ်သက်လျက်ရှိပါတယ်။ ခရီးအဝေးတော့ တင်ပို့လို့မရပါဘူး။ ချက်ချင်းခူး၊ ချက်ချင်းရောင်းရပါတယ်။ တစ်ရက်ကျော်သွားရင် ညှိုးသွားပြီး စားသုံးသူတွေ မကြိုက်တော့ဘူး။ အခု ကျွန်မတို့ ဝယ်နေတာက တစ်ပွင့် တစ်ရာကျော်နဲ့ ဝယ်ပါတယ်။ ဈေးက ပုံမှန်တော့မရှိပါဘူး။ ဒီအနီးနားက မိတ္ထီလာ၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ အာဟာရသုခဈေး၊ နေပြည်တော်ရှိ ဈေးများမှာ ရောင်းချလျက်ရှိပါတယ်"ဟု ဝယ်ရောင်းလုပ်နေသည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။

စိုက် ပျိုး သူ တောင်သူများ ထံသို့ သွားရောက်မေးမြန်း ရာ "ကျွန်တော်တို့စိုက်တဲ့ ဘရိုကိုလီမျိုးက ထိုင်းမျိုးဖြစ်ပါတယ်။ နောက်ပြီး ဂျပန်မျိုးလည်း ရှိပါသေးတယ်။ အခုစိုက်ထားတာ အပင်တစ်သောင်းကျော်ပါတယ်။ စိုက်ပြီး ၄၅ ရက်ဆို စတင်ခူးရောင်းလို့ ရပါပြီ။ ဒီဘရိုကိုလီရဲ့ ထူးခြားချက်က ပိုးသတ်ဆေး နည်းနည်းပဲ သုံးရတယ်။ ပိုးကောင်တွေက ဒီအသီးအပွင့်ကို မကြိုက်ဘူး။ ဒါကြောင့် စားသုံးသူတွေ ဘေးဥပဒ်မဖြစ်ဘူး။ စိုက်ပျိုးသူတွေလည်း ကုန်ကျစရိတ်သက်သာပြီး အရင်းအနှီးအများကြီး မဟုတ်တော့ ကျွန်တော်တို့ တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် ပိုပြီးစိုက်လာပါတယ်။ ဝယ်တဲ့သူတွေကလည်း ဘရိုကိုလီ ပန်းဂေါ်ဖီအစိမ်းကို အခြားပန်းဂေါ်ဖီတွေထက် ပိုကြိုက်ပါတယ်။ ၄၅ ရက်မှာ စရောင်းရပြီး ရက် ၆၀ ဆို ကုန်သွားတာကြောင့် နှစ်လတည်းနဲ့ ဝင်ငွေရတာပေါ့"ဟု နွယ်ရစ်ကျေးရွာမှ ပန်းဂေါ်ဖီအစိမ်း ဘရိုကိုလီ (Brccoli) စိုက်တောင်သူကိုဆန်းဝင်းကပြောပြသည်။ ထိုသို့ စိုက်ပျိုးသူတောင်သူများအတွက်လည်း လွန်စွာအဆင်ပြေသကဲ့သို့ စားသုံးသူများကိုလည်း ကျန်းမာစေနိုင်သော ပိုတက်စီယမ်၊ ဗီတာမင်ဘီ ၆၊ ဗီတာမင်အေ၊ ဖောလစ်နှင့် carotenoid lutein ဓာတ်များ ပါဝင်သောကြောင့် သွေးတိုး၊ နှလုံး၊ ဆီးချိုတို့ကို ကာကွယ်ပေးသည့်အပြင် ဆီးကျိတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ သားအိမ်ကင်ဆာများကို ထိရောက်စွာ ကာကွယ်ပေးသည်။ ဘရိုကိုလီ၏ အပွင့်သာမကဘေးတွင် ဝန်းရံနေသော အရွက်နုစိမ်းလေးများကို ကြော်စားပါကလည်း လွန်စွာ နူးညံ့၍ တစ်ပွင့်လုံး လိုရာစားသုံးနိုင်ပေသည်။ ဟင်းအဖြစ် ချက်ပြုတ်ရာတွင် နှစ်မိနစ်ခန့်သာ အပူပေးချက်ပြုတ်သင့်သည်။ သို့မှသာ သဘာဝ အာဟာရဓာတ်များ လျော့နည်းမသွားမည်ဖြစ်သည်။ ထို့ကြောင့် ပိုးသတ်ဆေး အသုံးနည်းသော သီးနှံဖြစ်သည့် လူသားအကျိုးပြု ဘရိုကိုလီကို တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်၊ သုံးကြိမ်ခန့် စားသုံးသင့်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

သတင်းဆောင်းပါး-ကျော်သူဝင်း

ဓာတ်ပုံ-သက်ထက်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတို

ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်

နမ့်ခမ်းမြို့နယ် ကိုယ့်အားကိုယ်ကိုးမီးသတ်ယာဉ်တစ်စီးအား အမှတ် (၁၃) အောင်ချမ်းသာရပ်ကွက် ကိုယ့်အားကိုယ်ကိုးမီးသတ်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉နာရီက မြို့နယ်ကိုယ့်အားကိုယ်ကိုး မီးသတ်ရုံး၌ကျင်းပသည်။

အခမ်းအနားတွင်ဦးစိုင်းစံညွန့်က မီးသတ်ယာဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှတ်(၁၃) အောင်ချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခမ်းစိုင်း၊ ရပ်ကွက် မီးသတ်တာဝန်ခံ ဦးခမ်းယီထံ မီးသတ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

"နမ့်ခမ်းမြို့မှာ ရပ်ကွက်တိုင်းမီးသတ်ကားရှိကြတယ်။ ကျွန်တော်တို့ရပ်ကွက်အတွက် မီးသတ်ကား မရှိသေးဘူးဗျ။ ဝယ်ဖို့ဆိုရင် ငွေကျပ်သိန်း ၁၀၀ ကျော် အထက်မှာရှိတယ်။ အခုလို မြို့မကိုယ့်အားကိုယ်ကိုးမီးသတ်တပ်ဖွဲ့က အခမဲ့ လွှဲပြောင်းပေးတဲ့အတွက် တကယ်ကျေးဇူးတင်ပါတယ်"ဟု ဦးခမ်းစိုင်းက ပြောကြားသည်။

ညဏ်မင်း(နမ့်ခမ်း)

ခရိုင်အဆင့် စာရင်းစစ်/ စာရင်းကောက်(နည်းပြ)သင်တန်းဖွင့်

လပွတ္တာခရိုင်အတွင်း ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ခရိုင်အဆင့် စာရင်းစစ်/ စာရင်းကောက်(နည်းပြ)သင်တန်းဖွင့်ပွဲကို လပွတ္တာမြို့နယ် အမက(၄) မူလွန်ကျောင်း၌ မတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

လပွတ္တာခရိုင်အနေဖြင့်ခရိုင်အဆင့် စာရင်းစစ်/စာရင်းကောက်(နည်းပြ)သင်တန်းကို လပွတ္တာမြို့နယ်၌သင်တန်းသား သင်တန်းသူ ၄၅ ဦးနဲ့ တစ်နေရာ၊ မော်လမြိုင်ကျွန်းမြို့နယ်၌သင်တန်းသား ၄၈ ဦးနဲ့တစ်နေရာ စုစုပေါင်း နှစ်နေရာကိုတစ်ပြိုင်တည်းဖွင့်လှစ်ခဲ့ပြီး ခရိုင်အဆင့် (နည်းပြ)စာရင်းစစ်/စာရင်းကောက်သင်တန်းကို တိုင်းဒေသကြီးအဆင့်(အထူးနည်းပြ) သင်တန်းတက်ရောက်ပြီးဖြစ်သည့် တက္ကသိုလ် ဆရာ ဆရာမသုံးဦးစီက သင်တန်းပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

(ခရိုင်ပြန်/ ဆက်)

လဲချားမြို့နယ်တွင် စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင်မြို့နယ်သံဃနာယကက ဦးစီးကျင်းပသော လဲချားမြို့နယ်လုံးဆိုင်ရာအကြိမ်(၃၀)မြောက်ပရိယတ္တိသဒ္ဓမ္မပါလ ရေးဖြေစာမေးပွဲနှင့် (၅၆)ကြိမ်မြောက် အာဂုံဆောင် စာပြန်ပွဲအောင် သံဃာတော်များကို အောင်လက်မှတ်များနှင့် ဆုများဆက်ကပ်၍ ရေစက်ချတရားတော်နာ အခမ်းအနားကို မတ် ၈ ရက် မွန်းတည့် ၁၂ နာရီက ဖောင်တော်ဦးကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းသည်။

အဆိုပါ အခမ်းအနားတွင် ဆရာတော် သံဃာတော်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဂေါပကများနှင့် ရှမ်းတရားတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ၊ အလှူရှင်များ စုံစုံညီညီဖြင့် စာအောင်သံဃာ မူလအဆင့်၊ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်ရေးဖြေနှင့်နှုတ်ဖြေ သံဃာတော်စုစုပေါင်း ၇၂၂ ပါးကို စာအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်၍ ရေစက်ချတရားတော်နာလှူဒါန်းကြောင်းသိရသည်။ **(မြို့နယ် ပြန်/ ဆက်)**

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ စွန်းလမ်းဂူကျောင်းလမ်း၊ အမှတ်၇နေ ဦးသိန်းမြင့်၏ သားသမီးများဖြစ်ကြသော (၁)မဇင်မာဖြိုး ၁၂/ကမန (နိုင်) ၀၉၈၂၂၇၊ (၂)မသွယ်လှလှဖြိုး ၁၂/ကမန(နိုင်)၀၉၈၂၂၈၊ (၃)မောင်သန်းမြင့်ထွန်း ၁၂/ရကန (နိုင်)၀၇၂၆၈၉၊ (၄)မောင်ဟိန်းမင်းသိန်း ၁၂/ရကန(နိုင်)၀၇၆၆၀၂တို့မှ ဦးသိန်းမြင့်၏သားမောင်သန်းထိုက်ထွန်း ၁၂/ရကန(နိုင်)၀၇၆၆၀၃သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀-၉-၂၀၁၃ ရက်တွင် ပေးအပ်ထားခဲ့သော GP အမှတ်-၁၇၇၈၅ အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B (စဉ်-၂၅၁၆၅)

ဦးအေးမင်းသူ LL.B (စဉ်-၂၆၁၉၉)

ရိုးမဘဏ်ဥပဒေအကြံပေးနှင့်အထက်တန်းရှေ့နေများ

အမှတ်(၅၈/၆၀) (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တိုးချဲ့သီရိပစ္စယာ (၅) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၅၈၆)၊ (၅၈၇)၊ (၅၈၈)၊ (၅၈၉)ပေါ်ရှိ လင်းသစ္စာမိုတယ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဦးဌေးမြင့် ၁၄/မမန(နိုင်) ၁၃၀၁၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူစိမ်း ၉/မရမ(နိုင်)၀၈၇၉၆၅ က အပြီးအပိုင် ဝယ်ယူလျက် လက်ရှိရယူထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားများတင်ပြလျက် ယနေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာများသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရုံး၊ အမှတ် ၅၀၊ စီ/၃(ပထမထပ်) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန် ဖုန်း-၀၉-၅၀၃၃၁၇၂

ဦးလှမင်း(ပေါင်းတည်) LL.B(ADVOCATE) တရားလွှတ်တော်ရှေ့နေ(၅၅၅၅)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ယုဝတီလမ်း၊ မြေကွက် အမှတ် (၁၂)၊ မြေကွက်အမှတ်(၃၆၅)၊ မြေဧရိယာ ၀ ဒသမ၀၅၅ဧကရှိ ပါမစ်မြေကွက်သည် မြို့မြေစာရင်းတွင် ဦးကြည်ရှိန် အေဂျီ-၂၆၈၈၇၇အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားပါမစ်မူရင်းယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင်

အထက်တန်းရှေ့နေ

အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အရှေ့၊ မြေကွက်အမှတ် ၇၉၉/ခ၊ မြေကွက်တည်နေရာအမှတ် ၇၉၉/ခ၊ ဝေဇယန္တာ ၁၈လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးမောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးမောင်(ဖခင်)၊ ဒေါ်တင်မြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အုန်းမြ ၁၂/သကတ(နိုင်) ၀၂၁၇၇၂က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ကံဘဲ့၊ မြေကွက်အမှတ် ၁/က^၁၊ မြေကွက်တည်နေရာအမှတ် ၇၀၊ ရတနာသိပ္ပံလမ်း၊ မိကျောင်းကန် (၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်တင်တင်ထွေး ၁၂/မဂတ(နိုင်)၀၀၇၆၆၅ အမည်ပေါက် မြေပိုင်မြေ လ/န-၃(ခ)မြေအား အမည်ပေါက် ဒေါ်တင်တင်ထွေး (မိခင်)ကွယ်လွန်နှင့် ဦးနေဝင်း(ဖခင်)ကွယ်လွန်သဖြင့် ဒေါ်အိခိုင်သဇင် ၁၂/သဃက (နိုင်)၀၀၀၈၀၇ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၆၇၇၊ မြေကွက်တည်နေရာ အမှတ် ၄/၁၆၇၇၊ သမိန်ဗရမ်းလမ်း၊ ကျန်စစ်သားရပ်ကွက် ဒေါ်အုန်းစိန် AKB-၂၀၃၂၆၄ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်အုန်းစိန် ၁၁/ဘသတ(နိုင်)၀၁၇၅၄၀က မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်ပူးတွဲတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ရန်ကုန်သစ်၊ မြေကွက်အမှတ် ၅၀၄/ခ၊မြေကွက်တည်နေရာအမှတ်(၅၀၄/ခ)၊ ၁၀လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်အုန်းရှင်၁၂/သဃက (နိုင်)၀၈၇၅၅၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းရှင်(ဇနီး) ကွယ်လွန်သဖြင့် ဦးကြီးခိုင် ISN-၁၄၂၇၈၇က တစ်ဦးတည်းသောခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် GPN0-၂၁၀၉၉ ၊ ၂၉-၁၀-၁၃ရသူ ဒေါ်ခင်သန်းရီ ၁၂/တမန(နိုင်)၀၀၆၀၈၇မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်သကမ-၁၇၊မြေကွက်အမှတ် ၈၀၀/ခ၊ မြေကွက်တည်နေရာ ၈၀၀/ခ၊ ငထင်ငယ်လမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးမောင်ငြိမ်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်ငြိမ်းထံမှ အရပ်ကတိအရောင်းစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမောင်မောင် ၁၂/ပဘတ (နိုင်)၀၂၅၇၉၂က ပါပစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားရာ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုစာရင်း မတင်ပြနိုင်ပါ၍ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၁၅၉၊ မြေကွက်တည်နေရာအမှတ် ၁၅၉၊ သဇင်လမ်း၊ ရွှေပြည်သာမြို့နယ် ဒုဗိုလ်မှူးကြီးစိုးအောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးစိုးအောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဝေလင်း ၈/မကန(နိုင်)၀၂၂၂၁၈မှ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တင်ပြထားသောပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် အိမ်ထောင်ဦးစီးဇယားမပါရှိ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် အမကကျောင်းတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ကျောက်တံခါး မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် အမကကျောင်းတွင် နွေရာသီကျောင်းပိတ်ရက်၌ မူလတန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ကလေးငယ်များကို ရွှေမန်းတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥက္ကံသဦးစီး၍ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီက အခမ်းအနားဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ဆရာတော်ကယဉ်ကျေးလိမ္မာသင်တန်းသားများအား ဩဝါဒအဖွင့်အမှာစကားမိန့်ကြားခဲ့ပြီးတိုင်းသာသနာ့နုဂ္ဂဟဥက္ကဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေကအမှာစကား ပြောကြား၍မြို့နယ်သာသနာ့နုဂ္ဂဟ ဥက္ကဌ ဦးစန်းထွေးက ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့် လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်း လင်းပြောကြားခဲ့ပြီး သင်တန်းကာလမှ ၁၅ ရက်ကြာသင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

ယာဉ်များမှ နောက်မီးခွက်ကိုးစုံနှင့် နောက်ရေသုတ်တံ ၅၂ ချောင်း ဖြုတ်ကာခိုးယူခဲ့ကြသူနှစ်ဦးကို စစ်ဆေးဖော်ထုတ်အရေးယူ

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ရန်ကင်းမြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူထားသည့် ရွှေပြည်သာမြို့နယ် (တ/၁၅)ရပ်ကွက်နေသူများဖြစ်ကြသော ဝေလင်းထွန်းနှင့် မင်းမောင်မောင်ဝင့်တို့နှစ်ဦးကို မတ် ၃ ရက်က အခြားခိုးမှုများကျူးလွန်ထားခြင်းရှိ မရှိစစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးခဲ့ရာ ဝေလင်းထွန်းသည် ၄င်းတစ်ဦးတည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက ညအချိန်များ၌ ကြည့်မြင်တိုင်မြို့နယ် အနောက်ပိုင်းဆေးရုံ အနီးလမ်းမပေါ်၌ ရပ်ထားသော ဆူဇူကီးယာဉ်သုံးစီးမှ နောက်မီးခွက် သုံးစုံကိုလည်းကောင်း၊ အလုံမြို့နယ် အထက်ကြည့်မြင်တိုင်လမ်းမပေါ်၌ ရပ်ထားသည့်ပရိုဘောက်စ်ယာဉ်နှစ်စီး၊ ဟွန်ဒါဖစ် ယာဉ်သုံးစီး၊ ဒီမီရိုယာဉ်သုံးစီးနှင့် ဆူဇူကီးဗစ် ယာဉ်တစ်စီးတို့မှ နောက်ရေသုတ်တံများကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် လှည်းတန်းဈေးအနီးလမ်းမပေါ်၌ ရပ်ထားသည့် ဆူဇူကီးယာဉ် သုံးစီး၊ ဟွန်ဒါဖစ်သုံးစီး၊ ပရိုဘောက်စ် ယာဉ်တစ်စီးတို့မှ နောက်ရေသုတ်တံများနှင့် ဆူဇူကီး ယာဉ်နှစ်စီးမှ နောက်မီးခွက်နှစ်စုံကိုလည်းကောင်း ခိုးယူရောင်းချထားကြောင်း ဖော်ထုတ်ရရှိသဖြင့် သက်ဆိုင်ရာရဲစခန်းများတွင် အမှုများဖွင့်လှစ်ပြီး ဆက်လက်အရေးယူကာ သက်သေခံပစ္စည်းများပြန်လည်သိမ်းဆည်းခဲ့သည်။

ထို့နောက် ဆက်လက်စစ်ဆေးရာ ဝေလင်းထွန်းနှင့် မင်းမောင်မောင်ဝင့်တို့နှစ်ဦးသည် ယခုနှစ်ဖေဖော်ဝါရီလအတွင်း ညပိုင်းက သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ ဘုရားအနီးလမ်းမပေါ်၌ ရပ်ထားသည့် ဟွန်ဒါဖစ်ယာဉ်သုံးစီး၊ ပရိုဘောက်စ်ယာဉ်သုံးစီး၊ ဆူဇူကီးယာဉ်သုံးစီးတို့မှ နောက်ရေသုတ်တံများနှင့် ဆူဇူကီးယာဉ်မှ နောက်မီးခွက်နှစ်စုံကိုလည်းကောင်း၊ ရတနာလမ်းမပေါ်ရှိ ကွန်ဒိုတိုက်ခန်းများရှေ့၌ရပ်ထားသည့် ဟွန်ဒါဖစ်ယာဉ်နှစ်စီး၊ ပရိုဘောက်စ်ယာဉ်နှစ်စီးတို့မှ နောက်ရေသုတ်တံများနှင့် ဆူဇူကီးယာဉ်တစ်စီးမှ နောက်မီးခွက်တစ်စုံကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းမပေါ်၌ ရပ်ထားသည့် ပရိုဘောက်စ်ယာဉ်ငါးစီး၊ အေဒီဗင်ယာဉ်ငါးစီး၊ ဟွန်ဒါဖစ်ယာဉ်နှစ်စီးတို့မှ နောက်ရေသုတ်တံများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်ထားသည့် ဟွန်ဒါဖစ်ယာဉ်လေးစီး၊ ဆူဇူကီးယာဉ်ငါးစီး၊ ပရိုဘောက်စ်ယာဉ်နှစ်စီးတို့မှ နောက်ရေသုတ်တံများနှင့် ဆူဇူကီးယာဉ်၏နောက်မီးခွက်တစ်စုံတို့အားလည်းကောင်း ခိုးယူခဲ့ကြပြီး ရောင်းချထားကြောင်း စစ်ဆေးဖော်ထုတ်ရရှိသဖြင့် သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုများဖွင့်လှစ်ပြီး ဆက်လက်အရေးယူကာ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ဒိုက်ဦးမြို့တွင် ဘောလုံးလောင်းကစားဒိုင် ဖမ်းဆီး

ပဲခူး မတ် ၁၀

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့မ စခန်းအပိုင်တွင် မတ် ၅ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က ဘောလုံးလောင်းကစားဒိုင်ကို သတင်းအရ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၏ ညွှန်ကြားချက်ဖြင့် တိုင်းမှုခင်းအကူဌာနမှ ဒုရဲအုပ်ထွန်းလင်း၊ ဒုရဲအုပ် ဟန်သင်းနှင့် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ အမှတ်(၁)ရပ်ကွက် စာတိုက်လမ်းရှိ ပပဝင်း စက်ဘီးအပိုပစ္စည်းဆိုင်ကို ဝင်ရောက်ရှာဖွေရာ ဆိုင်တွင် ကောင်းမြတ်နိုင်(၂၄)နှစ်ကို တွေ့ရှိရပြီး ဆိုင်အတွင်းရှိ သုံးဆင့်ရှိ ငွေရှင်းကောင်တာ တတိယအဆင့်အတွင်းမှ ပလတ်စတစ်အိတ်အမည်းဖြင့် ထုပ်ထားသော ဆင်းကတ်ပါ ဖုန်းတစ်လုံး၊ လောင်းကြေးငွေကျပ် ၃၇၀၀၀၀၀ နှင့် ၎င်းထိုင်နေသည့် ကောင်တာဘယ်ဘက်ခြမ်းရှိ မီတာဘောက်ထဲမှ နိုင်ငံခြားဘောလုံးအသင်းအမည်နှင့် ဂိုးပေါင်းပေါက်ကြေးများ ရေးထားသော စာအုပ်ကို သိမ်းဆည်းရမိသဖြင့် ဒိုက်ဦးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၈၃)**

အရက်နှင့် လဲသောက်ရန် ပဲအိတ်ယူသဖြင့်ဖခင်ကဓားဖြင့်ထိုး

နေပြည်တော် မတ် ၁၀

မတ် ၆ ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် တဇန်းကျေးရွာ အနောက်တောင်ဘက်နှစ်မိုင်ခန့်အကွာ မရင်းခင်တော၌ လူသေအလောင်းတစ်လောင်းတွေ့ရှိရသဖြင့် ဂန့်ဂေါမြို့မရဲစခန်းမှ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ၎င်းကျေးရွာနေ ကျော်အောင် (၅၉နှစ်)ဖြစ်ပြီး လယ်ကွင်းထဲ၌မှောက်လျက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

သေဆုံးသူသည် အရက်သောက်စားမူးယစ်ပြီး ၎င်း၏ဖခင်ဦးကောက်ရ၏ တဲသို့ရောက်ရှိလာကာ စားတော်ပဲအိတ်များကို အရက်နှင့်လဲသောက်ရန်ယူခဲ့ကြောင်း၊ ထိုသို့ယူစဉ် ဖခင်ဖြစ်သူဦးကောက်ရ (၈၀ နှစ်)က တဲတွင် အသင့်ရှိသောဓားဖြင့် ထိုးခဲ့သဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရပြီး ဦးကောက်ရကို ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်၊ ခဲယမ်းများ တာချီလိတ်မြို့၌ဖမ်းဆီးရမိ

တာချီလိတ် မတ် ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ မတ် ၇ ရက် နံနက် ၁၁ နာရီက ဟွေရဲပူးပေါင်းစစ်ဆေးရေးစခန်းတွင် စိတ်ကြွရူးသွပ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ ရဲအုပ်ရဲဝင်းထွန်း ဦးစီး ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဟွေရဲ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ ကျဘိုရှဲမောင်းနှင်လာသည့် YGN 3G/....နံပါတ်ပါ VIGO အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ပြား၊ကာလတန်ဖိုးကျပ် ၃၃၇၅၀၀ နှင့် H-365037 နံပါတ်ပါ pietro-BERETTA-9MM အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်

နှစ်ခုနှင့် Luger RAI-10 စာတန်းပါ ကျည် ၄၂ တောင့်တို့ကို တွေ့ရှိရမိသဖြင့် သက်သေများ ရှေ့ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အမှုမှ ကျဘိုရှဲ (၃၉) နှစ် လားဟူ/နက်၊ ကျအူဖုရားကျေးရွာ လုံဆိုင်အုပ်စု မိုင်းခုတ်မြို့နယ်ခွဲ မိုင်းဆတ်ခရိုင်နေသူကို တာချီလိတ်မြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆိုလာပြားများဖြင့် မီးအလင်းရောင်ရရှိတော့မည်

သုံးခွ မတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာကို ဆိုလာပြားများ တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာများမှာ ပျဉ်းမကန်ကျေးရွာအုပ်စု ကွမ်းမိုးဒိန်းကျေးရွာ တွင် အိမ်ခြေ ၁၁၄ အိမ်၊ ရွာသစ်ကျေးရွာအုပ်စု ကျောက်တိုင်ကျေးရွာတွင် အိမ်ခြေ ၁၇၀၊ ရန်ကြီးအောင်ကျေးရွာတွင် အိမ်ခြေ ၂၅၃ အိမ်၊ ရဲနွံ့ကျေးရွာတွင် ၄၂၈ အိမ်၊ အောင်သာဒါန်းကျေးရွာတွင် အိမ်ခြေ ၂၅၀၊ အနောက်တံခွန်တိုင်ကျေးရွာတွင် အိမ်ခြေ ၃၃၇ အိမ် စုစုပေါင်းအိမ်ခြေ ၁၅၅၂ အိမ်ဖြစ်ပြီး ၎င်းဆိုလာပြားများကို Poly-ice ကုမ္ပဏီက တာဝန်ယူတပ်ဆင်ပေးမည်ဖြစ်သည်။

အိမ်တစ်အိမ်လျှင် (၂× ၄)ပေ ဝပ် ၉၅ ဆိုလာပြားတစ်ချပ်၊ ၁၂ ဗို့ ၆၅ ဝပ်ဘက်ထရီတစ်လုံး၊ ချာချင်ကွန်ထရိုလာ(ထိန်းချုပ်ကိရိယာ)တစ်ခု၊ ၃၀၀ ဝပ်အင်ဗက်တာတစ်လုံး၊ LEDမီးလုံးများ၊ မီးကြိုး၊ မီးခေါင်း၊ မီးခလုတ်များ ရရှိမည်ဟု သိရသည်။ သုံးခွမြို့နယ်အတွင်းရှိ လျှပ်စစ်မီးရရှိရန် ခက်ခဲသည့်ကျေးရွာများတွင် နေရောင်ခြည်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးများရရှိပါက ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်

စာမူများပေးပို့ရန်ဖိတ်ခေါ်ခြင်း

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)မှ နှစ်ပတ်လည် မြင်းခြံမြို့နယ်မဂ္ဂဇင်း အမှတ် ၅ ထုတ်ဝေမည်ဖြစ်ပါသဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ပြဇာတ်၊ ကာတွန်းစာမူများကို ၂၀၁၄ ခုနှစ် မေလ ၃၁ရက်နောက်ဆုံးထား၍ ဦးမောင်မောင် အမှတ် ၁၅၀၊ မြေညီထပ်၊ သိမ်ဖြူလမ်း၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်သို့ ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

အမှုဆောင်အဖွဲ့
မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ်၄၉၆၊ မြေကွက်တည်နေရာအမှတ် ၄၉၆၊ မင်းနန္ဒာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးလှတင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင်(ဖခင်)နှင့် (မိခင်) တို့ ကွယ်လွန်သဖြင့် သားသမီးများ ဖြစ်ကြသော (၁)မအေးအေးမော် ၁၂/သကတ(နိုင်)၀၀၁၃၅၉၊ (၂)မမြအေး ၁၂/သကတ(နိုင်)၀၀၁၃၅၈၊ (၃)မမြင့်မြင့်စန်း ၁၂/သကတ(နိုင်)၁၄၁၃၃၆၊ (၄)မောင်မြတ်ကျော်လင်း(ခ)မင်းမောင် ၁၂/သကတ(နိုင်) ၁၄၁၃၃၅၊ (၅)မယဉ်ယဉ်အေး ၁၂/ဒပန(နိုင်) ၀၅၁၀၁၆၊ (၆)မတင်တင်လှ ၁၂/ဒပန(နိုင်) ၀၅၁၀၁၇၊ (၇)မသီရိခိုင် ၁၂/ဒပန(နိုင်) ၀၅၁၀၁၈၊ (၈)မောင်ရန်မျိုးနိုင် ၁၂/ဒပန(နိုင်) ၀၅၁၀၁၉၊ (၉)မောင်စန်းထူး ၁၂/ဒပန(နိုင်) ၀၅၇၆၄၅၊ (၁၀)မောင်တောက်ထွန်း ၁၂/သကတ(နိုင်)၁၁၃၆၇၄တို့ထံမှ GP (၁၉၈၅၈/၁၈-၁၂-၁၂)၊ (၂၁၈၄၃/ ၅-၁၁-၁၃)၊(၁၉၈၅၅/၁၈-၁၂-၁၂)တို့ရရှိသူ ဦးသိန်းလွင်၁၂/သကတ(နိုင်)၁၂၉၀၇၅မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်၄၄ကံဘဲ့၊ မြေကွက်အမှတ် ၁၇/ခ၂၊ မြေကွက်တည်နေရာ အမှတ် ၈၆၊ သူရလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ယူ အမည်ပေါက်မြေပိုင်မြေ၃(ခ)ရပြီး မြေအား အမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၃၈၁/၉၂ (၁၁-၈-၉၂)ဖြင့်ဒေါ်ဝင်း၊ဒေါ်ထွေး၊ ဒေါ်ချိုချို၊ ဦးလှသောင်းတို့မှ ပိုင်ဆိုင်လာပါသည်။ ၎င်းတို့အနက်မှ မိခင်ဒေါ်ထွေးနှင့် ဖခင် ဦးချစ်စိန်တို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၆၁၄၅/၂၀၁၁(၂၈-၉-၂၀၁၁) ဖြင့် ဦးကျော်ဝင်း၊ ဦးအောင်မင်း၊ ဒေါ်နွဲ့နွဲ့၊ ဦးလှဝင်းတို့နှင့်အတူ ဒေါ်ဝင်း၊ဒေါ်ချိုချို၊ ဒေါ်လှသောင်းတို့မှ ပူးတွဲပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၅၆ဖေ/၂၀၁၂(၁၂-၉-၂၀၁၂)၊ အမှားပြင်စာချုပ်အမှတ်၄၇၉၂/၂၀၁၃(၁၇-၁၂-၂၀၁၃) တို့ဖြင့် ဒေါ်ယဉ်ကြည် ၁၂/မရက(နိုင်) ၀၇၆၄၂၅မှ ပိုင်ဆိုင်လာပြီး စာချုပ်အဆက်အစပ်များ၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်၁၃၈၁/၁၉၉၂(၁၁-၈-၉၂)မိတ္တူမှန်တို့ တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများ ဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆(D)၊ မြေကွက်အမှတ် ၈၂ အင်န်/၂-၂(ဃ)၊ ဧရိယာ ၀ဒသမ၁၀၉၈ဧက၊ မြေပိုင်မြေ၊ မြေကွက်တည်နေရာအမှတ် ၃၀F၊ အင်းလျားလမ်းသွယ်၊ အမှတ် (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် အမည်ပေါက် ဒေါ်ညွှန့်ညွှန့်ဝေနှင့် ဦးသီဟဝင်းအမည်ပေါက်မြေအား အမည်ပေါက် ဒေါ်ညွှန့်ညွှန့်ဝေနှင့် ခင်ပွန်း ဦးဝင်းဖေ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသီဟဝင်း ၁၂/လမန(နိုင်)၀၈၅၈၈၀နှင့် ကိတ္တိမမွေးစားစာချုပ် ၆၀၀၂/ ၅-၉-၂၀၀၇နှင့် ၆၀၃၅/ ၂၃-၈-၂၀၁၀ဖြင့် မွေးစားခြင်းခံရသူ မမေဘရဏီအေး ၁၂/ကမရ(နိုင်)၀၅၆၂၅၀၊ မောင်ဇာဏီအေး ၁၂/ကမရ (နိုင်)၀၅၆၂၅၁၊ ဒေါက်တာအေးထွဋ်ကြည် ၁၂/လမန(နိုင်)၀၆၃၄၄၇၊ ဒေါ်နွယ်နီဌေး ၁၂/လမန(နိုင်)၀၆၃၅၀၆ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊မြေကွက်အမှတ်၅၂၅၊ မြေကွက်တည်နေရာအမှတ် ၅၂၅၊ အောင်သီတာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးညွှန့်သိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးညွှန့်သိန်း(ဖခင်)နှင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြ သော ဦးစိုးသန်း၁၂/ဒပန(နိုင်)၀၃၀၀၂၄၊ ဦးတင်မောင်ရွှေ ၁၂/ဒပန(နိုင်)၀၃၁၃၆၄၊ ဦးသန့်ဇင်မျိုး ၁၂/ဒပန(နိုင်)၀၃၁၃၆၃၊ ဒေါ်ရင်ရင်နု ၁၂/ဒပန(နိုင်)၀၃၁၈၃၆၊ ဒေါ်ရင်နွဲ့(ခ)စန်းစန်းနွဲ့ ၁၂/ဒပန(နိုင်) ၀၃၁၃၆၀၊ ဒေါ်တင်နွဲ့ ၁၂/ဒပန(နိုင်)၀၃၁၃၆၉ တို့ထံမှ GP ၃၃၀၉/၃-၂-၁၄၊ ၃၃၁၀/၃-၂-၁၄ဖြင့်ရရှိသူဒေါ်ဆည်းဆာလင်း ၁၂/ဒပန (နိုင်) ၀၅၃၂၁၅မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများ တင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၁၊ မြေကွက်အမှတ် ၁၂၀၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၀၁/ခ၊ (၅၁)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးကြိုင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကြိုင်ထံမှ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် (၁)ဒေါ်စန်းအေးရီ ၁၂/သဃက(နိုင်)၁၃၈၆၅၀၊ (၂) ဒေါ်တင်အေးခိုင် ၁၂/သဃက(နိုင်)၁၆၈၄၂၃တို့က မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဘားကပ်စံပြကျေးရွာနေ ဦးအေးမောင်-ဒေါ်အာရမား တို့၏ ဒုတိယမြောက်သား မောင်စိုးမြင့် ၃/ဘအန(နိုင်)၃၀၃၉၄၃သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ ကိစ္စအဝဝနှင့်ပတ်သက်၍ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအေးမောင် ၃/ဘအန(နိုင်)၁၅၆၈၀၇
ဒေါ်အာရမား PAN-၂၂၄၈၂၂

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း ၁၀၀၊ အမှတ် ၁၃ နေ မောင်အောင်ကိုမြင့် ၁၂/မဂတ(နိုင်)၀၀၃၇၀၁အား ၁၅-၉-၂၀၀၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါသအလျောက် မိခင်မှ ကြော်ငြာထည့်သွင်းခဲ့ပါသည်။ ယခုအခါ အဆိုပါကြော်ငြာအား မိမိ၏ဆန္ဒအလျောက် ပြန်လည်ရုပ်သိမ်းပါကြောင်း။

မိခင်- ဒေါ်သန်းမြင့် ၁၂/မဂတ(နိုင်)၀၅၆၀၇၅

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မခိုင်သီတာစိုးသည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးစိုးမြင့်လွင် ၈/ပခက(နိုင်)၀၇၈၄၃၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြောင်မြို့နယ် မရိုးကုန်းကျေးရွာအုပ်စု ကမ်းပါးပြိုမှု ကာကွယ်ရေး လုပ်ဆောင်

မြောင် မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မရိုးကုန်းကျေးရွာအုပ်စု ကမ်းပါးပြိုမှု ကာကွယ်ရေးအတွက် ကျီကုန်းကျေးရွာနှင့် မရိုးကုန်းကျေးရွာတစ်လျှောက် တည်ဆောက်ရေးနေရာ ငါးနေရာကို အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်မှတာဝန်ရှိသူများက နေ့စဉ်ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း မြစ်ကျိုးအင်းပေါ်တွင် တည်ရှိပြီး မြစ်ရေကြီးစဉ် ရေကြောင်းတိုက်စား၍ ကမ်းပါးများပြိုကျမှုတို့ကြောင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးနေပြီး အဆိုပါနေရာတွင် လူနေအိမ်များနှင့်မိသားစုများမှာ မိုးတွင်းကာလ ရေကြီးချိန်တွင် ကမ်းပါးပြိုကျမှု အန္တရာယ်စိုးရိမ်ကြရသဖြင့် ပြည်ထောင်စုဘဏ္ဍာငွေမှ ခွင့်ပြုငွေ ကျပ် ၂၃၂ ဒသမ ၇၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ် ဖွံ့ဖြိုးမှုဦးစီးဌာနမှ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မရိုးကုန်းကျေးရွာ အထက်ဘက် ကျီကုန်းကျေးရွာအနီးလုပ်ငန်းနေရာ ၁ မှ စ၍ သဲအိတ်ခံကျောက်စီရေကာတာလုပ်ငန်း သုံးခုဖြင့် စုစုပေါင်းအရှည် ၁၁၃၀ ပေကို ခွင့်ပြုငွေ ၁၈၇ ဒသမ ၃၀ သန်းဖြင့်လည်းကောင်း၊ မရိုးကုန်းကျေးရွာ အေးစေတီဘုရားနှင့် ကေလာသရာမကျောင်းတိုက်အနီး သဲအိတ်ဆွဲ သစ်ကိုင်းချခြင်းနှင့် သဲအိတ်စီခြင်း၊ အလျားပေ ၈၀ ကို ခွင့်ပြုငွေ ၉ ဒသမ ၅၀ သန်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

မရိုးကုန်းကျေးရွာအောက် မျောတိုင်တန်း ကွန်ကရစ်တည်ဆောက်ခြင်းလုပ်ငန်း အလျား ပေ၁၈၀၀ ကို ခွင့်ပြုငွေ ၃၅ ဒသမ ၉၀ သန်းဖြင့်လည်းကောင်း စုစုပေါင်း ခွင့်ပြုငွေ ၂၃၂ ဒသမ ၇၀ သန်းဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

ရမည်းသင်း၌ နွေပဲတီစိမ်းမျိုးစေ့များ စမ်းသပ်စိုက်ပျိုး

ဆည်ကြီးကျေးရွာရှိ နွေရာသီ ပဲတီစိမ်းမျိုးစေ့ထုတ် စမ်းသပ်စိုက်ကွက်များကို တွေ့ရစဉ်။

ရမည်းသင်း မတ် ၁၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာတွင် နွေပဲတီစိမ်းမျိုးစေ့ထုတ် စမ်းသပ်စိုက်ကွက်များ စိုက်ပျိုးလျက်ရှိရာ လာမည့်မိုးဦးကာလအတွက် မြို့နယ်အတွင်း သာမက တိုင်းဒေသကြီးအတွင်း ပဲတီစိမ်း(ရေဆင်း-၁၄)မျိုးနှင့် ဝါမျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဝန်ထမ်းများက မတ် ၇ ရက်တွင် တိုင်းဦးစီးမှူးမှတောင်သူများအား တွေ့ဆုံကာ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တောင်သူများကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ နည်းပညာပေးစိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

မျိုးစေ့တစ်တင်းလျှင် ကျပ်ငါးသောင်းမှ ခြောက်သောင်းအထိ ဈေးနှုန်းရရှိကြောင်း တစ်ဧက ၁၀ တင်းမှ ၁၂ တင်းအထိ ထွက်ရှိကြောင်းနှင့် နှစ်လအတွင်း ဝင်ငွေများ ရရှိနိုင်ကြောင်း သိရသည်။

သီးထပ်သီးညှပ်စိုက်ပျိုးခြင်း သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် အလေ့အကျင့်ကောင်းများ ဒေသအတွင်း ပျံ့နှံ့သိရှိ အသုံးပြုလိုက်နာ ဆောင်ရွက်ကြရန် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယခု စိုက်ကွက်များသည် တိုင်းဒေသကြီးအတွင်း စမ်းသပ်မျိုးစေ့ထုတ် စိုက်ကွက်များဖြစ်၍ မျိုးစေ့ဈေးကွက်တွင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့၌ စက်ရေတွင်းများနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်း

မြောင် မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အောင်ချမ်းသာကျေးရွာ ကျေးလက်သောက်သုံးရေရရှိရေး၊ သောက်သုံးရေချိုကန်နှင့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၈ ရက် နံနက် ၈နာရီခွဲက အဆိုပါ ကျေးရွာရှိ သောက်သုံးရေချို အုတ်ရေကန်ရှေ့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျင်းပသည့် နေရာသို့ မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအုန်းငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ဦးဝင်းနိုင်နှင့် ခရိုင်ပညာရေးမှူး ဦးမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်က သောက်သုံးရေကန်ကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ၅၀ ဒသမ ၆၉ သိန်းနှင့် ကျေးရွာပြည်သူများနှင့် စေတနာရှင်များမှ ၂၄ ဒသမ ၄၂ သိန်းတို့ဖြင့် စုစုပေါင်း ၇၅ ဒသမ ၁၁ သိန်း ရရှိကာ စက်ရေတွင်းမှ ဂါလန် ၈၀၀၀ ဆံ့ အုတ်ရေကန်သို့ ပန့်ဖြင့်တွန်းတင်ပြီး ကျေးရွာအိမ်ထောင်စု ၆၀ ကျော်ကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဖွားစောကျေးရွာ သောက်သုံးရေချိုကန်၊ စက်ရေတွင်းနှင့် ဖွားစောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း သဇင်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ရှေးဦးစွာ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ ခရိုင်ပညာရေးမှူးတို့က ဖွင့်လှစ်ပေးကြသည်။

ဖွားစောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းရှောင်က ကျောင်းဆောင်သစ် ဆောက်လုပ်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးက မြို့နယ်ပညာရေးမှူး ဦးမြင့်မောင်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

ဒီးမော့ဆိုတွင် သမဝါယမဦးစီးဌာနမှ ကျေးရွာပေါင်း ၆၁၃ ရွာအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိ

ဒီးမော့ဆို မတ် ၁၀

ဒီးမော့ဆိုမြို့နယ်အတွင်းရှိ သမဝါယမဦးစီးဌာနမှ အသင်းဝင် ၄၀၊ အသင်းသား ၃၁၀၃ ဦး၊ ကျေးရွာပေါင်း ၆၁၃ ရွာအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သမဝါယမအသင်းနှင့် အသင်းသားများ တွေ့ဆုံခြင်း အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် သမဝါယမ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းအပေါ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များ၊ သမဝါယမအသင်းဝင် အသင်းသားများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတို

မတ္တရာတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ဒုတိယအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာနွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကိုမတ္တရာမြို့နယ် အမှတ် (၁) ရပ်ကွက်အောင်မြေသုခပရိယတ္တိစာသင်တိုက်တွင် မတ် ၆ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။ မတ် ၆ ရက်မှ ၃၀ ရက်အထိသင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၃၀၀ လက်ခံမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

(၄၃၂)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(လုပ်ငန်းတင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၏တောင်ဘက် မိုင်(၂၀)ခန့်အကွာ မြစ်ငယ်မြစ်ပေါ်ရှိ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ Construction of Underground Works လုပ်ငန်းအား နိုင်ငံခြားငွေ(USD)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၉-၄-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ

တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၉-၇-၂၀၁၄ ရက်၊ ၁၀း၀၀ နာရီ

တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက် - ၉-၇-၂၀၁၄ ရက်၊ ၁၄း၀၀ နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်းရပ်ကွက်(၁၃)၊ ရာဇဓိရာဇ်လမ်းသွယ်၊ အကွက်အမှတ်(၁၃/၆၂)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေပေးမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူကူးရေးခြင်းအတွက် ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဗိုလ်ကြီးဆည်မောင်(ငြိမ်း) ၇/ပခန(နိုင်)၁၆၉၀၁၆
သရက်ခုံရပ်ကွက်၊ လယ်ဝေးမြို့

ပျောက်ဆုံးခြင်း

ကျွန်မ မနီနီအေး ၁၂/သကတ(နိုင်)၁၃၉၄၄၀ ၏ နိုင်ငံကူးလက်မှတ် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၃၁၅၇၆၆၁

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းနယ်မြေအတွင်းရှိ အောက်ပါဆိပ်ကမ်းများ ဆိပ်ကမ်းအခွန်အခကောက်ခံရေး ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပိတ်ရက်နှင့်အချိန် ၂၀-၃-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀ နာရီ

၃။ တင်ဒါပုံစံများကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီးရုံးတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၂-၆၀၂၃၇၊ လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၄၄၀၄၄၁၂၉ တို့သို့ ဆက်သွယ်ရယူနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီးဆိပ်ကမ်းများ

(၁) တကောင်းဆိပ်ကမ်း
(၂) သပိတ်ကျင်းဆိပ်ကမ်း
(၃) စဉ့်ကူးဆိပ်ကမ်း
(၄) မန္တလေးဆိပ်ကမ်း
(၅) အမရပူရဆိပ်ကမ်း
(၆) ငါန်းဇွန်ဆိပ်ကမ်း
(၇) မြင်းခြံဆိပ်ကမ်း
(၈) ညောင်ဦးဆိပ်ကမ်း
(၉) ပုဂံဆိပ်ကမ်း

အိတ်ဖွင့်တင်ဒါလေလံခေါ်ယူရေးအဖွဲ့

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရုံးသုံး/ရဲစခန်းသုံး ပုံစံ (၅၄)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၁၁-၃-၂၀၁၄ရက်မှ ၂၁-၃-၂၀၁၄ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၂၄-၃-၂၀၁၄ရက် ၁၀း၀၀နာရီအထိ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ် (၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိလိုပါက ဖုန်း-၀၆၇-၄၁၂၅၁၂သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇ဘီ)၊ မြေကွက်အမှတ် (၂၁၆ဒီ)၊ ဧရိယာ ၀ ဒသမ ၀၆၃ ဧကခန့်အား ဦးညို ၁၂/မဂတ(နိုင်)၀၃၈၁၁၇ မှ မြေငှားစာချုပ်(အထူးဂရန်)လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်ပြီး သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



နွေရာသီကျောင်းပိတ်ရက်နှင့် အညာဒေသဘုရားပွဲများ

ပွင့်လင်းရာသီသို့ ရောက်ရှိလာချိန်တွင် မြန်မာနိုင်ငံအနှံ့အပြား၌ ပွဲတော်များ တစ်ပြိုင်နက်တည်း ကျင်းပလျက်ရှိသည်။ အညာဒေသများတွင်လည်း တပေါင်းလ၌ ဘုရားပွဲတော်များကို မြို့နယ်အသီးသီး၌ကျင်းပနေသည်ကို တွေ့ရှိရသည်။ အညာဒေသ ဘုရားပွဲများဖြစ်သော ရွှေစက်တော်ဘုရားပွဲ၊ ရွှေစာရံဘုရားပွဲ၊ ရွှေမုဋ္ဌောဘုရားပွဲများသည် ကျောင်းသားကျောင်းသူများ စာမေးပွဲပြီးမြောက်ချိန်ကာလတွင် ကျင်းပလေ့ရှိသည့် တပေါင်းဘုရားပွဲများဖြစ်ပြီး ရွှေစက်တော်ဘုရားပွဲသည် မင်းဘူးမြို့နယ်အတွင်းရှိပြီး လာရောက်ဖူးမြော်သူများပြားသည့် ပွဲတော်တစ်ခုဖြစ်သည်။ နှစ်စဉ် တပို့တွဲလဆန်းမှ မြန်မာနှစ်ဆန်းတစ်ရက်အထိ ရက်ရှည်ကျင်းပသည့် အညာဒေသ၏ထင်ရှားသည့် ဘုရားပွဲတော်ကြီးတစ်ခု ဖြစ်သည်။

ရွှေစက်တော်ဘုရားပွဲတော်၏ အဓိကထူးခြားချက်မှာဘုရားဖူးများ အနားယူအပန်းဖြေနိုင်သည့် တည်းခိုခန်းများနှင့် အေးချမ်းလှသည့် ချောင်းရေတွင် ပျော်ရွှင်စွာရေကစားနိုင်ခြင်း၊ မြတ်စွာဘုရားရှင်၏ ခြေတော်ရာများကို ဖူးမြော်ရခြင်းတို့ကြောင့် ပိုမိုလာရောက်ကြခြင်းဖြစ်သည်။ တည်းခိုခန်းပေါင်း ၅၀၀ ကျော်နှင့် ဆိုင်ခန်းပေါင်း ၇၀၀ ကျော်ခန့် ဆောက်လုပ်ထားသည်ကို တွေ့ရပြီး တည်းခိုခများမှာ တစ်ခန်းလျှင် ငွေကျပ်တစ်သောင်းမှ သုံးသောင်းဝန်းကျင်အထိရှိပြီး လူစည်ကားသည့် လပြည့်နေ့များတွင် ဈေးနှုန်းပိုမိုမြင့်တက်နေသည်ကို တွေ့ရသည်။

မြတ်စွာဘုရားရှင်၏ အထက်ခြေတော်ရာကို မန်းချောင်းမှ အထက်ပေ ၂၀၀၀ခန့်မြင့်သည့် တောင်ပေါ်သို့ စောင်းတန်းငါးသွယ်ဖြင့် သွားရောက်ဖူးမြော်နိုင်ပြီး စောင်းတန်းတစ်လျှောက် ဒေသထွက်ကုန်များ၊ ဆေးဥဆေးမြစ်များ၊ စားသောက်စရာများ၊ ရိုးရာအထည်များကို ရောင်းချပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။

အညာဒေသအတွင်း အခြားနာမည်ကြီး ရာသီပွဲတော်များမှာ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ထန်းတောကူနီကျေးရွာရှိ ရွှေမုဋ္ဌောဘုရားပွဲနှင့် ပခန်းကိုကြီးကျော် ရိုးရာနတ်ပွဲဖြစ်သည်။ နှစ်စဉ် တပေါင်းလဆန်း ၁ ရက်မှ ၈ ရက်အထိ ကျင်းပသည်။ အဆိုပါ ပွဲတော်မှာ ဘုရားဖူးများ စည်ကားသည့်ပွဲတော်တစ်ခုဖြစ်သည်။

အခြားပွဲတော်မှာ ရွှေစာရံဘုရားပွဲတော်ဖြစ်ပြီး အကယ်ဒမီဆုများ ရရှိခဲ့သော ကိုးဆယ်ဆသာလိမ့်မယ် ဇာတ်ကားမှာ ရွှေစာရံဘုရားပွဲကို အခြေတည်၍ ရိုက်ကူးထားခြင်းဖြစ်ပြီး အညာဇာတိဖွားအဝေးရောက်သူများ အမှတ်ရစေခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ ဒုဋ္ဌဝတီမြစ်ဘေးတွင် တည်ရှိပြီး တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်အထိ ကျင်းပလေ့ရှိသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းစော၏မိဖုရား စောမွန်လှ ဝတ်ဆင်ထားသော နားတောင်းတွင် ကိန်းဝပ်တော်မူသည့် ဘုရားရှင်မွေတော်၊ ဓာတ်တော်များကို ဌာပနာကာ တည်ထားသဖြင့် တန်ခိုးကြီးလှသည်။

ဘုရားပွဲ၏ ထူးခြားချက်မှာ ရှမ်းဈေးနှင့် မြန်မာဈေးဟူ၍ ဈေးနှစ်ဈေးခင်းကျင်းထားခြင်းဖြစ်ပြီး ပွဲတော်ကာလ၌ ယင်ကောင်မရှိပေ။ ဘုရားဒါယိကာမစောမွန်လှသည် ရှမ်းတိုင်းရင်းသူဖြစ်သောကြောင့် ပြည်မနှင့် တောင်ပေါ်ထွက်ကုန်များ ပူးတွဲရောင်းချခြင်းဖြစ်သည်။ ပွဲတော်ဈေးများတွင် ရိုးရာအစားအသောက်များ၊ တောင်ပေါ်ဒေသထွက်ကုန်များကို ပေါများစွာဝယ်ယူနိုင်သည်။

ရွှေစာရံဘုရားပွဲတော်သို့ လာရောက်မည်ဆိုပါက မန္တလေး-ပြင်ဦးလွင်လမ်းဘေးရှိ အုန်းချောကျေးရွာမှ တောင်ဘက် သုံးမိုင်ခန့်အကွာတွင် ရှိပြီးသွားလာရေးလွယ်ကူသည့်အပြင် အစည်ကားဆုံးရက်မှာ တပေါင်းလပြည့်နေ့ဖြစ်ပါသည်။ ထင်ရှားသည့် ဘုရားပွဲတော်ကြီးများအပြင် မြို့နယ်တိုင်း၊ ကျေးရွာတိုင်းလိုလိုတွင်လည်း ဒေသဘုရားပွဲတော်များကို ကျင်းပလေ့ရှိကြသဖြင့် နွေရာသီအားလပ်ရက်များတွင် အညာဒေသဘုရားပွဲများသို့ ဘုရားလည်းဖူးရင်း၊ အပန်းလည်းဖြေရင်း လာရောက်လေ့လာနိုင်ကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

သတင်းတို

သန်းခေါင်စာရင်းဆိုင်ရာသင်တန်းဖွင့်

မွန်ပြည်နယ် သထုံခရိုင်၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ခရိုင်အဆင့်နည်းပြသင်တန်းကို မတ် ၈ ရက်က သထုံမြို့ အလက(၁) အထက(ခွဲ)၌ ဖွင့်လှစ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်လက်ထောက်ပညာရေးမှူး ဒေါ်သန်းသန်းအေးက သင်တန်းသင်ကြားရခြင်းအကြောင်း ပြောကြားသည်။ သင်တန်းသားသင်တန်းသူ ၃၃ ဦးတို့ကို မတ် ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ဓမ္မစကူးလယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

ဓမ္မစကူးလ်ဖောင်ဒေးရှင်းအဆင့်မြင့်ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၈ ရက်က ပွင့်ဖြူမြို့ အောင်သိဒ္ဓိကျောင်းတိုက်အတွင်း ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဗဟိုဝန်ဆောင်ဆရာတော် (ရွှေစေတီဆရာတော်)နှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ပါမောက္ခတို့က ဖွင့်လှစ်ပေးခဲ့သည်။ စေတနာရှင်များက ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။ ပွင့်ဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကလေးငယ်ပေါင်း ၃၀၀ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်မည်ဖြစ်သည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)
အနှစ်(၄၀)မြောက် အထိမ်းအမှတ်မဂ္ဂဇင်း
စာမူဖိတ်ခေါ်ခြင်း

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ အနှစ်(၄၀)မြောက် အထိမ်းအမှတ်အဖြစ် **ရွှေကြို့စာပေပျိုးခင်း**မဂ္ဂဇင်းကို ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေမည်ဖြစ်ပါသည်။

မဂ္ဂဇင်းတွင် ကြို့ပင်ကောက်မြို့နယ်နှင့်သက်ဆိုင်သောအကြောင်းအရာများကို ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ သတင်းမှတ်စု၊ ဟာသ၊ ကာတွန်း၊ ပန်းချီ၊ ဓာတ်ပုံ စသည်တို့ဖြင့် ဝေဆာစွာတန်ဆာဆင်မည်ဖြစ်ပါသည်။ မြို့နယ်သူ/သားများ၊ မြို့နယ်နှင့်ဆက်သွယ် သက်ဆိုင်နေသော ဝါရင့်သက်ကြီးပညာရှင်များ၊ လူလတ်ပိုင်းများနှင့် မျိုးဆက်သစ်လူငယ်များထံမှ စာမူများကို ၃၀-၄-၂၀၁၄ရက်နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ကြပါရန် မေတ္တာရပ်ခံဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်မြို့တွင် ဦးတင်မြင့် ဖုန်း-၀၁-၆၄၀၂၅၉၊ ၀၉-၅၁၇၈၀၆၂၊ ဦးသိန်းဝင်း ဖုန်း-၀၉-၇၃၀၇၆၂၂၇ နှင့် ကြို့ပင်ကောက်မြို့၌ ဒေါ်မြမြသိန်း ဖုန်း-၀၅၃-၅၀၃၆၅၊ ၀၉-၄၂၃၆၈၆၊ ဒေါက်တာဝင်းမြင့် ဖုန်း-၀၅၃-၅၀၁၀၁၊ ၀၉-၄၃၀၂၃၇၄၇ တို့ထံ ဆက်သွယ်ပေးပို့ရန်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို အသင်းအလုပ်အမှုဆောင်များ ရန်ကုန်မြို့နှင့် ကြို့ပင်ကောက်မြို့တို့ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၃) (သီဟတပ်ခွဲ)
ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ

မိဘမဲ့ကလေးများအား လှူဒါန်းခြင်း၊ ဆရာကန်တော့ပွဲနှင့် မိသားစုမိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

၂၁-၃-၂၀၁၄ (၀၉း၀၀နာရီ) (သောကြာနေ့)	-	သာကေတမှန်ကင်းကျောင်းတိုက် မိဘမဲ့ကလေးများအား လှူဒါန်းငွေ ပေးအပ်ခြင်း
၂၂-၃-၂၀၁၄ (၁၈း၃၀နာရီ) (စနေနေ့)	-	ဆရာကန်တော့ပွဲနှင့် မိသားစုမိတ်ဆုံစားပွဲ
နေရာ	-	ကုန်းမြင့်သာစားသောက်ဆိုင် (၇)မိုင်ခွဲ၊ ပြည်လမ်း
ဆက်သွယ်ရန်ဖုန်း	-	၀၉-၅၅၀၄၉၈၂ ၀၉-၅၀၁၁၀၄၈ ၀၉-၂၀၀၀၃၀၃ ၀၉-၅၁၆၆၀၇၁

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့(ရန်ကုန်)
(၂၇)ကြိမ်မြောက် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာပွဲဖိတ်ကြားလွှာ

၂၀၁၄ခုနှစ် (၁၃၇၅ခုနှစ်) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံယူတော်မူကြသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ၊ ရခိုင်နွယ်ဖွားဆရာတော်အရှင်သူမြတ်များနှင့် ထူးချွန်ရဟန်းတော်များတို့အား ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့မှ ကြီးမှူး၍ ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့အစည်းများနှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမများ စုပေါင်းကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာပွဲကို ၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်၊ ၁၇-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉း၀၀နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရခိုင်သူ၊ ရခိုင်သားများနှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုသဒ္ဓါပွားများကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဖုန်း-၂၇၅၇၂၈

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇ဂ/၇၉၃၂ Nissan Diesel CG48ZW ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၈/ရနခ(နိုင်)၀၁၄၄၂၃က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၇ယ/၁၄၆၈ (Honda Wave 125) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသီတာမေဝင်း ၁၃/လရန(နိုင်)၀၇၈၇၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(တွဲဖက်ပြည်နယ်ရုံး)၊ ကျိုင်းတုံ

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ်၈က/၁၈၄၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေး)**

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၂ဂ/၈၈၃၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေး)**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၁၅၇၈၉၊ အမ်ဘိုဝေစ့်၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေးစိန် ၁၃/တကန(နိုင်)၀၈၅၆၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ဆ/၄၁၅၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေး)**

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်ခင်လေးစားရပါသော အစ်ကို **သဒ္ဓမ္မဇောတိကဓဇ ဦးထွန်းထွန်းဦး(ကမ္ဘောဇရိပ်သာ)**သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ မဟာချူလာလောင်ကွန် ရာဇဝိဒယလျ တက္ကသိုလ်မှ ဂုဏ်ထူးဆောင် **ပါရဂူဘွဲ့** ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အစ်မ **သုဓမ္မသီရိဒေါ်မာမာ** (Jewel Rock-Gems, Diamonds & Real Eastate) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ ရုံးအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄) ဖြင့် **သီဟသုဓမ္မသီရိဘွဲ့**ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဇနီးမောင်နှံနှစ်ဦးတို့သည် အသက်ရှည်ကျန်းမာစွာဖြင့် အမျိုးဘာသာ၊ သာသနာတော်၏ အကျိုးကိုဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးနေလင်း - ဒေါ်မျိုးမျိုးရှိန် (Diamonds & Real Eastate)
ဦးဇော်ဝင်းရှိန် - Soutsada (Ottawa-Canada)
ဦးရန်နိုင်ရှိန် - ဒေါ်မြတ်စန္ဒာ (Ottawa-Canada)

ဖြူးမဟာစည်(ရန်ကုန်)
ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံအနီး ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ဒသမအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက် တနင်္ဂနွေနေ့မှစ၍ တန်ခူးလဆန်း ၂ရက် အင်္ဂါနေ့အထိ(၂၃-၃-၂၀၁၄) မှ (၁-၄-၂၀၁၄)အထိ ဖြူးမဟာစည် ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြု နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ Ph.D INDIA ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိကသံဃာတော်များက နေ့စဉ် မွန်းလွဲ ၂နာရီမှစ၍ ညနေ ၅နာရီအထိ (၁၀)ရက်တိုင်တိုင် သင်ကြားပြသမည်ဖြစ်ရာ တက်ရောက်သင်ကြားလိုသော ကျောင်းသားကျောင်းသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် ယဉ်ကျေးမှုသင်တန်း ကလေးငယ်များအတွက် စာအုပ်၊ ဘောပင်၊ အာဟာရဒါန လှူဒါန်းလိုသူများသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၃၉၀၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၉)ကြိမ်မြောက်
ဗုဒ္ဓနည်းကျတရားရှုမှတ်နည်းသင်တန်း

ဓမ္မအလင်းရောင်ဗုဒ္ဓသာသနာ့ရိပ်သာ(ဖားအောက်တောရရိပ်သာခွဲ၊ ပေါင်မြို့နယ်)၏ ပဓာနနာယကဆရာတော် **ဘဒ္ဒန္တဓမ္မပတိ**မှ ရှင်တော်ဗုဒ္ဓဟောညွှန်ပြသည့် သမထ၊ ဝိပဿနာ တရားတော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာရှိသည့်အတိုင်း မဂ္ဂင်ရှစ်ပါးစုံညီစွာဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ လက်တွေ့သိမြင်နိုင်စေရန် ဟောကြားဆုံးမ တရားနည်းလမ်းပြသပေးမည်ဖြစ်၍ တရားတော်ကို လာရောက်နာကြား ကျင့်ကြံအားထုတ်နိုင်ကြပါရန် နိဗ္ဗာန်ရည်မှန်း၍ ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၅-၃-၂၀၁၄ မှ ၂၈-၃-၂၀၁၄ ရက်အထိ
အချိန် - နံနက် ၇း၃၀ နာရီမှ ညနေ ၅ နာရီအထိ
နေရာ - မြို့တော်စည်ပင်ဓမ္မာရုံ၊ ရွှေတိဂုံတောင်ဘက်မုခ်

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၁၉၅၉၈
၀၉-၅၀၅၇၃၁၂
၀၉-၄၅၀၉၉၀၁၆၇

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၉၆၅၅ ကမ(၃) ပျောက် ယာဉ်လက်ဝယ်ရှိသူ ဦးစောမြဒင် ၁၄/နေဖ(နိုင်) ၀၀၃၅၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၂၁၆၈ Honda C 90 H Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/မနတ(နိုင်) ၀၁၉၆၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ချမ်းသာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၊
၃/ခရပ်ကွက်၊ ဘူတာဟောင်းလမ်း၊
မင်္ဂလာဒုံမြို့နယ် အသင်းသားအားလုံးသိရှိစေရန်

- အသင်းနှင့်ကင်းကွာနေသော အသင်းသားများ အစုထည့်ဝင်ရန် ကျန်ရှိသောအသင်းသားများသည် အသင်းသို့ ၃၁-၃-၂၀၁၄ရက်တွင် နောက်ဆုံးထားဆက်သွယ်ကြရန်။
- ဆက်သွယ်မှုမရှိပါက ၄င်းတို့အကျိုးခံစားခွင့်များကို အသင်း၏ရင်းနှီးမြှုပ်နှံငွေအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရန်
အမှုဆောင်အဖွဲ့ ဖုန်း-၀၉-၄၅၀၀၀၈၂၁၃

အမည်ပြောင်း

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မြို့သစ်ကျေးရွာ အထကကျောင်း နဝမတန်း(က)မှ ဦးသိန်းအောင် ၁/မမန(နိုင်) ၀၂၆၃၀၈၏သမီး အချစ်လမင်းငယ်အား မဆိုင်းနန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၆၈

ဒေါ်တင်တင်ဌေး ပါ(၆) (၄င်းတို့၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း) **နှင့်**

၁။	ဦးထွန်းထွန်းဝင်း	၂။	ဦးသိန်းတန်
၃။	ဦးအုန်းမြင့်	၄။	မမွန်နား
၅။	မညီညီသန်း	၆။	ဒေါ်အေးအေးမာ
၇။	ဒေါ်မြ	၈။	ဦးမောင်ကို
၉။	မစိန်စိန်	၁၀။	ဒေါ်မာမာအုန်း
၁၁။	ကိုထွန်းထွန်း	၁၂။	ကိုတင်ထွန်း
၁၃။	ဦးညွန့်မောင်(ခ) စလေမန်	၁၄။	မကြူ
၁၅။	မမီမီဆယ်	၁၆။	မောင်ဇော်ထိုက်
၁၇။	မဌေးဌေး	၁၈။	ဦးညွန့်ဆောင်
၁၉။	မတင်တင်ဌေး	၂၀။	မသဇင်ဦး
၂၁။	မောင်မိုးကျော်	၂၂။	မောင်သီဟ
၂၃။	မနီနီထွန်း	၂၄။	ကိုစိုးစိုး
၂၅။	ကိုတိုးတိုး	၂၆။	ကိုဖြူဝင်း

တရားလိုများ **တရားပြိုင်များ**

မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၈၀)၊ ဦးပိုင်အမှတ် (၁၈)နေ အမှတ် (၁၁)တရားပြိုင် ဦးထွန်းထွန်း(ဘ)ဦးမောင်ကို သိစေရမည်။ (ယခုနေရပ်လိပ်စာမသိ)

သင့်အပေါ်၌ တရားလိုက ပူးတွဲပိုင်ပစ္စည်းမှ တရားလိုများ၏ ပိုင်ဆိုင်မှုကို ခွဲဝေပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ်၁၉ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဓနသိဒ္ဓိ(၁)လမ်း၊ မြေကွက်အမှတ် ၂၄၂(က)၊ မြေဧရိယာ ပေ(၂၀×၆၀)ရှိ ဦးမျိုးအောင်အမည်ပေါက် မြေချပါမစ် မြေကွက်အား ဦးမျိုးအောင်ထံမှ ဦးကျော်မြင့် MGIE-000033 က ဝယ်ယူ၍ နေအိမ်ဆောက်လုပ်နေထိုင်စဉ် မြေချပါမစ်မူရင်းမှာ ခြကိုက်ပျက်စီးသွားသော်လည်း ထိုအိမ်နှင့် မြေအား မည်သူ့ကိုမှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းထားခြင်းမရှိဘဲ ဦးကျော်မြင့် တစ်ဦးတည်းသာ အရှုပ်အရှင်းကင်းစွာပိုင်ဆိုင်အကျိုးခံစားနေပါသောကြောင့် ဦးကျော်မြင့်၏ လွတ်လပ်သောသဘောဆန္ဒအတိုင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအပေါ် မည်သူမှ နှောင့်ယှက်၊ဟန့်တား၊ကန့်ကွက်ခွင့် လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဇင်ထွန်း LL.B	**ဒေါ်ချိုချိုမြင့် LL.B**
အထက်တန်းရှေ့နေ(စဉ်-၂၉၃၄၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၅)**
ဒေါ်ဖွန်မြတ်မိုရ် LL.B	**အမှတ်(၄၀)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊**
အထက်တန်းရှေ့နေ(စဉ်-၄၀၉၅၉)	**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
	ဖုန်း-၀၉-၅၀၇၄၆၅၀၊ ၅၉၀၀၈၄

အများပြည်သူသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဗိုလ်တေဇ ၈ လမ်း၊ အမှတ် ၃၇၁/ခ၊ အလျား ပေ၆၀ အနံပေ ၂၀ ထောင့်ကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ပိုင်ရှင် ဒေါ်သန်းသန်းမြင့် ၁၂/ကမတ(နိုင်)၀၅၃၃၀၉ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်တချို့ ပေးထားပြီးဖြစ်ပါသည်။ ၄င်းမြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို မူရင်းစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောအောင် LL.B
အထက်တန်းရှေ့နေ(စဉ်-၂၇၀၅၄)
အမှတ် ၄၆၉၊ အခန်း (H-3)၊ အောက်ပုဇွန်တောင်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၃၁၄၈

ကန့်ကွက်ရန်ရှိ မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ် ၁၀၆/၁၀၈၊ ရှစ်လွှာ(ညာ)ခန်း၊ ရေမီးအပါအဝင် တိုက်ခန်းတွင် စွဲမြဲစွာတပ်ဆင်ထားသည့်အကျိုးခံစားခွင့်အား လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူနှစ်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်နွယ် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၆၇)
အမှတ် ၂၀၉၊ ဒုတိယထပ်(ဝဲ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၈၈၁၃၂၊ ၀၉-၄၉၃၁၉၈၆၄

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊
ဘောလုံးကွင်းရပ်ကွက်၊
မြန်မာ့ဂုဏ်ရည်ရောင်းဝယ်ရေးသမဝါယမအသင်း၏
အသင်းသားပြည်သူများ သိရှိစေရန်

အသင်းအား အသင်းသားအများစု၏ ဆန္ဒနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းပြီးဖြစ်၍ အစုငွေများအား အသင်းဆိုင်နေရာတွင်(၁၀/၁၁/၁၂-၃-၂၀၁၄)ရက်များတွင်လည်းကောင်း၊ ၄င်းရက်နောက်ပိုင်းမှ နောက်ဆုံး(၂၀-၃-၂၀၁၄)ရက်အထိအား မြို့နယ်သမဝါယမအသင်းစုရုံးခန်း မင်္ဂလာဒုံတွင်လည်းကောင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သတ်မှတ်ရက်တွင် ထုတ်ယူခြင်းမရှိပါက လက်ကျန်ရှင်းတမ်းတွင် ထည့်သွင်း၍ စာရင်းရှင်းလင်းရေးကိစ္စဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရန်-အမှုဆောင်အဖွဲ့
ဖုန်း-၀၁-၆၃၅၁၅၀၊ ၀၉-၄၅၀၀၀၈၂၁၃

၂၀၁၂-၂၀၁၃ ခုနှစ်ထုတ်
အင်/ကညင် သစ်လုံးနှင့်ခွဲသားများအား

အောက်ဖော်ပြပါဖုန်းနံပါတ်များတွင်
ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဖုန်း-၀၁-၇၀၆၂၀၆၊ ၀၉-၇၃၁၀၄၆၇၉၊ ၀၉-၄၂၀၁၀၅၈၄၀

အဆင့်မြင့်ပြင်ဆင်ပြီး
(ကွန်ဒို) ရောင်းမည်

ယုဇနပလာဇာ+မင်္ဂလာဈေးအနီး
25 ပေ၊ ပေ 80 (7 FLOOR) Lif

ဖုန်း-၀၉-၇၃၁၅၃၀၆၉၊ ၀၉-၂၅၄၀၁၀၃၅၆၊ ၀၉-၄၂၀၀၂၂၂၆၈

သမီးအဖြစ်မှ စွန့်လွှတ်၍
အမွေပြတ်ကြော်ငြာခြင်း

ဇေယျာဝတီမြို့၊ ဈေးပိုင်းရပ်နေ မသွဲ့သွဲ့အေး ၇/ဖမန(နိုင်)၁၇၀၉၇၈သည် မိဘစကား နားမထောင်ဘဲ မိမိသဘောဆန္ဒအတိုင်း ဘာသာခြားနှင့်လက်ထပ်သွားသဖြင့် သမီးအဖြစ်မှစွန့်လွှတ်၍ အမွေပြတ် ကြေညာအပ်ပါသည်။

မေးမြန်းစုံစမ်းခြင်းသည်းခံပါ။
(ဦးကျော်စိန်)-
၇/အတန(နိုင်)၀၁၆၁၉၀
ဒေါ်တင်အေး
၇/ဖမန(နိုင်)၁၁၄၆၈၆
မိဘမေတ္တာ-ကုန်ခြောက်ဆိုင်

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၅၃၂/B၊ မြေကွက်အမှတ်၂၂၁၊ မြေကွက်တည်နေရာအမှတ် (၂၂၁)၊ နေကြာလမ်း (ဒုတိယဗိုလ်မှူးကြီးစိုးသန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးစိုးသန်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဝင်းမောင် ၁၂/မရက(နိုင်)၀၃၁၅၁၆က မြေချပါမစ်တစ်ရွက်သာတင်ပြပြီး အိမ်ရာဆောက်လုပ်ခွင့်နှင့် မှီခိုစာရင်းပါမစ်မူရင်းများတင်ပြနိုင်ခြင်းမရှိဘဲ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကြော်ငြာ

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေ
အသက်(၈၄)နှစ်

၄-၃-၂၀၁၄ရက်(အင်္ဂါနေ့) တွင် ကွယ်လွန်သွားသော ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ဒေါ်(ခ) ဒေါ်ခင်ရွှေ အသက်(၈၄)နှစ်အား နာမကျန်းစဉ် ဂရုတစိုက်ပြုစုကုသပေးခဲ့သော အာရှတော်ဝင်ဆေးရုံမှ ပါမောက္ခ ဆရာဝန်ကြီး ဦးတင်လတ်၊ ပါမောက္ခ ဆရာဝန်ကြီး ဦးနေဝင်းနှင့် ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ရုတ်တရက် ကွယ်လွန်စဉ်ကူညီပေးခဲ့သော အောင်ရတနာဆေးရုံကြီးမှ ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးဖြစ်စဉ်တွင် ပြည့်ပြည့်စုံစုံ မိသားစုသဖွယ် စေတနာအပြည့်ဖြင့် ကူညီပေးခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးအကဲနှင့်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ အခြားသော ဝန်ကြီးဌာနများမှ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ သတင်းမေးမြန်းကြခြင်းနှင့် နာရေးကိစ္စနှင့်နာရေးအခမ်းအနားများတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပို့ဆောင်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအေးခိုင်-ဒေါ်နွဲ့မိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဆယ် (မြင်းခြံမြို့)
ပြည့်ဖြိုးဆယ် ဆေးရိုးစက်နှင့် ဆင်ရတနာပရိဘောဂလုပ်ငန်း
အသက်(၆၀)

မြင်းခြံမြို့၊ အမှတ် ၁၂၊ ဘုရားလမ်းနေ (ဦးထွန်းရင်)-ဒေါ်ခင်မမ (ရွှေခြုံးပုံ ဆေးလိပ်ခုံ)တို့၏သားကြီး၊အမှတ် ၁၉၊ စွန်းလွန်းရပ်နေ (ဦးစံသိန်း-ဒေါ်ငယ်) (စံ ဆေးရိုးစက်)တို့၏သားသမက်၊ အမှတ် ၁၆နေ ဒေါ်သင်းသင်းကြည်၏ခင်ပွန်း၊ မပြည့်ဖြိုးဆယ် (မြဝတီဘဏ် မြင်းခြံဘဏ်ခွဲ)၊မောင်ပြည်သာအောင်၊ မောင်ထွန်းရွှေဥတို့၏ဖခင်သည် ၈-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ရက် ညနေ ၄နာရီတွင် မြင်းခြံမြို့ ချောင်းဒေါင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်ထွဋ်(ခ)ဦးပိန် (ပွဲန်တန်ဆာမြို့)
အသက်(၇၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ဦး-ဒေါ်မြင့်သန္တာကျော်တို့၏ဖခင်ကြီးသည် ၈-၃-၂၀၁၄ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးနိုင်ထွန်း-ဒေါ်မိမိငယ် မိသားစု တောင်ကြီးမြို့
ဦးစစ်နောင်-ဒေါ်ဇာနည်မောင် မိသားစု မကွေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်ထွဋ်(ခ)ဦးပိန် (ပွဲန်တန်ဆာမြို့)
အသက်(၇၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ဦး-ဒေါ်မြင့်သန္တာကျော်တို့၏ဖခင်ကြီးသည် ၈-၃-၂၀၁၄ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းဒေသကြီး ဦးစီးမှူးရုံး
ဝန်ထမ်းမိသားစု

ဦးမောင်မောင်ဖြူ
Global Pulses Commerce Co.,Ltd. (လှည်းတန်း၊ ကမာရွတ်)
အသက်(၄၉)နှစ်

မန္တလေးမြို့နေ (ဦးတင်လှိုင်ဦး)-ဒေါ်အေးမြင့်တို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်ရွှေမာ (ပဒေသာဦး သင်္ကန်းပရိက္ခရာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၅(က)၊သုံးလွှာနေ ဒေါ်ဆွေဆွေဦး(ပင်စင်ဦးစီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊မောင်ဖြိုးသန့်(အလုပ်သင်ဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)၊ မောင်မင်းခန့်(1st year UFL)တို့၏ ဖခင်သည် ၉-၃-၂၀၁၄ရက် နံနက် ၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ အမှတ် ၁၂၁၀/က၊ လှော်ကားလမ်း၊ ပေ ၂၀×၆၀ ရှိ မြေကွက်အား တရားဝင်မြေချပါမစ် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်အေးထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဝင်း ၇/ပမန(နိုင်) ၀၆၉၉၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာဝင်း LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၃၄၉၉၅)
"ဟိဏ်း"အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေးအထွေထွေအကျိုးဆောင်လုပ်ငန်း၊
အမှတ် ၄၃၆၊ (၁၉)ရပ်ကွက်၊ လှော်ကားလမ်းနှင့် ပတ္တမြားလမ်းထောင့်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၀၇၇၆၆၊ ၀၁-၅၉၁၆၆၆၊ ၀၉-၃၁၇၈၈၀၃၃၊ ၀၉-၄၂၅၂၈၆၉၃၈၊
၀၉-၃၁၀၂၈၄၈၄၊ ၀၉-၄၃၀၈၇၆၇၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၄၄၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့မြေစာရင်းတွင် ဒေါ်ဒိုရင်းလှ HGU-၀၆၂၂၇မှ ပါမစ်အမည်ပေါက်ပြီး စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကျော်စွာအောင် ၁၂/ဗတထ(နိုင်)၀၀၁၅၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ အနက်မှစရန်ငွေတစ်စိတ်တစ်ဒေသကို ၆-၃-၂၀၁၄ရက်စွဲပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် စရန်ငွေပေးချေခြင်းကတိစာချုပ်ဖြင့် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင် LL.B အထက်တန်းရှေ့နေ
LIVING MYANMAR
Real Estate Services
အတိုင်ပင်ခံရှေ့နေ
ဖုန်း-၀၉-၄၂၁၀၈၂၄၇၄၊ ၀၁-၅၇၁၁၅၄
အမှတ် ၇၁၀၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ဒေါ်ခင်သန်း
ဘီလူးကျွန်းချောင်းဆုံမြို့နယ်၊ အပြိုင်ရွာ
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊အနောက်ရန်ကင်း၊ (၅) ရပ်ကွက်၊ တိုက်အမှတ် ၃၃၃၊ အခန်း အမှတ်၁၉နေ (ဦးထွန်းဝင်း-ဒေါ်ငွေစင်)တို့၏သမီး၊ [ဗိုလ်မှူးမောင်မောင်၊ ဗိုလ်သင်တန်းအမှတ်စဉ်(၇)၊ မော်ကွန်းဝင် ဒုတိယဆင့်၊ ပဲခူးအသင်းနာယက]၏ဇနီး၊ ခင်ဝင်းချို-ဦးတင်ရဲဝင်း(နယ်စပ်စီးပွား/ကူးသန်း)၊ ဦးတင့်လွင်၊ ဦးတင်ထွန်း-မခင်မျိုးမြတ်(ခေတ္တ-စင်ကာပူ)၊ ခင်ဝင်းရီ၊ ဦးအေးမင်း-မအေးကေသီဇံ တို့၏မိခင်၊မြေးလေးယောက်တို့၏အဘွားသည် ၉-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုအရာခံဗိုလ်မြင့်သိန်း (ငြိမ်း) (ရမခ၊ တာဝန်နှင့်လေ့ကျင့်ရေး)
အသက်(၆၆)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၇)၊ သုခလမ်းသွယ်နေ မမြင့်သန္တာချော၊ မလင်းသက်သက်အောင်(ပြည်နယ် ဒုထွေ/အုပ်၊ လားရှိုး)၊ ကိုကျော်လင်း-မမြင့်ဥမ္မာချော (FISCA, CO.,Ltd.၊ လားရှိုး)၊ (ဒုဗိုလ်ရဲမင်းမောင်) စစ်တက္ကသိုလ်(၄၅)တို့၏ဖခင်၊ မောင်မင်းမြတ်သူ၊ မောင်သုတဆွေ၊ မမေဘုဏ်းမြတ်ခင်တို့၏အဘိုး၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်းသည် ၆-၃-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဝင်းမြင့်(ခ)ကိုဗလ
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိတ္တသုခလမ်း၊ အမှတ် ၈၄(ခြောက်လွှာ)နေ (ဦးဝဏ္ဏ-ဒေါ်ခင်လှိုင်)တို့၏သား၊ (ဦးဘအောင်-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ဒေါ်ခင်ဥမ္မာ၏ခင်ပွန်း၊ ကိုဟိန်းထက်ဝင်း(Myanmar Golden Rock Int Co., Ltd.) (Canon)တို့၏ဖခင်သည် ၉-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ ရက်(အင်္ဂါနေ့)နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းမြင့်(ခ)ကိုဗလ
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးဝဏ္ဏ-ဒေါ်ခင်လှိုင်)တို့၏သား၊ (ဦးကျော်ကျော်-ဒေါ်လှညွန့်)၊ ဦးဆန်း-ဒေါ်သိင်္ဂီဝဏ္ဏတို့၏ညီ/မောင်၊ ဦးဇော်ဝင်း-ဒေါ်မြင့်မာ၊ ဦးမြင့်ဦး-ဒေါ်တင်ဌေး၊ ဦးမျိုးဝင်း၊ ဦးစိုးနိုင်-ဒေါ်မာမာလွင်တို့၏အစ်ကိုသည် ၉-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဝင်းမြင့်(ခ)ကိုဗလ
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးဝဏ္ဏ-ဒေါ်ခင်လှိုင်) တို့၏သား၊ (ဦးဇော်ညွန့်-ဒေါ်ထူး)တို့၏တူ၊ ဦးဇော်ဦး၊ ဒေါ်ချိုဇော်၊ ဒေါ်သက်ဇော်၊ ဒေါ်ခိုင်ဇော်၊ ဒေါ်ယုဇော်၊ ဦးဇော်ထူး၊ ဒေါ်သီတာဇော်၊ ဒေါ်သင်းသင်းထူးဇော်၊ ဒေါ်မိုးဇော်တို့၏အစ်ကိုသည် ၉-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ
ဒေါ်ယဉ်ယဉ်ဌေး
(အမက-၃၊မူလွန်ဗဟန်း၊ငြိမ်း)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်အရှေ့ရပ်ကွက်၊ အမှတ် ၁၂ ပထမထပ်နေ (ဦးတင်ရွှေ-ဒေါ်သောင်းခင်)တို့၏သမီး၊ (ဦးမြင့်ဌေး)-ဒေါ်သီသီအောင်၊ဦးသိန်းလွင်-ဒေါ်ဝင်းဝင်းဌေး(လက်ထောက်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးချုပ်)တို့၏ညီမ၊ ဒေါ်အေးအေးသန်း(အမက-၃၊ မူလွန်ဗဟန်း)၊ဦးဝင်းနိုင်-ဒေါ်မူမူမြင့်၊ ဒေါ်ခင်စောကြူ၊ ဦးဇော်လွင်သန်း-ဒေါ်နှင်းသန္တာရွှေ တို့၏အစ်မ၊ ကိုစိုးမင်းသန်း(မန်နေဂျင်း ဒါရိုက်တာ၊ Myanmar Oriental Vigorous Economic Co.,Ltd.)-(ဒေါက်တာပန်ဆုလွင်)၊ မအေးမြတ်ဆု (မဟာဝိဇ္ဇာ၊ ဒုတိယနှစ်၊ အင်္ဂလိပ်စာ)၊ မသက်ဖူးလွင်(ပထမနှစ်၊ Hotel and Tourism)၊ မောင်ဝေယံမင်း(အမက-၃၊ ဗဟန်း)၊ မမေဘုန်းပြည့် (အမက-၃၊ ဗဟန်း)တို့၏ အဒေါ်သည် ၉-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏
ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်
သက်တော်(၁၀၆)နှစ်၊ သိက္ခာတော်(၈၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်သည် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၈ရက်) ၈-၃-၂၀၁၄ရက် (စနေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) ၁၆-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် မစိုးရိမ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာတော်များ
ဒါယကာ၊ဒါယိကာမများနှင့်
ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နိုင်ငံကျော် ဓမ္မကထိက ရွှေမြိုင်ဆရာတော်
ဦးသြဘာသာဘိဝံသ
သ·စ·အ ဓမ္မာစရိယ ဒီဃနိကာယ ပါဠိပါရဂူ
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၅)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကျိုက်သလ္လန်ဘုရား အနောက်ဘက်မုခ်အနီး ရွှေမြိုင်ထေရဝါသ ဝါးခယ်မကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက နိုင်ငံကျော် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ (သ·စ·အ ဓမ္မာစရိယ၊ ဒီဃနိကာယ ပါဠိပါရဂူ) သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၅)ဝါသည် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၇ရက်) ည ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၁၅ရက်) ၁၅-၃-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်၌ အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းမေ (ရွာသစ်ရပ်ကွက်၊ ဝါးခယ်မမြို့)
အသက်(၁၀၂)နှစ်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နေ ဦးအောင်ခင်-ဒေါ်ဝင်းဝင်းခိုင်တို့၏မိခင်၊ ကိုငြိမ်းဝင်းအောင်-မချိုသက်မွန်၊ ကိုကျော်ကိုကိုလင်း-မနှင်းပွင့်ခိုင်တို့၏အဘွား ဒေါ်အုန်းမေသည် ၉-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Petro Seven မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းရီ (ပုဇွန်တောင်) အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက်အမှတ် ၂၊ အခန်း ၃၀၂၊ လေးလွှာနေ (ဦးထွန်းရင်-ဒေါ်ရှင်)တို့၏သမီး၊ (ဦးစံဝင်း၊ ဗဟိုပုံနှိပ်စက်ရုံ)၏ ဇနီး၊ (ဦးထွန်းအောင်-ဒေါ်အေးချို)တို့ ၏ညီမ၊ (ဦးတင်အေး)၊ (ဒေါ်လှဆင်)၊ (ဦးညိုစိမ့်)၊ (ဦးစိန်ထွန်း-ဒေါ်လှကြည်)၊(ဦးဘစိန်-ဒေါ်အုန်းမြိုင်)၊ ဦးမြသန်း-ဒေါ်အုံးကြည်တို့၏ အစ်မ၊ (ဦးမျိုးအောင်)၊ ဦးမျိုးဝင်း-ဒေါ်သီတာရွှေ၊ ဦးမျိုးမြင့်အောင်(အလည၊ ငြိမ်း)၊ ဒေါ်ခင်အေးချစ်(မြန်မာ့အာမခံ၊ ငြိမ်း)၊ (ဦးစိန်ဝင်း)-ဒေါ်ခင်မာရီ(ကပရ၊ ဗဟိုပစ္စည်းထိန်း)၊ ဦးလှဝင်း(ရ/သုံးဦးစီး)၊ ဒေါ်ခင်ညိုညို(KBZ၊ ဗိုလ်တထောင်)၊ ဦးမျိုးသန့်(ဗဟိုပုံနှိပ် စက်ရုံ)၊ ဒေါ်ပြုံးပြုံးရီ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးတင်မောင်ဌေး (သစ်တော၊ ငြိမ်း၊ စာရင်းအင်း) -ဒေါ်ခင်နွဲ့(ထွေ/အုပ်)၊ဦးသန်းဝင်း(ခေတ္တ-USA)၊ ဒေါ်ထွေးထွေးခိုင်(မစဘ၊ တာမွေ)တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၉-၃-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁၀း၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဘရင် (ဦးဘရင်နှင့်သားများသံဆိုင်)
အသက်(၇၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဆုံကုန်းရွာနေ (ဦးဖိုးမြိုင်-ဒေါ်ငွေချယ်) တို့၏သား၊ (ဦးဝံသ-ဒေါ်ဖွားရှိန်) တို့၏သားသမက်၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၈လမ်း၊၇၆×၇၇လမ်းကြား၊ အမှတ် ၁၅၀နေ ဒေါ်ခင်ဆွေသန်း၊ ဦးမြင့်နိုင်-ဒေါ်စန်းစန်းအေး၊ ဦးမြင့်ဇော်အောင်-ဒေါ်သန္တာဦး၊ ဦးစိုးမြင့်-ဒေါ်မင်းမင်း၊ ဦးသန်းဌေးအောင်-ဒေါ်နှင်းနှင်းအေး၊ ဦးမြင့်သူ-ဒေါ်သန္တာအောင်၊ ဦးခင်မောင်ဌေး-ဒေါ်ထားထားအေး တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုး၊ ဒေါ်ခင်တင့်၏ခင်ပွန်းသည် ၉-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်(ဂူသွင်း)မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်ကြီး (တပ်ကြပ်ကြီး၊ ငြိမ်း)
အသက်(၇၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတောလေးကျေးရွာနေ (ဦးသက်ဖေ-ဒေါ်ခွေးငယ်)တို့၏သား၊ ဦးသောင်းနိုင်(အင်ဂျင်နီယာ/ပန်းလှိုင်ဂေါက်ကွင်း)-ဒေါ်နန်းစန္ဒာဝင်း (လက်ထောက်အထွေထွေမန်နေဂျာ၊ ငွေကြေးဌာန၊ ကမ္ဘောဇဘဏ်ရုံးချုပ်)၊ ဦးရဲကျော်စွာ-ဒေါ်စမ်းစမ်းမော်(ဓာတ်ခွဲမှူး/ဗဟို အမျိုးသမီးဆေးရုံကြီး)၊ ဒေါ်နန်းခင်ခင်ကြီး (မြန်မာ့စီးပွားရေးဘဏ်-၁)၊ ဦးမြတ်အောင်ကြီး(ABM-IBTC/MDY)-ဒေါ်သန်းသန်းစိန် (မြန်မာ့စီးပွားရေးဘဏ်-၃)တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပျံရပ်ကွက်၊ ၅၈လမ်း၊ ၂၉×၃၀လမ်းကြားနေ ဒေါ်နန်းကြည် (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ခင်ပွန်းသည် ၈-၃-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ငေါ်ဟွန်းတျန်း(ခ)ဦးဝင်းသိန်း
အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ(ဦးခိရာ)-ဒေါ်စန်းငှာ တို့၏သားကြီး၊သုံးဆယ်မြို့နေ(ဦးကွမ်းယား-ဒေါ်လီလေး)တို့၏သားသမက်၊ တိုက်ကြီးမြို့၊ဗောဓိကုန်းရပ်ကွက်၊ အမှတ် ၄၂၃၊ ပညာ့ဝတီလမ်းနေ ကိုအောင်တင့်ဇော်ဦး-မကြည်ကြည်စိုး၊ ကိုဝင်းလွင်-မမြတ်မြတ်သူ၊ ကိုကြည်လွင်၊ ကိုသန်းအောင်-မစုစု၊ မယုယုလွင်တို့၏ဖခင်၊ ဒေါ်သန်းသန်းဆွေ၏ခင်ပွန်းသည် ၉-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ အသိမိတ်ဆွေများအား အကြောင်းကြား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဦးတင်မြင့် (ကညွတ်ကွင်း)
(E/O UNITEAM MARINE)
အသက်(၆၃)နှစ်

ကညွတ်ကွင်းမြို့နေ (ဦးစိန်-ဒေါ်မှုန်)တို့၏သား၊ ရန်ကုန်မြို့၊ (ဦးထွန်းတင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၅၊ ပြည်ထောင်စုလမ်းသွယ်၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်မော်မော်ထွန်း၏ခင်ပွန်း၊ ဒေါ်ထိုက်တင်မြင့်-ဦးအောင်သူရ(C/O UNITEAM MARINE)၊ ဒေါ်စုမွန်တင်မြင့်(UNITEAM)-ဦးစိုးလှိုင်ဖြိုးဟန်တို့၏ဖခင်၊ မောင်မင်းသက်တန့်(TTC)၊ မောင်ခန့်ညီညာ(TTC)တို့၏အဘိုးသည် ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၄ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

